# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂) အမှတ် (၁၄၄)

Established in 1914

Myanma Alinn Daily

၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်

၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီ ၂၁ ရက်၊ ကြာသပတေးနေ့။


**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

မြန်မာနိုင်ငံ တောင်ပိုင်း ဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။

**သာယာမည်**

၂၁-၂-၂၀၁၃

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

# နိုင်ငံတော်အစိုးရနှင့်အတူ ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေး အင်တိုက်အားတိုက် ပူးပေါင်းပါဝင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ကယားပြည်နယ် လွိုင်ကော်မြို့၌ ရောက်ရှိနေသော ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အဖွဲ့ဝင်များသည် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၁၉ ရက် နံနက်ပိုင်းတွင် ဘီလူးချောင်း အမှတ်(၃) ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမော်သာထွေးနှင့် အနာဂတ်စွမ်းအား ကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်ဇော်နိုင်တို့က လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❐

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဘောလခဲမြို့နယ် ရွာသစ်-စွပ်ပိုင်လမ်းပေါ်ရှိ ပွန်ချောင်းတံတား(ဘောလခဲ) တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC)မှ နိုင်ငံရေးဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေး အချက် (၅)ချက်ပါ ပူးတွဲကြေညာချက်အား ထုတ်ပြန်ကြေညာ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့်ညီညွတ်သော တိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC) မှ နိုင်ငံရေးဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့တို့သည် ယနေ့နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်း ဦးစီး (၁၁)ဦး၊ ညီညွတ်သော တိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC) မှ နိုင်ငံရေးဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် နိုင်ဟံသာ၊ ဒုတိယအဖွဲ့ခေါင်းဆောင် ဒေါက်တာလဂျာအပါအဝင်အဖွဲ့ဝင် (၁၂) ဦးတို့ တက်ရောက်ခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် အချက် (၅)ချက်ပါပူးတွဲကြေညာချက်အား နှစ်ဖက်သဘောတူ ထုတ်ပြန်ခဲ့ကြသည်။

အဆိုပါ ပူးတွဲကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**ပူးတွဲကြေညာချက်**

၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်။

၁။ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်ရီ၊ ဦးအုန်းမြင့်၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး အပါအဝင် အဖွဲ့ဝင်(၁၁) ဦးသည် ညီညွတ်သော တိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC) မှ နိုင်ငံရေးဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် နိုင်ဟံသာ၊ ဒုတိယအဖွဲ့ခေါင်းဆောင် ဒေါက်တာလဂျာအပါအဝင် အဖွဲ့ဝင် (၁၂)ဦးနှင့် ပထမအကြိမ် နိုင်ငံရေးဆွေးနွေးပွဲများအတွက် ကြိုတင်ပြင်ဆင်သည့် Framework Meeting ကို ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ၉ နာရီမှ ၁၇ နာရီအထိ ကျင်းပခဲ့ကြပါသည်။

၂။ နှစ်ဖက်ဆွေးနွေးဖက်အဖွဲ့အစည်းများသည် အောက်ပါခေါင်းစဉ်များကို ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်းဆွေးနွေးခဲ့ကြပါသည်-

(က) နိုင်ငံရေးဦးတည်ချက်

(ခ) နိုင်ငံရေးဆွေးနွေးပွဲအတွက်လိုအပ်သောမူဘောင်

(ဂ) နိုင်ငံရေးဆွေးနွေးပွဲအတွက် လိုအပ်သောအချိန်ဇယား

(ဃ) နိုင်ငံရေးဆွေးနွေးပွဲတွင် ချမှတ်ရမည့်အစီအစဉ်များ ကြိုတင်ညှိနှိုင်းရေးဆွဲခြင်း

(င) နိုင်ငံရေးဆွေးနွေးပွဲအတွက်နေရာ

(စ) Mediator, Monitor, Observer နှင့်သက်သေများထားရှိနိုင်ရေး

(ဆ) တိုင်းရင်းသားလူမျိုးများ၏ ငြိမ်းချမ်းရေးဆိုင်ရာနိုင်ငံရေးလုပ်ငန်းစဉ်(၆)ချက်

(ဇ) အထွေထွေကိစ္စရပ်များ

၃။ အကြိုပြင်ဆင်ရေးကာလနှင့်နိုင်ငံရေးဆွေးနွေးပွဲဖြစ်စဉ်တစ်လျှောက်တွင် UNFC အဖွဲ့အစည်းများ၏နယ်မြေများအတွင်း လူသားချင်းစာနာမှုဆိုင်ရာ ကိစ္စများ၊ ပညာရေး၊ကျန်းမာရေးနှင့်အခြေခံစိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများတွင် ပြည်တွင်းနှင့်နိုင်ငံတကာမှ ပံ့ပိုးကူညီမှုများကို ဆက်လက်ဆောင်ရွက်နိုင်ရန် ဆွေးနွေးခဲ့ကြပါသည်။

၄။ နှစ်ဖက်အလုပ်အဖွဲ့များ(Technical Team)သည် အခါအားလျော်စွာ တွေ့ဆုံညှိနှိုင်းရန် ဆွေးနွေးခဲ့ကြသည်။

၅။ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို နှစ်လအတွင်းထပ်မံကျင်းပရန် နှစ်ဖက်သဘောတူညီခဲ့ကြပါသည်။

## ယနေ့ မာတိကာ


အသိပညာ၊ အတတ်ပညာများကို စာအုပ်စာပေများကသာ ရရှိမည်ဖြစ်၍ ကြီးငယ်မဟူ စာပေလေ့လာဖတ်ရှုမှုများ ပြုလုပ်ကြရမည်

ခေါင်းကြီး — စာ - ၂

ဖိလစ်ပိုင်နိုင်ငံ၌ အပူပိုင်းမုန်တိုင်း တိုက်ခတ်ခဲ့ — စာ - ၄

အိမ်သာတော့ ညှော်များလာကြလေပြီ — စာ - ၁၀

လာမည့်ကမ္ဘာ့ဖလားပြိုင်ပွဲ ဂိုးစည်းနည်းပညာသုံးမည် — စာ - ၁၃

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

### ကြီးငယ်မဟူ ပညာယူ

ကလောင်သွားသည် ဓားသွားထက် ထက်သည်ဟု ဆိုစမှတ်ပြုကြသည်။ စာပေသည် လူတို့၏စိတ်ကို လွှမ်းမိုးချုပ်ကိုင်နိုင်စွမ်းရှိသည်။ စိတ်၏စွမ်းအားကို ထက်မြက်စေသည်။ လူတို့ အသိပညာပေးရန်နှင့် စိတ်ဖျော်ဖြေမှုပေးရန် အကောင်းဆုံးသော ဆက်သွယ်ရေးကိရိယာတစ်ခုဖြစ်သည်။ စာဖတ်ခြင်းဖြင့် ပင်ကိုဉာဏ်ရရှိနိုင်ပြီး အကောင်းအဆိုး ဝေဖန်ပိုင်းခြားနိုင်သော စွမ်းအားများရရှိစေသည်။

စာဖတ်တတ်လျှင် စာတတ်သည်ဟု သာမန်အားဖြင့် ဆိုနိုင်သော်လည်း စာတတ်တိုင်း စာဖတ်တတ်သည်တော့မဟုတ်ပေ။ စာပေဖြင့် မိမိဘဝကို အကျိုးရှိမွန်မြတ်အောင် အသုံးချနိုင်ပါက စာဖတ်တတ်သည်ဟုဆိုနိုင်ပါသည်။ အကျိုးပြုသောစာပေကို ရွေးချယ်ဖတ်တတ်မှသာလျှင် စာဖတ်တတ်သည်ဟု ဆိုနိုင်ပါသည်။ စာဖတ်၍ ထူးကဲသောအကျိုးများ ခံစားရပါမှ စာဖတ်ရကျိုးနပ်ပါသည်။ ယင်းသို့သော စာပေများကို ရှာဖွေဖတ်ကြရမည်ဖြစ်သည်။

"လူကိုစိတ်ကချုပ်၏။ စိတ်ကို ဉာဏ်ပညာကချုပ်၏။ ဉာဏ်ပညာကို ဗဟုသုတကချုပ်၏။ သို့ဖြစ်၍ ဗဟုသုတဖြစ်အောင် စာအုပ်စာတမ်းအမျိုးမျိုးကို ဖတ်ကြကုန်လော့"ဟု ဆရာကြီးပီမိုးနင်းက ဆိုထားပါသည်။ စာပေအသိပညာရှင် အတတ်ပညာရှင်များသည် မိမိတို့၏ ဝါသနာ၊ စေတနာ၊ ယုံကြည်ချက်များအပေါ် အရင်းခံပြီး နှစ်ကာလပေါင်းများစွာ ရင်းနှီးပေးဆပ်ပြီး ရေးသားခဲ့ကြသော စာပေများဖြစ်သည်။ စာပေပညာရှင်ကြီးများ ရေးသားခဲ့သော စာများသည် တွေ့ကြုံခဲ့ရသော ဘဝရှုထောင့်အမျိုးမျိုးမှ ဘဝပေး အသိများ၊ အတွေးအခေါ်များကို မီးမောင်းထိုးပြထားသဖြင့် စာဖတ်သူတို့အတွက် အသိအလိမ္မာ၊ ဉာဏ်ပညာများကို ရရှိစေပြီး မိမိတို့၏ လမ်းကြောင်းမှန်ကို လမ်းညွှန်ပြသပေးသည်။

ဘဝတွင် အောင်မြင်မှုအတွက် အချိန်သည် တန်ဖိုးရှိသည်။ "အချိန်နှင့် ဒီရေသည် လူကိုမစောင့်"ဟူ၍ ဆိုစကားရှိသည်။ ကုန်လွန်ပြီးသောအချိန်ကို ပြန်လည်ရယူ၍မရ။ လူတိုင်းသည် မိမိတို့၏ အားလပ်သည့်အချိန်ကို အကျိုးမဲ့ဖြုန်းတီးခြင်းမပြုဘဲ စာပေဖတ်ရှုခြင်းဖြင့် ဘဝ၏တိုးတက်မှုအတွက် အသုံးချရမည်ဖြစ်သည်။ မိမိ၏စိတ်ဓာတ်ကို မိမိကိုယ်တိုင်သာ မြှင့်တင်နိုင်မည်ဖြစ်သည်။ အဓိကနှင့် သာမညကို ခွဲခြမ်းစိတ်ဖြာပြီး လုပ်သင့်လုပ်ထိုက်သည်ကို အောင်မြင်အောင် လုပ်ဆောင်ကြရမည်ဖြစ်သည်။ ယနေ့ လူငယ်များသည် လက်ဖက်ရည်ဆိုင်ထိုင်ခြင်း၊ ဂိမ်းကစားခြင်း၊ တီဗွီကြည့်ခြင်း၊ တယ်လီဖုန်းပြောခြင်း စသည်ဖြင့် တန်ဖိုးရှိသောအချိန်များကို အကျိုးမဲ့ဖြုန်းတီးပစ်ကြသည်။ နေ့စဉ်ဖြုန်းတီးခဲ့သည့် အချိန်နာရီများကို ပြန်လည်တွက်ကြည့်ပြီးလျှင် မိမိအတွက် ရရှိသော အကျိုးကျေးဇူး ဘာရှိသည်ကို ပြန်လည်သုံးသပ်ကြရမည်ဖြစ်သည်။

ယနေ့ကမ္ဘာ့နိုင်ငံများသည် သိပ္ပံနှင့် နည်းပညာများ တစ်နေ့တခြား တိုးတက်ပြောင်းလဲလျက်ရှိသည်။ သတင်းနှင့် ဆက်သွယ်ရေးနည်းပညာများလည်း အလျင်အမြန်ပြောင်းလဲတိုးတက်လျက်ရှိသည်။ တိုးတက်ပြောင်းလဲမှုများနှင့်အညီ ပြည်သူများသည် နား၊ မျက်စိများဖွင့်ထားကြရမည်ဖြစ်သည်။ နိုင်ငံတကာနှင့် ရင်ပေါင်တန်း အမီလိုက်နိုင်ရေးအတွက် အသိပညာ၊ အတတ်ပညာ၊ အတွေးအခေါ် ဗဟုသုတများ ပြည့်စုံနေကြရမည်ဖြစ်သည်။ ဘာသာရပ်များကို လေ့လာဆည်းပူးကြရမည်ဖြစ်သည်။ နိုင်ငံတော်သစ်ကို တည်ဆောက်နေချိန်တွင် ပညာတတ်များပေါ်များမှသာ တိုးတက်ပြောင်းလဲမည်ဖြစ်သည်။ အသိပညာ၊ အတတ်ပညာများကို စာအုပ်စာပေများကသာ ရရှိမည်ဖြစ်၍ ကြီးငယ်မဟူ စာပေလေ့လာဖတ်ရှုမှုများ ပြုလုပ်ကြရမည်ဖြစ်ပါကြောင်း။ ။

**ပြည်တွင်းသတင်း**

## ကလေးဦးနှောက်နှင့် အာရုံကြောရောဂါဆိုင်ရာ ဆေးပညာဆွေးနွေးပွဲဖွင့်ပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

မြန်မာနိုင်ငံတွင် ရောဂါဖြစ်ပွားသေဆုံးမှု၏ ၃၀ ရာခိုင်နှုန်းသည် မိခင်နှင့် ကလေးများဖြစ်ကြကြောင်း၊ ကုလသမဂ္ဂ၏ ထောင်စုနှစ်ရည်မှန်းချက် (MDG) (၆)ချက်တွင် ကျန်းမာရေးနှင့် သက်ဆိုင်သည့် ဦးစားပေးလုပ်ငန်းများအပြင် မိခင်နှင့်ကလေး သေဆုံးမှုနှုန်း ပိုမိုကျဆင်းရေးအတွက် စီမံကိန်းများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ မိခင်နှင့်ကလေး သေဆုံးနှုန်း ကျဆင်းရေးဆောင်ရွက်ရာ၌ အေအိုင်ဒီအက်စ်ရောဂါကျဆင်းရေးအတွက် ကမ္ဘာ့ရန်ပုံငွေအဖွဲ့မှ ရောဂါကြီးသုံးမျိုး တိုက်ဖျက်ရေးအပြင် မိခင်နှင့်ကလေးကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ရန်လည်း ပါဝင်လာကြောင်းဖြင့် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အလုံမြို့နယ် ပြည်ထောင်စုရိပ်သာလမ်းရှိ ကလေးဆေးရုံကြီး တိုးချဲ့ဆောင်သစ် အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံ ကလေးဆေးပညာအဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာ ကလေးဦးနှောက်နှင့် အာရုံကြောဆေးပညာအဖွဲ့ (International Child Neurology Association) တို့ ပူးပေါင်းဆောင်ရွက်သည့် ကလေးဦးနှောက်နှင့်အာရုံကြောရောဂါဆိုင်ရာ ဆေးပညာဆွေးနွေးပွဲ (Child Neurology Symposium) ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ကလေးများရောဂါဖြစ်ပွားမှုနှုန်းနှင့် သေဆုံးမှုနှုန်း ကျဆင်းရေးဆောင်ရွက်ရာ၌ ကလေးများတွင် နမိုးနီးယားရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါများ ဖြစ်ပွားမှုများကြောင်း၊ အဆိုပါရောဂါများ ဖြစ်ပွားမှု ကျဆင်းရေးအတွက် ပတ်ဝန်းကျင်သန့်ရှင်းရေး ကျန်းမာရေး လုပ်ငန်းကိုလည်း အဓိကထားလျက် ရေကောင်းရေသန့်ရရှိရေး၊ ယင်လုံအိမ်သာဆောက်လုပ်သုံးစွဲရေး၊ အစားအသောက် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးကို ဆောင်ရွက်နေကြကြောင်း။

ယခုကဲ့သို့ ကလေးဦးနှောက်နှင့် အာရုံကြောရောဂါဆိုင်ရာ ပညာပေးဟောပြောဆွေးနွေးပွဲကို ဆောင်ရွက်ခြင်းဖြင့် မိခင်နှင့်ကလေး သေဆုံးမှုနှုန်း ပိုမိုကျဆင်းရေးအတွက် ဆောင်ရွက်သည့် ကုလသမဂ္ဂ၏ ထောင်စုနှစ်ရည်မှန်းချက် (MDG) ပြည့်မီရေးအတွက် ဆောင်ရွက်သည့်လုပ်ငန်းတွင် အထောက်အကူပြု ပိုမိုအကျိုးရှိနိုင်ကြောင်း သိရှိရသည့်အတွက် ဝမ်းမြောက်ကြောင်း ပြောကြားသည်။

ယင်းနောက် ဆေးတက္ကသိုလ်(၁) ရန်ကုန် ကလေးဆေးပညာဌာန ပါမောက္ခ/ဌာနမှူး ဒေါက်တာစောဝင်းက အမှာစကားပြောကြားသည်။ အဆိုပါ ပညာပေးဟောပြောဆွေးနွေးပွဲတွင် အမေရိကန်၊ အင်္ဂလန်နှင့် စင်ကာပူနိုင်ငံတို့မှ ကလေးအထူးကု ဆရာဝန်ကြီးများ ဖြစ်ကြသည့် ပါမောက္ခနှင့် အထူးကုဆရာဝန်ကြီးများက နှစ်ရက်တိုင် ဆွေးနွေးဟောပြောပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## စစ်တွေမြို့ ဘုရားသိမ်တော်နှင့် သာသနာ့ဗိမာန်တော်ကြီး ရွှေသင်္ကန်းကပ်လှူ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ရခိုင်ပြည်နယ် စစ်တွေမြို့ လောကာနန္ဒာ စေတီတော်မြတ်ကြီး၊ စကြာမုနိဘုရားသိမ်တော်နှင့် မဟာဝေယန် သာသနာ့ဗိမာန်တော်ကြီးတို့အား ရွှေသင်္ကန်းကပ်လှူပြီးစီးခြင်း ရေစက်ချမင်္ဂလာ အခမ်းအနားကို ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၉ နာရီက လောကာနန္ဒာစေတီတော်ပရဝဏ်ရှိ မဟာဝေယန် သာသနာ့ဗိမာန်တော်၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဇနီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ စေတီတော် ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဧည့်သည်တော်များ တက်ရောက်ကြပြီး ဆရာတော်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြကာ နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ထင်သာမြင်သာ ပြုပြင်စရာ**

## အငှားယာဉ်ဆိုက်ကားလည်း စည်းကမ်းလိုက်နာဖို့လိုပါသည်

ယာဉ်စည်းကမ်းဖောက်ဖျက် ကျူးလွန်သော မော်တော်ယာဉ်များအား ပညာပေးကာလလွန်မြောက်ပြီးနောက် အရေးယူနိုင်ရန် ယာဉ်ထိန်းရဲအင်အားကို ရန်ကုန်မြို့တွင်း တိုးမြှင့်တာဝန်ချပေးထားခဲ့သည်။ တိုးချဲ့တပ်ဖွဲ့ဝင်များ၏ ကြိုးကြပ်မှုဖြင့် အတန်အသင့်ဆိုသကဲ့သို့ ယာဉ်စည်းကမ်းထိန်းသိမ်းပေးနိုင်သော်လည်း လစ်လျှင်လစ်သလို ယာဉ်စည်းကမ်းမလိုက်နာသူ၊ ယာဉ်စည်းကမ်းဖောက်ဖျက်သူ ယာဉ်မောင်းအချို့လည်း ရှိနေသေးသည်ကို ယနေ့တိုင် မြင်တွေ့နေရဆဲဖြစ်သည်။ မီးဝါ၊ မီးနီကိုလု၍ အတင်းကျော်တက်မောင်းနှင်သော ဘတ်စ်ကားကြီးများနှင့် ကိုယ်ပိုင်ယာဉ်များ၊ လမ်းဆုံလမ်းခွ မီးပွိုင့်ဧရိယာပါမချန် ခရီးသည်လက်တားလျှင် နောက်ကားကိုလုံးဝဂရုမစိုက်၊ လမ်းလယ်ကောင် ကားရပ်ကာ ခရီးသည်နှင့် ဈေးစကားပြောနေသော တက္ကစီအငှားယာဉ်များ၊ ယာဉ်မရပ်ရန် ဖြူနီကျား ဆေးရေးအမှတ်အသားပြုလုပ်ထားသည့် နေရာများနှင့် လမ်းဆုံလမ်းကွေ့နေရာများတွင်

ကားရပ်နားခွင့်မရှိသည်ကို ယာဉ်မောင်းသူတိုင်း သိရှိနားလည်သော်လည်း လိုက်နာမှုမရှိဘဲ ယာဉ်ရပ်နားထားခြင်းများ စသည့် စသည့် ပြောမဆုံးပေါင်များ၊ ရေးမဆုံးပေါင်များ ရှိနေဆဲ၊ မြင်တွေ့နေရဆဲဖြစ်သည်။

နောက်တစ်ချက်က အငှားယာဉ်(ဆိုက်ကား)များဖြစ်သည်။ သမ္မာအာဇီဝ ဆိုက်ကားနင်းစားခြင်းဖြစ်သော်လည်း သတ်မှတ်စည်းကမ်းကိုမူ လိုက်နာရန်လိုပါသည်။ ယာဉ်သွားယာဉ်လာ ထူထပ်များပြားသော ရန်ကုန်မြို့တွင်း နေရာအချို့ကို ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးအတွက် အငှားယာဉ်(ဆိုက်ကား)များ ဝင်ခွင့်မပြုဘဲ သက်ဆိုင်ရာက တားမြစ်ထားသည်။ ရန်ကုန်မြို့လယ်ကောင် အရှေ့ဘက်တွင် သိမ်ဖြူလမ်း၊ တောင်ဘက်တွင် ကမ်းနားလမ်း၊ အနောက်ဘက်တွင် လမ်းမတော်လမ်းနှင့် မြောက်ဘက်တွင် ဗိုလ်ချုပ်အောင်ဆန်းလမ်းတို့၏ ဧရိယာနယ်မြေအတွင်းဖြစ်သည်။ ယာဉ်စည်းကမ်းထိန်းသိမ်းကြပ်မတ်သူများက ယာဉ်ကိုသာ အဓိကထားပြီး အငှားယာဉ်ကို ဂရုမပြုနိုင်၍လားမသိ၊ နေ့ခင်းကြောင်တောင် အနော်ရထာလမ်းပေါ် ခရီးသည်တင်ဆိုက်ကားနင်းနေပုံ၊ မွန်းလွဲပိုင်းလောက်ဆိုလျှင် ပန်းဆိုးတန်းလမ်းနှင့် အနော်ရထာလမ်းထိပ် ယာဉ်ကြောကျပ်တည်းရှုပ်ထွေးနေစဉ် ဂိတ်ထိုးရပ်နားထားသော ဆိုက်ကားများ တွေ့နေရဆဲဖြစ်သည်။ ဖေဖော်ဝါရီ ၁၈ ရက် ညနေပိုင်းက ပန်းဆိုးတန်းလမ်းနှင့် မဟာဗန္ဓုလလမ်းဆုံ မီးပွိုင့်တွင် ဆိုက်ကားတစ်စီး ရပ်နားထားသည်ကို အတူလာ မိတ်ဆွေသတင်းထောက်က "ဟိုမှာရဲရှိတယ်၊ ဖမ်းလိမ့်မယ်"ဟု သတိပေးလိုက်သည်ကို ဆိုက်ကားနင်းသူက "အေးဆေးပဲ"ဟု လက်မြှောက်ပြ အဖြေပေး၍ ခရီးသည်အလာမျှော်ရင်း ဂိတ်ထိုးရပ်ထားသည်ကို ကိုယ်တိုင်မြင်တွေ့ ကြားသိလိုက်ရ၍ သူပြောသလို အေးဆေးစွာပဲ ဓာတ်ပုံမှတ်တမ်းတင်လိုက်ရပါသည်။ **(မောင်ကျောက်တံတား)**

ပြည်တွင်းသတင်း

ရှေ့ဖုံးမှ

ထို့နောက် တင်ပြချက်များအပေါ် ဒုတိယသမ္မတက သိရှိလိုသည်များကို မေးမြန်းရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်က ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဆောက်လုပ်ပြီးစီးသော ပင်မရေသွယ် ဥမင်လိုဏ်အတွင်း မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုကြသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ရေထိန်းကန်အထွက် (ဖိအားမြင့်ပိုက်လိုင်းအဝင်)မှနေ၍ ဓာတ်အားပေးစက်ရုံ (Power House)တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် အဆိုပါရေအား လျှပ်စစ်စီမံကိန်းမှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး ဘောလခဲမြို့ ဘုရင့်နောင်ခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား တွေ့ဆုံ၍ မိမိနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ ပါဝင်သောအဖွဲ့သည် ကယားပြည်နယ်ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းပေးနိုင်ရန် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ လိုအပ်ချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ဒေသ၏ လိုအပ်ချက်များကို တင်ပြကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူများက ဘောလခဲခရိုင် ဖွံ့ဖြိုးရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ သောက်သုံးရေရရှိရေး၊ ကျေးလက်မီးလင်းရေး၊ တယ်လီဖုန်းဆက်သွယ်မှု လွယ်ကူအဆင်ပြေရေး၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာ စသည့်လိုအပ်ချက်များကို တင်ပြကြသည်။

တင်ပြချက်များ အပေါ် ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်၊ ဒုတိယဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးတို့က သက်ဆိုင်ရာကဏ္ဍအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးရန် စီမံဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ ဒုတိယသမ္မတက တင်ပြချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် မြို့နယ်ပြည်သူများ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ရှင်းလင်းဆောင်ရွက်ပေးပြီး ဖြစ်ကြောင်း၊ အချို့ကိစ္စများမှာ မူဘောင်သတ်မှတ်ချက်များရှိ၍ သတ်မှတ်ချက်နှင့်ကိုက်ညီပါက ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ ဒေသ၏ အခြေခံအဆောက်အအုံအားလုံး ဆောင်ရွက်ပေးချင်သော်လည်း ဘဏ္ဍာရေး အခြေအနေအရ ဦးစားပေးလုပ်ငန်းများ ချမှတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြို့နယ်၏ အခြေခံအဆောက်အအုံများ ဆောင်ရွက်ရန်အတွက် မြို့နယ်၊ ရပ်ကွက် ကော်မတီများဖွဲ့စည်းပြီး ပြည်နယ်လွှတ်တော်နှင့် ပြည်နယ်အစိုးရအဖွဲ့သို့တင်ပြပြီး ဆောင်ရွက်နိုင်ပါကြောင်း၊ အဓိကပြောလိုသည်မှာ ဒေသဖွံ့ဖြိုးတိုးတက်ရန်အတွက် ငြိမ်းချမ်းရေးရရှိရန် အဓိက လိုအပ်သဖြင့် မိမိဒေသငြိမ်းချမ်းရေးရရှိရန် နိုင်ငံတော်အစိုးရနှင့်အတူ ဒေသခံပြည်သူများက အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဘောလခဲမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ထို့နောက် ဘောလခဲပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်းနှင့် လူနာဆောင်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယသမ္မတသည် ဘောလခဲမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုနှင့် ကွန်ပျူတာလက်တွေ့ခန်း၌ ကွန်ပျူတာပညာရပ် သင်ယူမှုတို့ကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးတည်ဆောက်ရေးအဖွဲ့(၄)က တာဝန်ယူတည်ဆောက်လျက်ရှိသည့် ဘောလခဲမြို့နယ် ရွာသစ်-စွပ်ပိုင်လမ်းပေါ်ရှိပွန်ချောင်းတံတား(ဘောလခဲ) တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိပြီး တံတားတည်ဆောက်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဘောလခဲမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ရေးဟောင်းသမိုင်းဝင် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်သို့ ရောက်ရှိကြသည်။

ထို့နောက် ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများသည် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်လုံးတော်မြတ်အားရွှေသင်္ကန်းကပ်လှူပူဇော်ကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး ကရင်ပြည်နယ် ဘားအံမြို့သို့ ရောက်ရှိကြသည်။

ထို့နောက် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများအားတွေ့ဆုံ၍ မိမိတို့အဖွဲ့အနေဖြင့် ကရင်ပြည်နယ်ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးသင့်သည်များကို ဖြည့်ဆည်းနိုင်ရန်လာရောက်ခဲ့ခြင်း ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူများနှင့် လွှတ်တော်ကိုယ်စားလှယ်တို့က ဒေသဖွံ့ဖြိုးရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စက်မှုဇုန်ပေါ်ပေါက်ရေး၊ လျှပ်စစ်ဓာတ်အားပိုမိုရရှိရေး၊ စိုက်ပျိုးရေးကဏ္ဍများတွင် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးရန် စီစဉ်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ဒုတိယသမ္မတက တင်ပြချက်များနှင့်စပ်လျဉ်း၍ မိမိနိုင်ငံမှ ထွက်ကုန်များကို ကုန်ကြမ်းအဖြစ်ထက် ကုန်ချောပြုလုပ်ပြီး တင်ပို့ပါက ပိုမိုအမြတ်အစွန်းရရှိလာနိုင်ပြီး ဖွံ့ဖြိုးသောနိုင်ငံအဖြစ် ဖြစ်ပေါ်လာမှာဖြစ်ကြောင်း။

ယနေ့ ကရင်ပြည်နယ်အနေဖြင့် အိမ်နီးချင်းထိုင်းနိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေး တိုးတက်လာပါက ဤဒေသလည်း ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း၊ ထို့အပြင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် တိုက်တွန်းလိုပါကြောင်း၊ ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရန်မှာ ငြိမ်းချမ်းရေးရရှိမှုသည် အဓိကကျသဖြင့် ယခုရရှိပြီးဖြစ်သော ယာယီငြိမ်းချမ်းရေးကို ထာဝရငြိမ်းချမ်းရေးရရှိအောင် ပြည်သူများအားလုံးက နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတ၊ ဇနီးနှင့် အဖွဲ့ဝင်များသည် ဘားအံမြို့ပေါ်ရှိ ရွှေယဉ်မျှော် ပြည်တော်ဧစေတီရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်နှင့် သေဌမာန်အောင် ဘုရားကြီးရုပ်ပွားတော်မြတ်တို့အား ဖူးမြော်ကြည်ညိုပြီး အလှူတော်ငွေများကို ပေးအပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

# ကမ်းလွန်သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

မြန်မာနိုင်ငံ မုတ္တမပင်လယ်ပြင်၌ ပြင်သစ်နိုင်ငံ Total E & P Myanmar ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်နေသော ကမ်းလွန်ရတနာ သဘာဝဓာတ်ငွေ့စီမံကိန်း၏ ထုတ်လုပ်ရေးစင်(Production Platform)သို့ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထင်အောင်သည် ဖေဖော်ဝါရီ ၁၆ ရက် နံနက်ပိုင်းတွင် သွားရောက်စစ်ဆေးပြီး လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ သတ်မှတ်အချိန်ဇယားအတိုင်းပြီးစီးရေး၊ ထုတ်လုပ်ရေးစင်၏ ကြံ့ခိုင်မှုကို စနစ်တကျ အချိန်မှန်မှန် ဆောင်ရွက်ရေး၊ မြန်မာဝန်ထမ်းများ၏ အရည်အသွေးမြှင့်တင်ရေးတို့ကို မှာကြားသည်။ ဆက်လက်၍ တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် ကန်ဘောက်ဒေသရှိ Total E & P Myanmar ကုမ္ပဏီမှ ဆောင်ရွက်နေသည့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဗဟိုထိန်းချုပ်စခန်း (Pipeline Center) သို့ သွားရောက်စစ်ဆေးပြီး လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ မီးဘေးအန္တရာယ် သတိပြုရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် ဒေသခံများ၏ စားဝတ်နေရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လူမှုစီးပွားကဏ္ဍများအား ပိုမိုဆောင်ရွက်ပေးရေး၊ လူမှုစီးပွားကဏ္ဍတွင် ပံ့ပိုးကူညီဆောင်ရွက်မှုများကို ပိုက်လိုင်းဒေသတစ်လျှောက်ရှိ ဒေသခံများမှ ပူးပေါင်းပါဝင်ဆောင်ရွက်လာအောင် ပိုမိုစည်းရုံးဆောင်ရွက်ရေး၊ မြန်မာဝန်ထမ်းများ၏ အရည်အသွေးမြှင့်တင်ရေး၊ မြန်မာဝန်ထမ်းများအား နိုင်ငံခြားသား ဝန်ထမ်းများနှင့် အရည်အချင်း၊ အဆင့်တူညီပါက တန်းတူအခွင့်အရေးရရှိရေး စသည်တို့ကို မှာကြားသည်။

ဒုတိယဝန်ကြီး ဦးထင်အောင် မြန်မာ-ထိုင်း နှစ်နိုင်ငံနယ်စပ်ရှိ ရတနာသဘာဝ ဓာတ်ငွေ့မြေမှ ထိုင်းနိုင်ငံသို့ သဘာဝ ဓာတ်ငွေ့တင်ပို့သည့် ဓာတ်ငွေ့ထိန်းသိမ်း၊ ပို့လွှတ်တိုင်းတာရေးစခန်း (Metering Station) ၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဒုတိယဝန်ကြီးသည် ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းတွင် ရတနာသဘာဝဓာတ်ငွေ့စီမံကိန်း ဓာတ်ငွေ့ထုတ်လုပ်ရေးစင်မှ ကုန်းတွင်းသို့သွယ်တန်းထားသည့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း စတင်ဖြတ်သန်းသည့်နေရာ (Landfall)၊ ရေလှိုင်းတိုက်စားမှုကြောင့် ကမ်းပါးပြိုခြင်းကို ပြင်ဆင်ဆောင်ရွက်နေမှု၊ ဒေသတွင်းလူမှုစီးပွား ကဏ္ဍများတွင် Total E & P Myanmar ကုမ္ပဏီမှ ပံ့ပိုးကူညီမှုဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများတွင် ငွေကြေးနှင့်နည်းပညာ ပံ့ပိုးဆောင်ရွက်မှုများ၊ လမ်း၊ တံတားပြုပြင်မှုများ၊ မြန်မာ-ထိုင်း နှစ်နိုင်ငံနယ်စပ်ရှိ ရတနာသဘာဝဓာတ်ငွေ့မြေမှ ထိုင်းနိုင်ငံသို့ သဘာဝဓာတ်ငွေ့တင်ပို့သည့် ဓာတ်ငွေ့ထိန်းသိမ်း၊ ပို့လွှတ်တိုင်းတာရေးစခန်း (Metering Station) နှင့် ပိုက်လိုင်းလုံခြုံရေးဆောင်ရွက်နေမှုတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



နိုင်ငံတကာသတင်း

## ဆီးရီးယားအစိုးရတပ် ဒုံးကျည်ပစ်ခတ်မှု ပြည်သူ ၃၁ ဦးသေဆုံး

အလီပို ဖေဖော်ဝါရီ ၂၀

ဆီးရီးယားနိုင်ငံအတွင်း စစ်တပ်၏ဒုံးကျည်ဖြင့် ပစ်ခတ်မှုကြောင့် ပြည်သူ ၃၁ ဦး အနည်းဆုံးသေဆုံးကြောင်း မျက်မြင်သက်သေများနှင့် တက်ကြွလှုပ်ရှားသူများက ပြောသည်။

သူပုန်များစီးနင်းထားရာ ရောဘဲလ်ဘာဒရိုခရိုင်အတွင်း ဒုံးကျည်ပစ်ခတ်ခံရခြင်းဖြစ်ကြောင်း၊ အဆောက်အအုံတချို့ ပျက်စီးကြောင်း ဘီဘီစီသတင်းတွင် ဖေဖော်ဝါရီ ၁၉ ရက်က ဖော်ပြသည်။

အဆောက်အအုံ အပျက်အစီးများအောက်တွင် သေဆုံးသူများစွာ ရှိနေဦးမည်ဟု ဒေသခံများက စိုးရိမ်စွာပြောကြားကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။

**ဖြေရှင်းခြင်းမရှိ**

ယခုအရေးကိစ္စကို ဆီးရီးယားအစိုးရဘက်က တစ်စုံတစ်ရာကိုင်တွယ်ဖြေရှင်းခြင်းမရှိဟုလည်း ဆိုသည်။ဆီးရီးယားနိုင်ငံအတွင်း သမ္မတဘာရှာအယ်အာဆတ်အား ဆန့်ကျင်သည့် ဆူပူအုံကြွမှုများ ၂၀၁၁ ခုနှစ် မတ်လအတွင်း စတင်ပြီးနောက် ပဋိပက္ခများအတွင်း သေဆုံးခဲ့သူပေါင်းမှာ ၇၀၀၀၀ နီးပါးရှိသွားပြီဖြစ်ကြောင်း ကုလသမဂ္ဂက ပြောကြားခဲ့သည်။ **(ဘီဘီစီ)**

တူနီးရှားဝန်ကြီးချုပ် ဟာမာဒီ ဂျာဘလီ

## တူနီးရှားဝန်ကြီးချုပ် ဟာမာဒီဂျာဘလီ ရာထူးမှ နုတ်ထွက်လိုက်ပြီ

တူးနစ် ဖေဖော်ဝါရီ ၂၀

တူနီးရှားဝန်ကြီးချုပ် ဟာမာဒီ ဂျာဘလီသည် အစိုးရသစ်တစ်ရပ်ဖွဲ့စည်းရာတွင် သဘောတူထောက်ခံချက်ရရှိရန် မအောင်မမြင်ဖြစ်ခဲ့ပြီးနောက် ရာထူးမှနုတ်ထွက်သွားခဲ့ကြောင်း ဖေဖော်ဝါရီ ၂၀ ရက်က ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ဝန်ကြီးချုပ်မစ္စတာ ဂျာဘလီသည် အတိုက်အခံခေါင်းဆောင် ချိုကရီဘီလိတ် သေဆုံးခြင်းဖြင့် နိုင်ငံရေးအကျပ်အတည်း ပုံ့နှံ့မှုကို ဖြေရှင်းရာတွင် ယာယီညွန့်ပေါင်းအစိုးရအဖွဲ့သစ်တစ်ရပ်ကို ဖွဲ့စည်းရန် ကြိုးစားနေခဲ့ခြင်းဖြစ်သည်။

၎င်း၏အစ္စလာမ့်အင်နာဟ်ဒါပါတီအနေဖြင့် အစိုးရသစ်ဖွဲ့စည်းမည့်အစီအစဉ်အတွက် ထောက်ခံမှုမရှိခဲ့လျှင် ရာထူးမှ နုတ်ထွက်မည်ဟု ဂျာဘလီက ပြောကြားခဲ့သည်။

ဖေဖော်ဝါရီ ၆ ရက်က အတိုက်အခံခေါင်းဆောင် မစ္စတာဘီလိတ် လုပ်ကြံသတ်ဖြတ်ခံရမှုသည် တူနီးရှားညွန့်ပေါင်းအစိုးရအဖွဲ့မှ နုတ်ထွက်သွားခြင်းနှင့် ပြည်သူလူထု၏ ကန့်ကွက်မှုများမှ စတင်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

မိမိ၏ကနဦးခြေလှမ်း မအောင်မြင်ခဲ့လျှင် မိမိအနေဖြင့် ရာထူးမှ နုတ်ထွက်မည်ဟု သန္နိဋ္ဌာန်ချထားခြင်းကြောင့် ယခုကဲ့သို့နုတ်ထွက်လိုက်ခြင်းဖြစ်ကြောင်း သမ္မတမွန်ဆပ်မာဇိုကီနှင့် အစည်းအဝေးပြုလုပ်ပြီးနောက် သတင်းစာ ရှင်းလင်းပွဲတစ်ရပ်တွင် မစ္စတာဂျာဘလီက ပြောကြားခဲ့ခြင်းဖြစ်သည်။ **(ဘီဘီစီ)**

တင်မောင်လွင်-စုစည်းသည်

## ကီလိုမီတာ ၃၀၀၀ အကွာအထိ ဖမ်းယူနိုင်သော ရေဒါစနစ်များ အီရန်ထုတ်လုပ်ဟု အီရန်ကာကွယ်ရေးဝန်ကြီးပြောကြား

တီဟီရန် ဖေဖော်ဝါရီ ၂၀

**ကီလိုမီတာ ၃၀၀၀ အကွာအဝေးအထက်ကို လွှမ်းခြုံနိုင်စွမ်းရှိသော ဘက်စုံသုံးတာဝေးရေဒါစနစ်ကို အီရန်နိုင်ငံက ထုတ်လုပ်လျက်ရှိကြောင်း အီရန်ကာကွယ်ရေးဝန်ကြီး ဗိုလ်မှူးချုပ်အာမက်ဗာဟီဒီ၏ ပြောကြားချက်ကို ဖေဖော်ဝါရီ ၂၀ ရက်က ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။** (အောက်ပုံ)

**ပြောကြားခဲ့**

အီရန်နိုင်ငံအနေဖြင့် ကီလိုမီတာ ၅၀၀ မှ ၇၀၀ အကွာအဝေးကို လွှမ်းခြုံဖမ်းယူနိုင်သည့် ရေဒါများကို ထုတ်လုပ်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ကီလိုမီတာ ၁၀၀၀ မှ ၃၀၀၀ အကွာအဝေးကို လွှမ်းခြုံဖမ်းယူနိုင်သည့် ရေဒါသစ်များကို တည်ဆောက်နေကြောင်း ဗာဒီဟီက ဖေဖော်ဝါရီ ၁၉ ရက်တွင် ပြောကြားခဲ့သည်။

ပြည်တွင်းဖြစ် ရေဒါအချို့ကို ထောက်လှမ်းရေး ဂြိုဟ်တုများတွင် အသုံးပြုသွားမည်ဖြစ်ကြောင်းလည်း အီရန်ကာကွယ်ရေးဝန်ကြီးက ဆက်လက်ပြောကြားခဲ့သည်။

အီရန်နိုင်ငံသည် မကြာမီလများတွင် ရေဒါများ၊ ရေယာဉ်များ၊ စက်လှေများနှင့် ရေငုပ်သင်္ဘောများကို ကာကွယ်ရေးကဏ္ဍသစ်အနေဖြင့် ပြသတော့မည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

**ပြသတော့မည်**

အီရန်နိုင်ငံသည် ဘက်စုံသုံးတိုက်လေယာဉ်နှင့် မောင်းသူမဲ့ကင်းထောက်လေယာဉ်များကို မကြာမီအချိန်တွင် နိုင်ငံ၏ကာကွယ်ရေးစွမ်းအားကို တိုးမြှင့်သည့်အနေဖြင့် ပြသနိုင်တော့မည်ဖြစ်ကြောင်း ဗာဟီဒီက စောစောပိုင်းက ပြောကြားခဲ့သည်။ **(ပရက်စ်တီဗွီ)**

## ဖိလစ်ပိုင်နိုင်ငံ၌ အပူပိုင်းမုန်တိုင်းတိုက်ခတ်ခဲ့

မနီလာ ဖေဖော်ဝါရီ ၂၀

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းတွင် အပူပိုင်းမုန်တိုင်းတစ်ခု တိုက်ခတ်ခဲ့မှုကြောင့် လူတစ်ဦးသေဆုံးခဲ့ရကြောင်း ဖေဖော်ဝါရီ ၁၉ ရက်က တာဝန်ရှိသူများ၏ ပြောကြားချက်ကို ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အပူချိန်မြင့်မားမှုကြောင့် လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်ကာ မုန်တိုင်းဖြစ်ပေါ်ခဲ့ပြီး ဖေဖော်ဝါရီ ၁၈ ရက်က မိုးသည်းထန်စွာရွာသွန်းကာ ရုတ်တရက်လှိုင်းကြီးမှုများလည်း ဖြစ်ပေါ်ခဲ့သည်။ အဆိုပါမုန်တိုင်းအတွင်း၌ ကန်ပို့စ်တီလာဘာလီပြည်နယ် နယူးဘာတင်မြို့၌ လူတစ်ဦးသေဆုံးခဲ့သည်ဟု ၎င်းမြို့ရှိ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ယင်းမုန်တိုင်းဖြစ်ပေါ်ခဲ့မှုကြောင့် ရေကြီးမှုများ ဖြစ်ပေါ်ခဲ့ရာမှ ရွာငါးရွာတွင် ဒူးဆစ်အထိရေမြုပ်ခဲ့သည်။ တောင်ပြိုကျမှုများလည်း ဖြစ်ပေါ်ခဲ့ပြီး အနည်းဆုံးယာမြေ ခြောက်ဟက်တာနှင့် နေအိမ် ၃၃ လုံး ပျက်စီးခဲ့ရသည်။ အသေအပျောက်နှင့် ထိခိုက်သူဦးရေ မများကြောင်း၊ တောင်ပြိုမှုများဖြစ်သဖြင့် မိသားစု ၃၃ စုကို ကယ်ဆယ်ထားရကြောင်း ဒါဘတ်ပြည်နယ်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

## ယီမင်စစ်လေယာဉ် လူနေရပ်ကွက်ပေါ်ပျက်ကျ

ဆာနာ ဖေဖော်ဝါရီ ၂၀

ယီမင်နိုင်ငံ မြို့တော်ဆာနာရှိ လူနေရပ်ကွက်တစ်ခုပေါ်သို့ ယီမင်စစ်ဘက်လေယာဉ်တစ်စင်း ပျက်ကျခဲ့ရာ အနည်းဆုံး ၁၁ ဦးသေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာလုံခြုံရေးတပ်ဖွဲ့သတင်းဌာနများ၏ပြောကြားချက် အရသိရသည်။ အဆိုပါလေယာဉ်သည် ဆာနာမြို့ ချန်ဂီရင်ပြင်အနီး အယ်လ်ကာဒစ်စီယာခရိုင်အတွင်းရှိ လူနေရပ်ကွက်ပေါ်သို့ ဖေဖော်ဝါရီ ၁၉ ရက်က ပျက်ကျခဲ့ကြောင်း၊ လေယာဉ်ပျက်ကျမှုကြောင့် လူပေါင်းများစွာဒဏ်ရာရခဲ့ကြောင်း လုံခြုံရေးသတင်းဌာနများက ပြောကြားသည်။

၎င်းလေယာဉ်ပျက်ကျမှုတွင် **(အောက်ပုံ)** နေအိမ်နှစ်လုံး ပျက်စီးခဲ့ကြောင်း၊ လေယာဉ်မှူးနှင့် မြေပြင်ရှိ အရပ်သား ၁၀ ဦးတို့ သေဆုံးခဲ့ကြောင်း၊ သေဆုံးသူများမှာ အမျိုးသမီးများနှင့်ကလေးများဖြစ်ကြောင်း ဆေးတပ်ဖွဲ့က ပြောကြားသည်။ **(ပရက်စ်တီဗွီ)**

သတင်းဆောင်းပါးနှင့် ကြော်ငြာ

# ပျောက်ဆုံးနေသောမြန်မာသင်္ဘောသားများကိုရှာဖွေနေ ရရှိသည့်အကျိုးခံစားခွင့်များကို ကူညီဆောင်ရွက်ပေးသွားမည်

အမေး
အရေး
မောင်မောင်မြင့်ဆွေ

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

ယခုရက်ပိုင်း၌ ပြည်သူများစိတ်ဝင်စားနေသည့် သတင်းမှာ မြန်မာသင်္ဘောသားများ လိုက်ပါသွားသည့် ကုန်တင်သင်္ဘောတစ်စင်း ဖိလစ်ပိုင်နိုင်ငံ ပန်ဂါစီနန် ပြည်နယ်ကမ်းလွန်၌ နစ်မြုပ်ခဲ့သည့်သတင်းဖြစ်သည်။ နိုင်ငံပိုင်သတင်းစာများတွင်လည်း ပျောက်ဆုံးနေသော သင်္ဘောသားများ၊ ကယ်ဆယ်ရရှိသော သင်္ဘောသားများနှင့် သေဆုံးသောသင်္ဘောသားတစ်ဦးတို့၏ အမည်များကို ဖော်ပြခဲ့ပြီးဖြစ်သည်။

ယင်းဖြစ်ရပ်နှင့်ပတ်သက်သည့် နောက်ဆက်တွဲ အဖြစ်အပျက်နှင့်ဆောင်ရွက်နေမှုများကို မြန်မာ့အလင်း သတင်းအဖွဲ့က မြန်မာနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ သင်္ဘောသား အလုပ်အကိုင်ကြီးကြပ်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးသောင်းကြိုင်ထံ သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။

MV. HARITY BAUXITE သင်္ဘောကို မနစ်မြုပ်မီက တွေ့ရစဉ်။

**မေး ။ သင်္ဘောနစ်မြုပ်မှုမှာ ပါဝင်သွားတဲ့ မြန်မာသင်္ဘောသားတွေရဲ့ နောက်ဆုံးအခြေအနေကို ရှင်းပြပေးလိုပါတယ်။**

ဖြေ ။ ပျောက်ဆုံးနေတဲ့သင်္ဘောသားတွေကို ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်ဖွဲ့ ရေယာဉ်တွေက လိုက်လံရှာဖွေနေပါတယ်။ ကယ်ဆယ်ရရှိထားတဲ့ သင်္ဘောသားကိုးဦးကိုတော့ ပထမကယ်ဆယ်ရေးစခန်းမှာထားရှိပြီး အခုအချိန်မှာတော့ GND OF THE ROAD INN ဟိုတယ်မှာ ပြောင်းရွှေ့ထားပါတယ်။ ဒဏ်ရာရရှိတဲ့ မြန်မာသင်္ဘောသားနှစ်ဦးကိုလည်း ဆေးရုံမှာ လိုအပ်တဲ့ ဆေးစစ်မှုနဲ့ ဓာတ်မှန်ရိုက်မှုတွေပြုလုပ်ပြီးပါပြီ သူတို့နှစ်ဦးရဲ့ ကျန်းမာရေးအခြေအနေက ပုံမှန်အတိုင်း ကောင်းမွန်နေပါတယ်လို့ သိရပါတယ်။

**မေး ။ အဲဒီသင်္ဘောကုမ္ပဏီနဲ့ နေ့စဉ် အဆက်အသွယ်ရှိပါသလား။ ဘယ်လိုဆောင်ရွက်မှုတွေပြုလုပ်နေသလဲဆိုတာလည်း သိလိုပါတယ်။**

ဖြေ ။ နစ်မြုပ်သွားတဲ့ သင်္ဘောက MV. HARITY BAUXITE အမည်ရှိပြီး စင်ကာပူနိုင်ငံက သင်္ဘောဖြစ်ပါတယ်။ အဲဒီသင်္ဘောကုမ္ပဏီနဲ့ နေ့စဉ်ချိတ်ဆက်ပြီး လိုအပ်တဲ့ဆောင်ရွက်မှုတွေ ပြုလုပ်နေပါတယ်။ အခုလောလောဆယ်မှာတော့ သေဆုံးသွားတဲ့ မြန်မာသင်္ဘောသား ဦးမြင့်အောင်ရဲ့ရုပ်အလောင်းကို မိသားစုရဲ့ ဆန္ဒအရ သဂြိုဟ်ဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။ ဒါ့အပြင် ကယ်ဆယ်ရရှိပြီး ဟိုတယ်မှာထားရှိတဲ့ မြန်မာသင်္ဘောသားတွေ ပြန်လာဖို့ လိုအပ်တဲ့ နိုင်ငံကူးလက်မှတ်နဲ့ အထောက်အထားတွေ ရရှိဖို့အတွက် ဖိလစ်ပိုင်မှာရှိတဲ့ မြန်မာသံရုံးနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ ပြုလုပ်နေပါတယ်။

**မေး ။ အဲဒီသင်္ဘောပေါ်မှာ အလုပ်လုပ်နေကြတဲ့ မြန်မာသင်္ဘောသားတွေရဲ့ တာဝန်ထမ်းဆောင်ကာလ ဘယ်လောက်ရှိနေကြပြီလဲဆိုတာလေး သိပါရစေ။**

ဖြေ ။ နိုင်ငံခြားသင်္ဘောတွေပေါ် အလုပ်လုပ်ကြတဲ့အခါ သင်္ဘောသားတွေ အားလုံးဆင်း၊ အားလုံးတက်ပုံစံမျိုးတော့ မဟုတ်ပါဘူး။ စာချုပ်ကာလ သက်တမ်းစေ့ရင် သင်္ဘောပေါ်ကဆင်းရပါတယ်။ အဲဒီအချိန်မှာ အသစ်တက်မယ့် သင်္ဘောသားတွေက အစားထိုးတာဝန်ထမ်းဆောင်တဲ့ သဘောပါ။ အခု ဒီသင်္ဘောမှာ မြန်မာသင်္ဘောသားတွေ အနေနဲ့ တက်ရောက်တာဝန်ထမ်းဆောင်တာဆိုရင် ၂၀၁၂ ခုနှစ် မေလ ၇ ရက်မှာ သုံးဦး၊ ၂၀၁၂ ခုနှစ် မေလ ၁၇ ရက်မှာ နှစ်ဦး၊ ၂၀၁၂ ခုနှစ် စက်တင်ဘာ ၆ ရက်မှာ ၁၄ ဦး၊ ၂၀၁၂ ခုနှစ် အောက်တိုဘာ ၃၁ ရက်မှာ သုံးဦးနဲ့ ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁၃ ရက်မှာ နှစ်ဦးတို့ဖြစ်ပြီး စုစုပေါင်း မြန်မာသင်္ဘောသား ၂၄ ဦးတို့ တက်ရောက်တာဝန်ထမ်းဆောင်ခဲ့ကြတာ ဖြစ်ပါတယ်။

**မေး ။ ဒီလို နိုင်ငံတကာသင်္ဘောတွေပေါ်မှာ တာဝန်ထမ်းဆောင်တဲ့အခါ သင်္ဘောသားတွေ တာဝန်ထမ်းဆောင်တဲ့ အချိန်ကာလကို ဘယ်လိုပုံစံမျိုး သတ်မှတ်ထားလဲဆိုတာ သိလိုပါတယ်။**

ဖြေ ။ ဒါကတော့ သင်္ဘောကုမ္ပဏီတွေနဲ့ သဘောတူကန်ထရိုက်စာချုပ်တွေနဲ့ချုပ်ဆိုပြီး သင်္ဘောတက်ကြတာပါ။ ဒါကလည်း နိုင်ငံတကာမှာ ကျင့်သုံးနေတဲ့စနစ်နဲ့အညီ စာချုပ်ချုပ်ဆိုလုပ်ကိုင်ကြတာဖြစ်ပါတယ်။ ဒီလိုသင်္ဘောတွေပေါ်မှာ တာဝန်ထမ်းဆောင်တဲ့အခါအရာရှိကြီး၊ အရာရှိငယ်နဲ့ သင်္ဘောသားတွေအနေနဲ့ တာဝန်ထမ်းဆောင်ကြရတဲ့ အချိန်ကာလမတူညီကြပါဘူး။ သင်္ဘောအရာရှိကြီးတွေဖြစ်တဲ့ ရေယာဉ်မှူးကြီးနဲ့ သင်္ဘောအင်ဂျင်နီယာမှူးကြီးတွေဆိုရင် လေးလကန်ထရိုက်စာချုပ်နဲ့ သင်္ဘောတက်ရောက်တာဝန်ထမ်းဆောင်ကြပါတယ်။ အရာရှိငယ်တွေ ဆိုရင်လည်း ခြောက်လ၊ ရှစ်လ၊ ၁၀ လကန်ထရိုက်စာချုပ်တွေနဲ့ တာဝန်ထမ်းဆောင်ကြတာပါ၊ အများဆုံးအချိန်ကာလကတော့ တစ်နှစ်ပါပဲ။ သင်္ဘောကုမ္ပဏီတွေရဲ့စည်းကမ်းစနစ်အတိုင်းစာချုပ်ချုပ်ပြီး တက်ရောက်တာဝန်ထမ်းနေကြခြင်း ဖြစ်ပါတယ်။

**မေး ။ အခုနစ်မြုပ်သွားတဲ့ သင်္ဘောမှာ တာဝန်ထမ်းဆောင်နေတဲ့ မြန်မာသင်္ဘောသားတွေရဲ့ အကျိုးခံစားခွင့်တွေက ဘယ်လိုအနေအထားမျိုးရှိနိုင်မလဲဆိုတာ ရှင်းပြပေးပါဦး။**

ဖြေ ။ သင်္ဘောတစ်စင်း ပင်လယ်ပြင်ကို ထွက်ခွာတဲ့အခါ အာမခံစနစ်တွေ ထားရှိကြပါတယ်။ ဒါကလည်း သက်ဆိုင်ရာ အာမခံကုမ္ပဏီတွေနဲ့ချိတ်ဆက်ထားရှိခြင်းဖြစ်ပါတယ်။ ဒါကြောင့် သင်္ဘောတွေကို သက်ဆိုင်ရာက စိစစ်ပြီးမှ ထွက်ခွင့်ပြုတာပါ။ အခုလို အဖြစ်အပျက်မျိုးမှာ ဒဏ်ရာရရှိပြီး အသက်ရှင်သူတွေအနေနဲ့ ကိုယ်ပိုင်ပစ္စည်းတွေ ဆုံးရှုံးမှုကြောင့် စာချုပ်ပါအတိုင်း လျော်ကြေးရရှိမှာဖြစ်ပါတယ်။ ဒီလိုအခြေအနေမျိုးမှာ အလုပ်ဆက်လုပ်လို့ မရတဲ့အတွက် စာချုပ်ပါအချက်အလက်အတိုင်း လုပ်ခလျော်ကြေးငွေ ရရှိမှာဖြစ်ပါတယ်။ ထိခိုက်ဒဏ်ရာရရှိတဲ့ သင်္ဘောသားတွေက ဆေးကုသခွင့်နဲ့ ဆေးခွင့်လစာခံစားခွင့်တွေရရှိမှာဖြစ်တဲ့အပြင် ဒဏ်ရာရရှိမှု အခြေအနေအလိုက် ကုမ္ပဏီနဲ့ စာချုပ်အတိုင်း လျော်ကြေးငွေရရှိမှာ ဖြစ်ပါတယ်။

**မေး ။ အခုသင်္ဘောနစ်မြုပ်မှုမှာ ပျောက်ဆုံးနေတဲ့ သင်္ဘောသားတွေရဲ့ အပေါ်မှာရော ဘယ်လိုဆောင်ရွက်ပေးမယ်ဆိုတာလည်း သိရှိလိုပါတယ်။**

ဖြေ ။ ပျောက်ဆုံးနေတဲ့သင်္ဘောသားတွေကို ဖိလစ်ပိုင်ကမ်းစောင့်တပ်ဖွဲ့က ရှာဖွေမှုတွေဆက်လက်ပြုလုပ်နေပါတယ်။ ပျောက်ဆုံးသူတွေဟာ ပင်လယ်ပြင်မှာ အခြားသင်္ဘောတစ်စင်းက ကယ်ဆယ်သွားနိုင်တာလည်းဖြစ်နိုင်တယ်။ အဲဒီလိုကယ်ဆယ်နိုင်ပေမယ့် အင်အားမရှိတာ၊ ကျန်းမာရေးချို့ယွင်းနေတာ၊ သတိမေ့မြောနေတာတွေ ဖြစ်နေရင်လည်း ဘယ်လိုမှ ပြောဆိုဆက်သွယ်လို့ မရနိုင်ဘူး၊ သူ့အခြေအနေကို ချက်ချင်းမသိနိုင်ပါဘူး။ နောက်ပြီး လှိုင်း၊ လေတွေနဲ့အတူ ကျွန်းတစ်ကျွန်းကို ရောက်ရှိသွားရင်လည်း ဆက်သွယ်သိရှိဖို့ခက်ခဲမှာ ဖြစ်ပါတယ်။ ဒါကြောင့် ပျောက်ဆုံးနေသူတွေလို့ပဲ ပြောရမှာဖြစ်ပြီး သေဆုံးသူလို့မပြောနိုင်ပါဘူး။ ဒါပေမယ့် ပျောက်ဆုံးနေသူတွေဟာ တစ်နှစ်ပြည့်ရင်တော့ သက်ဆိုင်ရာနိုင်ငံခြားသင်္ဘောကုမ္ပဏီက သေဆုံးသူအဖြစ် သတ်မှတ်ပြီး လျော်ကြေးပေးမှာဖြစ်ပါတယ်။ မြန်မာ့အာမခံလုပ်ငန်းကတော့ နှစ်နှစ်ပြည့်မှ သေဆုံးသူအဖြစ် သတ်မှတ်ပြီး လျော်ကြေးပေးမှာ ဖြစ်ပါတယ်။ ဒီလိုလျော်ကြေးပေးရာမှာလည်း အခင်းဖြစ်ပွားရာ နိုင်ငံတကာ ရေပြင်တည်နေရာအလိုက် ကွဲပြားခြားနားမှုတော့ရှိပါတယ်။ ဒီလိုလျော်ကြေးကိစ္စတွေကို ကျွန်တော်တို့ဌာနက ရရှိအောင်ကူညီဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။

**မေး ။ မြန်မာသင်္ဘောသားနဲ့ အရာရှိတွေ နိုင်ငံတကာသင်္ဘောတွေမှာ ဦးရေ ဘယ်လောက်များများတာဝန်ထမ်းဆောင်နေလဲဆိုတာ သိပါရစေ။**

ဖြေ ။ နိုင်ငံတကာ သင်္ဘောတွေမှာ မြန်မာသင်္ဘောသားနဲ့အရာရှိတွေ စုစုပေါင်း ၂၄၀၀၀ ကျော်လောက်တာဝန်ထမ်းဆောင်နေကြပါတယ်။ အမြင့်ဆုံး အနေနဲ့ သင်္ဘောရေယာဉ်မှူးကြီးနဲ့ သင်္ဘောအင်ဂျင်နီယာမှူးကြီးတွေအထိ တာဝန်ထမ်းဆောင်နေကြတာ ဖြစ်ပါတယ်။ သင်္ဘောသားအဖြစ် မှတ်ပုံတင်ထားတဲ့သူတွေကတော့ လက်ရှိမှာ ဦးရေ ၈၇၀၀၀ ကျော်လောက်အထိ ရှိနေပါတယ် ဟုပြောကြားသွားသည်။ ။ **မြန်မာ့အလင်း**

## မြန်မာ့ရုပ်မြင်သံကြား

၂၁-၂-၂၀၁၃ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

၇း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ကျန်းမာဖို့အတူကစားစို့
၇း၃၀ နံနက်ခင်းသတင်း
၇း၄၅ ပြည်သူတို့ရဲ့ စကားသံများ
၇း၅၅ Road to SEA GAMES (Yacthing-1) သရုပ်ဆောင်-ကျော်ကျော်ဗိုလ်၊ ထွန်းထွန်း၊ မင်းသွေး၊ ဝေမင်းအောင်

**ညပိုင်း**

၄း၀၀ ရုပ်မြင်သံကြားအဖွင့်တေး
၄း၀၅ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀ ၂၀၁၃ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ဘာသာရပ်ဆိုင်ရာသင်ခန်းစာ (သင်္ချာဘာသာရပ်)
၅း၀၀ တေးဂီတအစီအစဉ်
၅း၁၅ **အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်) သွားစို့တူပျော်ပျော်**
၅း၂၅ အိန္ဒိယရုပ်ရှင် **ဖြူစင်မေတ္တာ** (အပိုင်း-၄၅)
၅း၅၅ ပြည်သူတို့ရဲ့ စကားသံများ
၆း၀၀ ညနေခင်းသတင်း
၆း၁၅ မိုးလေဝသအခြေအနေ
၇း၀၀ ပြည်တွင်းသတင်း
၇း၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာသစ္စာ** (ဒုတိယတွဲ) (အပိုင်း-၁၅)
၇း၅၀ ပြည်သူတို့ရဲ့ စကားသံများ
၈း၀၀ ပြည်တွင်းသတင်း
- စွမ်းအားဖြစ်တည်မြန်မာပြည် (SME) (AEC Workshop) ပြန်လည်ခံစားအနုပညာရုပ်များ ဆိုဗီယက်ပြန် အကယ်ဒမီနွဲ့နွဲ့စန်း
၁၀း၀၀ ပြည်တွင်းသတင်း
- နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်ဆုံး** (အပိုင်း-၁၃၂)

ရွှေနဂါး
ကျိုက်ထီးရိုး (မှန်ပြဲ)
ချောင်းသာ (မှန်ပြဲ)
Ph. 209077,09-731 67000
209388,09-731 68000


### ပျောက်ဆုံးကြောင်း

ကျွန်တော် ဉာဏ်လင်းထက် ၁၃/တခလ (နိုင်)၀၉၄၉၈၇ ၏ နိုင်ငံကူးလက်မှတ် အမှတ်-၅၃၃၂၉သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၁၆၀၂၆၆

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# အချိန်သူခိုးများ

ရှင်အောင်ဆွေ

တစ်ခေတ်တစ်ခါတုန်းက မြူနီစီပယ်ဝန်ထမ်းသန့်ရှင်းရေး အလုပ်သမတစ်စုတို့သည် မိမိသန့်ရှင်းရေးလုပ်ရမည့်နေရာတွင် အလုပ်မလုပ်ဘဲ ဟိုဟို၊သည်သည် သွားလိုသွား၊ လက်ဖက်ရည်ဆိုင်တွင်ထိုင်၍စကားများလိုများနေကြပြီး အလုပ်ချိန်မကုန်ကုန်အောင် အချိန်ဖြုန်းနေလေ့ရှိပါသည်။

ထိုမြင်ကွင်းကို လမ်းဘေးပလက်ဖောင်းတွင်ထိုင်ပြီး တောင်းရမ်းစားသောက်နေသည့် မသန်စွမ်းသူ အဘိုးအိုတစ်ဦးက နေ့စဉ်မြင်တွေ့နေရ၍ ထိုအလုပ်သမများကို "ရေသာခို၊ အချောင်သမားတွေ"ဟု အမြင်ကတ်ကတ်နှင့် ပြောလိုက်ပါသည်။ သန့်ရှင်းရေးသမများကလည်း "သူတောင်းစားက လူကိုပြန်ဟစ်သေး၊ ရှင်ကမှ အလုပ်မလုပ်ဘဲ တောင်းစားနေတဲ့ တကယ့်အချောင်သမား"ဟု ရင့်ရင့်သီးသီး တုံ့ပြန်ရန်စောင်လိုက်ကြသည်။

ထိုအခါ အဘိုးအိုက ပြန်ပြောသည်မှာ "ငါက အချောင်သမားမဟုတ်ဘူး။ အလုပ်မလုပ်နိုင်လို့ ရိုးရိုးသားသား တောင်းရမ်းစားသောက်တယ်၊ မခိုးဘူး၊ မလိမ်ဘူး၊ နင်တို့ကသာ အစိုးရဆီက လစာလိမ်ညာယူနေကြတယ်၊ အလုပ်ချိန်မှာ အလုပ်မလုပ်ဘဲ အချိန်မြန်မြန်ကုန်အောင် အချိန်ကိုခိုးနေကြတဲ့ အချိန်သူခိုးတွေ၊ ပြည်သူတွေရဲ့ ဘဏ္ဍာငွေကို ခိုးယူနေကြတဲ့ သူခိုးကြီးတွေဖြစ်လို့ အပြစ်ပိုကြီးတယ်"ဟု ချက်ကျကျပြောလိုက်ရာ သန့်ရှင်းရေးအလုပ်သမများ ပြန်မပြောနိုင်ကြတော့ဘဲ တစ်ချိုးတည်း ပြေးကုန်ကြတော့သည်။

အလုပ်ချိန်နှင့် ပတ်သက်၍ နိုင်ငံခြားတွင် အလုပ်လုပ်ပြီး ပြန်လာသူအမျိုးသမီးတစ်ဦးက ပြောရာတွင် နိုင်ငံခြားတိုင်းပြည်တွင် အလုပ်ချိန်၌ခိုကတ်၍ မရကြောင်း၊ အလုပ်ချိန်နှင့်လုပ်အားခတန်အောင် ခိုင်းကြောင်း၊ သူမ အလုပ်လုပ်သည့် ဟိုတယ်ဧည့်ကြို အလုပ်ချိန်တွင် ထိုင်ခွင့်မပေးဘဲ မတ်တတ်ရပ်၍ အလုပ်ချိန်ပြီးဆုံးသည်အထိ အလုပ်လုပ်ရကြောင်း၊ ညောင်းလွန်း၍ထိုင်ချင်သော်မှ ခွင့်တောင်းပြီး သန့်စင်ခန်းတွင် ရေအိမ်တက်၍ ခဏထိုင်ခွင့်ရကြောင်း၊ ကြာကြာခွင့်မပြုကြောင်း ပြောပြ၍သိရှိရပါသည်။

ကျွန်တော်တို့ ရပ်ကွက်မှာတော့ ဒီလိုမဟုတ်ပါ။ အလုပ်ချိန်၊ ရုံးချိန် အချိန်မီမရောက်ရှိကြပါ။ ထမင်းချိုင့်မမီလို့၊ ကားနောက်ကျလို့၊ လမ်းမှာကားပိတ်မိနေလို့၊ ကလေးကျောင်းပို့နေရလို့၊ ဆေးခန်းသွားပြနေရလို့ စသည့် လို့ပေါင်းများစွာ အကြောင်းပြပြီး နောက်ကျတတ်ကြသည်။ ရုံးရှေ့၊ အလုပ်ရုံရှေ့ရောက်ပြန်တော့လည်း ရုံးထဲတန်းတန်းမတ်မတ်မဝင်ဘဲ ရုံးရှေ့လက်ဖက်ရည်ဆိုင်ဝင်ပြီး ရုံးချိန်ကို ခိုးနေကြသေး၊ အလုပ်ခွင်ထဲရောက်ပြန်တော့လည်းဟန်ရေးပြတာကများ၊ အလုပ်ခဏထားပါဦး၊ ကြိုတုန်းရုံးဖုန်းနဲ့ ဟိုလူ့ဆီဆက်၊ ဒီလူ့ဆီဆက်သည်လိုနဲ့ နံနက်စာစားဖို့ ဝိုင်းဖွဲ့ပြင်ဆင်၊ ဟော-မွန်းလွဲပိုင်းလည်းရောက်ရော အဆာပြေ လက်ဖက်ရည်ဆိုင်ထိုင်ပြီး အချိန်ခိုးလိုက်ကြဦးစို့၊ အလုပ်ချိန်တစ်ချိန် ရုံးပေါ်လည်း ပြန်ရောက်ရော ဧည့်သည်ကလာ၍ ဧည့်ခံရပြန်သေး၊ စားပွဲပေါ်က ဖိုင်တွဲတွေကတော့ ပိုနေမြဲ၊ ကျားနေမြဲ ပုံစံမပျက်၊ လက်ရာမပျက် သည်လိုနှင့် ရုံးဆင်းချိန်ရောက်တော့ နောက်ကျတဲ့ခြေထောက်သစ္စာဖောက်ဆိုပြီး အိမ်အပြန်ခြေလှမ်းကသွက်ပါဘိခြင်း။

တာဝန်အရ ဆောင်ရွက်ပေးရမည့် ပြည်သူ့ကိစ္စများကို ဆောင်ရွက်ရာတွင် လာဘ်လာဘ မျှော်ကိုး၍ ဆောင်ရွက်ခြင်း၊လာဘ်မလာကအချိန်ဆွဲ၍ လုပ်ခြင်း၊ ကသိကအောက် ပြည်သူငြိုငြင်အောင်လုပ်ခြင်း၊ အဆင့်ဆင့်တင်ပြရမည့်ရုံးလုပ်ငန်း ကိစ္စများကို တစ်စားပွဲမှ တစ်စားပွဲသို့ လချီကြာမှပေးပို့ခြင်း၊ တာဝန်ရှိသူကလည်း ဆီမလာ ပျားမလာသည့်ကိစ္စကို အမှုကိုင်သူထံ ညွှန်ကြားချက် မှတ်ချက်လည်းမပေး၊ အထက်သို့လည်း မတင်ဘဲ မျက်ကွယ်ပြု ချောင်ထိုးထားခြင်း ပြုနေကြပါသည်။ နစ်နာသူမှ မိမိအမှုကိစ္စ ဘယ်အခြေအနေ ရောက်နေပြီလဲ စုံစမ်းမေးမြန်းတော့ အမှုတွဲက ပျောက်ချင်းမလှပျောက်လို့နေ။ ဒီလိုနဲ့ တစ်ကပြန်စရတာလည်း များလှပါပြီ။ ဌာနမှူးအဆက်ဆက်သာ ပြောင်းသွားသည်။ မပြောင်းလဲသည်က အကျင့်စရိုက်ဟောင်းသာ ရှိပါသည်။ ပြည်သူဘက် နစ်နာသူဘက်မှ မကြည့် ဥပဒေဘောင်အတွင်းမှ ဖြေလျှော့ပေးနိုင်သည့် နည်းလမ်းများကို မရှာဖွေ မစဉ်းစားဘဲ "မရဘူး" ဆိုသည့်ဘူးတစ်လုံးဆောင်၍ အတွင်တွင် ငြင်းဆိုနေကြ၍ ပြည်သူနှင့် ထိတွေ့ဆက်ဆံရသည့် လုပ်ငန်းများ မအောင်မမြင် ဖြစ်နေကြရပါသည်။

အလုပ်တွင်ခိုကတ်ပြီး အချိန်ဖြုန်းနေသူများနှင့် ပတ်သက်ပြီး ဆရာတော် ဦးဇောတိက(ပျဉ်းမဖြိုင်)က "ဒီခေတ်မှာ အချိန်ဖြုန်းတဲ့လူတွေပိုများလာတယ်။ အချိန်ဖြုန်းဖို့ နည်းလမ်းတွေလည်း ပိုများလာတယ်။ အချိန်ဖြုန်းတဲ့လူငယ်တွေ ဘာဖြစ်မလဲ၊ အသက်ကြီးလာလေ အသုံးမဝင်လေဖြစ်မယ်။ ခိုင်းတာလုပ်ရတဲ့သူတွေဖြစ်မယ်။ ခေါင်းဆောင် မဖြစ်နိုင်ဘူး"ဟု "လွတ်လပ်သောစိတ်" စာအုပ်တွင် ရေးသားထားပါသည်။

> " ဒီခေတ်မှာ အချိန်ဖြုန်းတဲ့ လူတွေ ပိုများလာတယ်။ အချိန်ဖြုန်းဖို့ နည်းလမ်းတွေလည်း ပိုများလာတယ်။ အချိန်ဖြုန်းတဲ့လူငယ်တွေက ဘာဖြစ်မလဲ၊ အသက်ကြီးလာလေ အသုံးမဝင်လေဖြစ်မယ်။ ခိုင်းတာလုပ်ရတဲ့သူတွေဖြစ်မယ်။ ခေါင်းဆောင်မဖြစ်နိုင်ဘူး"

ယခုအခါ နိုင်ငံတော်သည် သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်ရေးဖြစ်လာအောင် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နေပြီဖြစ်ရာ နိုင်ငံတော်သမ္မတကြီးဦးသိန်းစိန်ကလည်း "ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်အောင် တည်ဆောက်ရာတွင် ပြည်ထောင်စုလှေကြီးကို အားလုံးပါဝင်၍ အားသွန်ခွန်စိုက် ကြိုးစားလှော်ခတ်ရန်လိုကြောင်း၊ ရေသာခိုနေခြင်းများသာမက နောက်ကိုပြန်လှော်နေ၍ မရပါကြောင်း၊ လှေကြီးကို ပဲ့ကိုင်နေသည်မှာ မိမိတို့အစိုးရအဖွဲ့ဖြစ်ပြီး ပဲ့ကိုင်သူ ကျွမ်းကျင်ပါက ပန်းတိုင်ကို ဖြောင့်ဖြောင့်တန်းတန်းသွားနိုင်မည် ဖြစ်ကြောင်း၊ သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်ရေး ဖြစ်လာအောင် ဌာနဆိုင်ရာ ဝန်ထမ်းများကလည်း အားလုံး ဝိုင်းဝန်းကြိုးပမ်းသွားကြရမည်"ဟု ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁၅ ရက် မွန်ပြည်နယ် အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပသည့် ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားခဲ့ပါသည်။ မိမိအတွက် အကျိုးအမြတ်မကျန်ပါက အလုပ်ချိန်ကို မလေးစား၊ အချိန်ဖြုန်း၊ အချိန်ကုန်အောင် ခိုးနေတတ်ကြပြီး သည်အချိန်သည်ပင် မိမိအတွက် အကျိုးအမြတ်ကျန်ပြီး စက္ကန့်နှင့်အမျှ ရွှေဖြစ်နေပါမူ ရုံးတွင်လည်းကောင်း၊ အလုပ်ခွင်တွင်လည်းကောင်း မိမိအိမ်သဖွယ် တွယ်ကပ် လုပ်ပြနေပြီး ညဉ့်နက်သန်းခေါင်ကိုပင် မရှောင် ကတွတ်ပေါက်ဝ ငါးကိုစောင့်ဖမ်းသည့် ဗျိုင်းပမာ အချိန်ကို ချစ်မြတ်နိုးသည့် အကျင့်ပျက် ဝန်ထမ်းများကိုတော့ "တော်သင့်ပြီ" ဟုသာ ပြောလိုက်ချင်ပါတော့သည်။ ။

## တရားမဝင်ဆီတင်ရောင်းဝယ်မှု ပူးပေါင်းအဖွဲ့က ကြိုတင်ဖယ်ရှား

မကြာသေးခင်ရက်များကပင် ဆီတင်သင်္ဘော မီးလောင်ပေါက်ကွဲမှုတစ်ခု လှိုင်မြို့နယ်အတွင်း ဖြစ်ပွားခဲ့သည်။ ပြည်သူအများ ထိတ်လန့်ချောက်ချားခဲ့ရပြီး ဆုံးရှုံးမှုများနှင့်အတူ လူများထိခိုက်၊ သေဆုံး၊ ဒဏ်ရာရရှိခဲ့သည်။

သို့အတွက် သက်ဆိုင်ရာမှ ထိုကဲ့သို့ ဖြစ်ရပ်မျိုးများ ထပ်မံမဖြစ်ပွားနိုင်စေရေးအတွက် ကြပ်မတ်ဆောင်ရွက်လျက်ရှိနေကြောင်းကိုလည်း ကြားသိလာရသည်။

ထိုသို့ဆောင်ရွက်သည့် ကြားမှပင် ဖေဖော်ဝါရီ ၁၁ ရက် ညနေ ၅နာရီက လှိုင်သာယာမြို့နယ် အောင်ဇေယျတံတား မိုင်တိုင်အမှတ် (P 3) အနီး ပေ ၂၀၀ ခန့်အကွာတွင် ဆီတင်သင်္ဘောများဆိုက်ကပ်၍ တရားမဝင်ဆီတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေကြောင်း တာဝန်သိပြည်သူအချို့၏ သတင်းပေးချက်အရ မြို့နယ်ပူးပေါင်းအဖွဲ့သည် အဆိုပါ နေရာသို့ သွားရောက်စစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

လုပ်ငန်း ဆောင်ရွက်နေသည့် လှိုင်သာယာမြို့နယ် အမှတ်(၃) ရပ်ကွက် စက်မှုဇုန်(၇) ဆိပ်ကမ်းသာလမ်းရှိ ကျော်စံဆီရောင်းဝယ်ရေးသို့ ဝင်ရောက်စစ်ဆေးခဲ့ရာ ပိုင်ရှင် မရှိဘဲ လုပ်ငန်းတာဝန်ခံ ကိုဇော်ဝင်းနိုင်နှင့်အလုပ်သမားများကိုသာ တွေ့ရှိရသည်။

အဆိုပါ ဆိပ်ကမ်း၌ စက်သုံးဆီဂါလန် ၁၂၀၀၀ဆံ့ (စက်သုံးဆီမပါ) အမ်ဗွီ ဇမ္ဗူကျက်သရေ အမည်ရှိ သင်္ဘော၊ စက်သုံးဆီဂါလန် ၃၀၀၀၀၀ ဆံ့ (စက်သုံးဆီပါ) ဝေပုလ္လအမည်ရှိ သင်္ဘော၊ စက်သုံးဆီဂါလန် ၁၀၀၀၀၀ ဆံ့ (စက်သုံးဆီမပါ) အမည်မပါ ဆီတင်တွဲတစ်စင်းတို့ကို တွေ့ရှိရပြီး သင်္ဘောပေါ်မှ မြစ်ကမ်းပေါ်ရှိ ဆီသိုလှောင်ကန်များ အတွင်းသို့ ဆီပိုက်များဖြင့် ချိတ်ဆက်၍ ပို့ပေးနေသည်ကို တွေ့ရကြောင်း သိရသည်။

မြစ်ကမ်းပေါ်တွင်လည်း (၈×၈ × ၄)ပေခန့်ရှိ ဆီလှောင်ကန်ကြီး သုံးလုံး၊ (၃× ၈× ၄)ပေခန့်ရှိ ဆီလှောင်ကန်ကြီးသုံးလုံးနှင့် ဆီပီပါများကို တွေ့ရှိရသည်။ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ယခင်ကလည်း မြို့နယ်ပူးပေါင်းအဖွဲ့အနေဖြင့် အဆိုပါ နေရာသို့ သွားရောက်ကြပြီး စစ်ဆေးမှုများပြုလုပ်ခဲ့ရာ ဆီတင်သင်္ဘောများ ဆိုက်ကပ်ခွင့်၊ စက်သုံးဆီ သယ်ဆောင်သိုလှောင် ဖြန့်ဖြူးရောင်းချခွင့်များ မှတ်ပုံတင်ထားခြင်း မရှိသဖြင့် ခွင့်ပြုချက်ရယူရန် လိုအပ်ကြောင်း၊ ခွင့်ပြုချက်ရရှိပြီးမှသာလျှင် ဆောင်ရွက်သင့်ကြောင်း ခွင့်ပြုချက်ရှိပြီးလျှင်လည်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးပစ္စည်းများ ပြည့်စုံစွာထားရှိသင့်ကြောင်း အသိပေးပြောကြားခဲ့ပြီးဖြစ်သည်ဟု တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

သတ်မှတ် စည်းကမ်းချက်များနှင့် မညီညွတ်ဘဲ တရားမဝင်စက်သုံးဆီများသယ်ယူရောင်းဝယ်ခြင်းလုပ်ငန်းများ ဆက်လက် လုပ်ကိုင်နေသဖြင့် မြို့နယ်ပူးပေါင်းအဖွဲ့က ဆိုက်ကပ်ထားသော ဆီတင် သင်္ဘောနှစ်စင်းနှင့် ဆီတင်တွဲ တစ်စင်းအား ဆိပ်ကမ်းမှ အမြန်ဆုံး ဖယ်ရှားပေးရန်၊ စက်သုံးဆီရောင်းဝယ်ခြင်းလုပ်ငန်းကို ဆက်လက် မဆောင်ရွက်ရန်၊ ဤသို့ တရားမဝင် ဆက်လက်၍ စက်သုံးဆီများ သိုလှောင် ရောင်းဝယ်နေပါက ဥပဒေအရ အရေးယူခံရမည်ကို သိပါကြောင်း ဝန်ခံလက်မှတ်ရေးထိုးထားခဲ့သည်ဟု သိရသည်။

ထို့အပြင် အောင်ဇေယျတံတား အနီး၌ ဆီတင်သင်္ဘောများ ဆိုက်ကပ်၍လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေမှုရှိ မရှိကိုလည်း ရပ်ကွက်တာဝန်ရှိသူများနှင့်အတူ မြို့နယ်ရဲတပ်ဖွဲ့ဝင်များကလည်း စောင့်ကြည့်သတင်းရယူလျက်ရှိသည်။

(ဇင်ကိုကိုထက်)

ခြင်ဆေးမီးပွား သတိမထားက စီးပွား၊ ဥစ္စာ ကုန်လိမ့်မည်

## သတ္တုကဏ္ဍဆိုင်ရာ ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၂၀

Myanmar-Japan Joint Seminar on Mining Industries and Related Laws ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၉ ရက် မွန်းလွဲ ၁ နာရီက သတ္တုတွင်းဝန်ကြီးဌာန သီရိရတနာခန်းမ၌ကျင်းပရာ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်က မြန်မာနိုင်ငံ၏ ဓာတ်သတ္တုကဏ္ဍနှင့် ဆက်စပ်သော ဥပဒေ၊ နည်းဥပဒေများကို ဆွေးနွေးကြသည့်အတွက် မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများ၏အားသာချက် အားနည်းချက်များကို သိရှိခွင့်ရရှိပြီး ဂျပန်နိုင်ငံ၏သတ္တုကဏ္ဍတွင် ဘေးအန္တရာယ်ကျရောက်မှုများမှ လွတ်မြောက်အောင် ဆောင်ရွက်ပေးခဲ့မှုများကို လေ့လာခွင့်ရရှိသောကြောင့် မြန်မာသတ္တုတွင်း လုပ်ငန်းရှင်များအတွက် အတွေ့အကြုံ၊ ဗဟုသုတရရှိစေကာ မြန်မာနိုင်ငံ၏ သတ္တုကဏ္ဍဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေပြီး ဂျပန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ သတ္တုကဏ္ဍတွင် မြန်မာနိုင်ငံအတွင်း ဝင်ရောက်လာမည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံသည် ပြင်ပနိုင်ငံများနှင့် စီးပွားရေးကူးလူးဆက်ဆံမှုလမ်းကြောင်းများ ပွင့်သွားပြီဖြစ်ကြောင်း၊ စက်မှုလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများစွာ လာရောက်ရင်းနှီးမြှုပ်နှံရန် ပြုလုပ်နေကြပြီ ဖြစ်ကြောင်း၊ ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်နိုင်စေရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေများကိုလည်း ထုတ်ပြန်ထားပြီး ဖြစ်ပါကြောင်း၊ ဂျပန်နိုင်ငံနှင့်မြန်မာနိုင်ငံအကြား သတ္တုကဏ္ဍပူးပေါင်းဆောင်ရွက်မှုများ တိုးတက်စေရေး ဆွေးနွေးပွဲများ များစွာကျင်းပနိုင်ခြင်းဖြင့် မြန်မာ-ဂျပန် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမြှုပ်နှံမှုနှင့်သတ္တုကဏ္ဍဖွံ့ဖြိုးရေး အထောက်အပံ့ကောင်းတစ်ခုဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော် သတ္တုနှင့် သယံဇာတရေးရာကော်မတီ ဥက္ကဋ္ဌ ဦးနေဝင်းထွန်းနှင့် ဂျပန်နိုင်ငံမှ ပညာရှင်များက ဘာသာရပ်အလိုက် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## သက်ကြီးဆရာဝန်များ ထောက်ကူအဖွဲ့ နှစ်ပတ်လည်အခမ်းအနား ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၀

မြန်မာနိုင်ငံဆရာဝန်အသင်း သက်ကြီးဆရာဝန်များထောက်ကူအဖွဲ့၏ Day Care Centre နှစ်ပတ်လည်အခမ်းအနားကို ဖေဖော်ဝါရီ ၁၈ ရက်နံနက် ၉ နာရီက မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမ၌ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်နှင့် မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို)ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဦးကျော်မြင့်နိုင်တို့က အမှာစကားပြောကြားသည်။

ဆက်လက်၍ အလှူရှင်များက လစဉ်လှူဒါန်းထောက်ပံ့ငွေအပါအဝင် ငွေကျပ် ၂၆၃ သိန်းကို ပေးအပ်လှူဒါန်းကြရာ သက်ကြီးဆရာဝန်များထောက်ကူရေးအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာဒေါ်မြင့်မြင့်ခင်က Day Care Centre ဖြစ်ပေါ်လာစေရန် ငွေအားလူအားတို့ဖြင့် အထူးကူညီဆောင်ရွက်ပေးခဲ့ကြသူများအား အမှတ်တရလက်ဆောင်အဖြစ် ပိတောက်သားဖြင့် ထုလုပ်ထားသောပန်းပုရုပ်တုနှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်သည်။ (အပေါ်ပုံ) အောင်သန်း(သတင်းထောက်)


## ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
## အဆိုပြုတင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၄၅)လမ်း၊ အမှတ် ၁၉/၂၁ ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးပိုင် မြေကွက်တွင် (၁၂)ထပ် အဆောက်အအုံဆောက်လုပ်မည်ဖြစ်ပါသည်။

၂။ ယင်းအဆောက်အအုံတွင် ယာဉ်ရပ်နားနေရာနှစ်ထပ်နှင့် ရုံးခန်းနေရာ ၁၀ထပ်ပါဝင်မည်ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်သူမှ အပြည့်အဝရင်းနှီးမြှုပ်နှံ၍ အချိန်ကာလနှစ်နှစ်အတွင်း ပြီးစီးအောင် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၃။ ယင်းလုပ်ငန်းအတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် အကျိုးအမြတ်ခွဲဝေခြင်းစနစ်ဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်လိုသော ပြည်တွင်းနိုင်ငံသား လုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းဆိုင်ရာ အဆိုပြုလွှာများကို ၁၅-၃-၂၀၁၃ ရက် နောက်ဆုံးထား၍ ပေးပို့သွားရန် တင်ဒါခေါ်ယူအပ်ပါသည်။

၄။ တင်ဒါစည်းကမ်းချက်များနှင့် အဆိုပြုလွှာတွင်ပါဝင်ရမည့် အချက်အလက်များကို အောက်ပါနေရာများတွင် ဝယ်ယူတင်သွင်းနိုင်ပါသည်-

(က) ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ နေပြည်တော်

(ခ) မြန်မာနိုင်ငံစာရင်းကောင်စီရုံး၊ ရန်ကုန်မြို့

၅။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်-

(က) ဖုန်း - ၀၆၇-၄၀၇၃၂၆၊ ၀၆၇-၄၀၇၃၂၇၊ ၀၁-၂၂၃၀၄၃

(ခ) Fax - ၀၆၇-၄၀၇၃၂၆၊ ၀၆၇-၄၀၇၃၂၇၊ ၀၁-၂၂၃၀၄၃

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း

## ကနေဒါပါလီမန်အတွင်းဝန် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကနေဒါ ပါလီမန်အတွင်းဝန် H.E. Mr. Deepak Obhrai ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၈ နာရီ ၁၅မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ယင်းသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးလှမြင့်ဦးနှင့် ဦးတီခွန်မြတ်၊ ကော်မတီအတွင်းရေးမှူးများဖြစ်ကြသည့် ဦးမောင်တိုး၊ ဦးဝင်းမြင့်၊ ဒေါ်ဒွဲဘူ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာ၌ မြန်မာ-ကနေဒါ နှစ်နိုင်ငံလွှတ်တော်နှစ်ရပ် ပိုမိုပူးပေါင်းဆောင်ရွက်သွားနိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။ **(သတင်းစဉ်)**

### ◆ ပြည်သူ့လွှတ်တော်မှ

အနောက်ဘင်္ဂလားသို့ သွတ်သွင်းခဲ့ကာ ရခိုင်ပြည်နယ်ထဲသို့ ဘင်္ဂလားနယ်မှ မူဆလင်အများအပြား ဝင်ရောက်အခြေချလာခဲ့ကြပါကြောင်းနှင့် ဘင်္ဂလားနယ်မှလာကြသူများဖြစ်သဖြင့် ၎င်းတို့အား"ဘင်္ဂါလီ"များဟု ခေါ်ဆိုခဲ့ကြပါကြောင်း၊ ရခိုင်ပြည်နယ်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသဖြင့် ရာသီအလိုက် လယ်ယာလုပ်သားများ ဝင်ရောက်လာကြပြီး နောက်ပိုင်းကာလများတွင် ၎င်းတို့သည် ရခိုင်ပြည်နယ်တွင် အခြေချ နေထိုင်လာခဲ့ကြသည်များလည်းရှိခဲ့ပါကြောင်း။

မြန်မာနိုင်ငံအတွင်းသို့ ပြည်ပနိုင်ငံများမှ ပြောင်းရွှေ့ရောက်ရှိနေထိုင်လာကြသူများအား ၎င်းတို့မိဘဘိုးဘွားအစဉ်အဆက်နေထိုင်လာခဲ့သည့် မူရင်း

**လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း ဖြေကြားစဉ်။** (သတင်းစဉ်)

နိုင်ငံအပေါ် အခြေခံလျက်ခေါ်ဆိုခဲ့ကြရာ အင်္ဂလိပ်စစ်တပ်တွင် အမှုထမ်းကာ မြန်မာနိုင်ငံသို့ရောက်ရှိခဲ့ကြသည့် နီပေါနိုင်ငံမှ လူမျိုးများအား နီပေါလ်(ခ) ဂေါ်ရခါးဟုခေါ်ဆိုခဲ့ကြပါကြောင်း။

မြန်မာနိုင်ငံတွင် ၁၉၇၃ ခုနှစ် သန်းခေါင်စာရင်းမှတ်တမ်းများအရ တိုင်းရင်းသားမဟုတ်သည့် နိုင်ငံခြားလူမျိုးအမည်များမှာ တရုတ်၊ အိန္ဒိယ၊ ပါကစ္စတန်၊ ဘင်္ဂါလီ၊ နီပေါလ်လူမျိုးများ စသည်ဖြင့် မှတ်တမ်းတင်ထားခဲ့ပါကြောင်း၊ ထို့အတူ ၁၉၈၃ ခုနှစ် သန်းခေါင်စာရင်း မှတ်တမ်းများတွင်လည်း တိုင်းရင်းသား မဟုတ်သည့် နိုင်ငံခြားလူမျိုးအမည်များမှာ တရုတ်၊ အိန္ဒိယ၊ ပါကစ္စတန်၊ ဘင်္ဂါလီ၊ နီပေါလ်လူမျိုးများဟူ၍ တရားဝင်မှတ်တမ်းတင်ထားရှိခဲ့ပါကြောင်း။

၁၉၅၈ ခုနှစ် အိမ်စောင့်အစိုးရလက်ထက်တွင် အမျိုးသားမှတ်ပုံတင်သက်သေခံကတ်ပြား ထုတ်ပေးရေးဆောင်ရွက်ရာတွင် ရုံးလက်ခံပုံစံ(၁) မှတ်တမ်းများတွင် ရခိုင်ပြည်နယ်ရှိ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ခေတ်အဆက်ဆက် ရောက်ရှိနေထိုင်ခဲ့ကြသူများအား မူဆလင်လူမျိုးများဟု ရေးသွင်းခဲ့ပြီး ၁၉၇၃ ခုနှစ် သန်းခေါင်စာရင်းကောက်ယူပြီးနောက်ပိုင်းတွင် မူဆလင်သည် ဘာသာဖြစ်သဖြင့် ပုံစံ(၁)များတွင် ဘင်္ဂါလီလူမျိုးဟူ၍သာ မှတ်တမ်းတင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း။

သို့ဖြစ်၍ မိမိဌာနအနေဖြင့် ဘင်္ဂါလီလူမျိုးများဟူ၍ မှတ်တမ်းတင်ထားရှိပါကြောင်း၊ ယနေ့အချိန်အထိ စာရင်းဇယားကောက်ယူခြင်း၊ စိစစ်ခြင်းများ ဆောင်ရွက်ရာတွင်လည်း နောက်ကြောင်းမရှိ၊ တီထွင်ပြောဆိုနေသော လူမျိုးအမည်အသစ် စာရင်းများကို ထည့်သွင်းဖော်ပြခြင်း မရှိဘဲ ရှေးနှစ်ပေါင်း များစွာကတည်းကပင် အတည်ပြုထားသော အမည်နာမ အခေါ်အဝေါ်အတိုင်းပင် အသိအမှတ်ပြုခေါ်ဝေါ်အသုံးပြုနေဆဲဖြစ်ပါကြောင်းဖြင့် ဆက်လက်ဖြေကြားခဲ့သည်။

ဖြေကြားချက်အပေါ် မေးခွန်းရှင် **ဦးမောင်ညို**က "ဒုတိယဝန်ကြီးကတော့ ရိုဟင်ဂျာ မရှိဘူးဆိုတဲ့သဘောကို ဖြေလိုက်တာပေါ့၊ ဘင်္ဂါလီလူမျိုးရှိတယ်၊ ဒါပေမယ့် ရိုဟင်ဂျာမရှိဘူးဆိုတာကို ပြောသွားပါတယ်၊ ဒီအဖြေကို ကျေနပ်ပါတယ်"ဟု ပြောပြခဲ့သည်။

**ဥပဒေကြမ်းအတည်ပြုခြင်းကဏ္ဍ**၌ **မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေကြမ်း**ကို လွှတ်တော်က အတည်ပြုဆောင်ရွက်ခဲ့သည်။

ထို့ပြင် ယနေ့အစည်းအဝေးတွင် ဇလွန်မဲဆန္ဒနယ်မှ ဦးတင်ထွတ်က **အခြေခံကျောင်းများ အဆင့်မြှင့်တင်ခြင်း၊ ဆရာ/ဆရာမများ တိုးချဲ့ခန့်ထားပေးခြင်းတို့ကို ဆောင်ရွက်ပေးရေး** အရေးကြီး အဆိုတင်သွင်းခဲ့ရာ လွှတ်တော်က အဆိုအတည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။

အစည်းအဝေးကို မွန်းလွဲ ၁ နာရီ ၁၀ မိနစ်တွင် ရပ်နားခဲ့ပြီး အစည်းအဝေး(၁၈)ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၂၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

### ▲ အမျိုးသားလွှတ်တော်မှ

အမျိုးသားလွှတ်တော်က အတည်ပြုနိုင်ပါရန် တင်ပြအပ်ပါကြောင်းဖြင့် တင်ပြပြီး ယင်းဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူအတည်ပြုသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေး ယင်းဥပဒေကြမ်းကိုအတည်ပြုရန် အဆိုတင်သွင်းရာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဌေးနိုင်က ထောက်ခံပြီး ဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်ကြောင်း လွှတ်တော်ကဆုံးဖြတ်သည်။

အဆိုပါ ဥပဒေအပေါ် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ပါမောက္ခ ဒေါက်တာမြဦးက "အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး ပြောရမယ်ဆိုရင် အခုအပြင်မှာ ကျန်းမာရေးနဲ့ပတ်သက်တဲ့ သင်တန်းတွေ ဟိုသင်တန်း၊ ဒီသင်တန်းတွေပို့ချတာရှိပါတယ်။ အထူးသဖြင့်တော့ ကျန်းမာရေးနဲ့ ပတ်သက်တဲ့ သင်တန်းတွေပေါ့။ ဥပမာအားဖြင့် ခာတ်ခွဲကျွမ်းကျင်သင်တန်း၊ သူနာပြုသင်တန်း စတဲ့ သင်တန်းတွေ ပို့ချတာရှိပါတယ်။ ဒီသင်တန်းတွေကြောင့် မလိုလားအပ်တဲ့ ကျန်းမာရေးပြဿနာတွေမဖြစ်ဖို့ ပြင်ဆင်တဲ့ ဥပဒေတွေပါ။ နောက်တစ်ခုက အပြင်ဆေးခန်းတွေမှာ သွေးသွင်းနေတဲ့ကိစ္စပါ။ သွေးသွင်းတယ်ဆိုတာ ပိုးမွှားကင်းစင်မှု ရှိ/မရှိ၊ သန့်ရှင်းမှု ရှိ/မရှိ အာမခံချက်ရှိဖို့လိုပါတယ်။ သို့မဟုတ်ရင် အိပ်ချ်အိုင်ဗွီပိုးပါတာတို့ ဘီပိုး၊ စီပိုးပါသွားတာတို့ ဖြစ်နိုင်ပါတယ်။ ဒီအတွက်လည်း ဥပဒေကို ပြင်ဆင်တာလည်းပါပါတယ်။ သွေးကို ပရမ်းပတာ မသွင်းသင့်ပါဘူး။ အကယ်၍ သွေးသွင်းမယ်ဆိုရင် အာမခံချက်ရှိတဲ့ ဗဟိုသွေးလှူဘဏ်၊ သွေးဌာနတွေနဲ့ ညှိနှိုင်းလုပ်ကိုင်သင့်ပါတယ်"ဟု ၎င်းအမြင်ကို ပြောပြခဲ့သည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီက အဆိုတင်သွင်းရာတွင် မြန်မာနိုင်ငံသည် ယနေ့ကမ္ဘာပေါ်တွင် စိတ်ဝင်စားမှု၊ အာရုံစူးစိုက်မှု အခံရဆုံးနိုင်ငံဖြစ်လာပြီး နိုင်ငံတကာမှ အကြီးအကဲများ၊ အစိုးရပိုင်းတာဝန်ရှိသူများ၊ အမေရိကန်၊ အင်္ဂလန်၊ ဥရောပသမဂ္ဂနှင့် အနောက်နိုင်ငံများမှ စီးပွားရေးလုပ်ငန်းရှင်များစွာ လာရောက်လေ့လာညှိနှိုင်းခြင်း၊ ကမ္ဘာ့ဘဏ်၊ နိုင်ငံတကာဖွံ့ဖြိုးရေးဘဏ်၊ အာရှဖွံ့ဖြိုးတိုးတက်ရေးဘဏ်တို့မှ ပုဂ္ဂိုလ်များလာရောက်ညှိနှိုင်းမှုများ၊ ဖိုရမ်များ၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပ၍ အကူအညီနှင့် ပူးပေါင်းဆောင်ရွက်ရေးညှိနှိုင်းမှုများ၊ သံခင်းတမန်ခင်းသာပြီး ယခင်ဆက်ဆံရေး နိမ့်ကျရာမှ သံအမတ်ကြီးအဆင့်နှင့် တိုးမြှင့်ဆက်ဆံနိုင်မှုများသည် အပြောင်းအလဲများကြောင့် ဖြစ်ထွန်းလာသော အသီးအပွင့်များဖြစ်ပါကြောင်း၊ နိုင်ငံတော်အတွက် အလွန်ထင်သာမြင်သာသော ဖွံ့ဖြိုးတိုးတက်မှုများမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ အင်နှင့်အားနှင့် ဝင်လာခြင်း(သီလဝါ၊ ထားဝယ်ရေနက်ဆိပ်ကမ်း စသည်)၊ ကမ္ဘာလှည့်ခရီးသွားရာခိုင်နှုန်း နှစ်ဆကျော် တိုးတက်လာခြင်း၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ပဲရစ်ကလပ်နိုင်ငံများမှ ကြွေးမြီများ တစ်စိတ်တစ်ပိုင်း ပေးဆပ်နိုင်ရန် ဂျပန်၊ နော်ဝေကဲ့သို့ မိတ်ဆွေနိုင်ငံများ၏ ကြွေးမြီပေးလျှော်ပေးခြင်း၊ ဖွံ့ဖြိုးရေးချေးငွေများရရှိပြီး ကြွေးမြီကိစ္စရှင်းလင်းကာ နိုင်ငံသိက္ခာမြင့်တင်နိုင်ခြင်း စသည်တို့ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံ၌ ကြုံတွေ့နေရသည့် စိန်ခေါ်မှုများအနက် အဓိက စိန်ခေါ်မှုကြီးလေးရပ်မှာ ရခိုင်ပြည်နယ် ပဋိပက္ခများကိစ္စ၊ ကချင်ပြည်နယ် ပဋိပက္ခကိစ္စ၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာ/ နှစ်နိုင်ငံသဘောတူညီမှုဖြင့် ယခင် အစိုးရလက်ထက်က စီမံကိန်းကြီးများနှင့် ၎င်းတို့ကြောင့် ပတ်ဝန်းကျင်အပေါ် ထိခိုက်သက်ရောက်မှု (EIA,HIA, SIA) ကိစ္စများနှင့် စက်ရုံ၊ အလုပ်ရုံ စီမံကိန်းများရှိ လုပ်သားဆန္ဒပြမှု၊ နိုင်ငံ

**ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ပါမောက္ခ ဒေါက်တာ မြဦး ရှင်းလင်းပြောကြားစဉ်။** (မြန်မာ့အလင်း)

အနှံ့ အကြောင်းကြောင်းဖြင့် ဆန္ဒထုတ်ဖော်မှု၊ ပြဿနာဖြစ်လျှင် အုပ်စုနှင့် ဖြေရှင်းလိုသော ကိစ္စများဖြစ်ပါကြောင်း၊ ယနေ့ နိုင်ငံတော်က တည်ငြိမ်စွာ အဆင့်ဆင့်ပြောင်းလဲမှုဖြစ်စဉ် (Evolution နည်း)ဖြင့် သွားနေပါကြောင်း၊ (Revolution) ကဲ့သို့ အချိန်တိုအတွင်း လုံးဝ ပြောင်းပြန်လှန်ပြောင်းပစ်ပါက အလွန်အန္တရာယ်ကြီးပါကြောင်း။

ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းလိုက်နာမှုမရှိလျှင် အရေးယူရခြင်းများရှိလာပြီး မလိုလားအပ်မှုများ ပေါ်လာမည်ဖြစ်ပါကြောင်း၊ လွတ်လပ်စွာထုတ်ဖော်ခွင့်ကို ကျင့်ဝတ်သိက္ခာ၊ Code of Conduct တို့နှင့် ထိန်းထိန်းသိမ်းသိမ်း မကျင့်သုံးလျှင် တရားဥပဒေဖြင့် ထိန်းရမှုများ ဖြစ်လာမှာဖြစ်ပါကြောင်း၊ လူအုပ်စုနှင့် ဖြေရှင်းခြင်းမျိုးဖြစ်လာပါက တည်ငြိမ်အေးချမ်းရေးအတွက် မလုပ်မဖြစ် နှိမ်နင်းထိန်းသိမ်းရမည်ကို သိမြင်နားလည်ပြီး မဖြစ်စေချင်သည်များ မဖြစ်အောင် မိတ်ဖက်အဖွဲ့အစည်းများအားလုံးက မိမိတို့ဘက်က ထိန်းထိန်းသိမ်းသိမ်း လုပ်မည်၊ အိမ်နီးချင်း၊ ဒေသအတွင်း၊ နိုင်ငံတကာ တိုင်းပြည်များနှင့် နားလည်မှုပျက်မည့်၊ နိုင်ငံသိက္ခာထိခိုက်မည့်ကိစ္စများ ရှောင်ရှားမည်ဆိုသည့် အမြင်ရှိရန်လိုသည်ကို စဉ်းစားစေချင်ပါကြောင်း၊ အဓိက ဦးထိပ်ထားရန်မှာ နိုင်ငံတော်၊ သန်း(၆၀)သော ပြည်သူတစ်ရပ်လုံး၊ အမျိုးသားရေးအကျိုးစီးပွားနှင့် လုံခြုံရေး၊ အခြေခံဥပဒေနှင့် တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးတို့ ဖြစ်ပါကြောင်း။

မိမိတို့ ဦးထိပ်ထားရမည့်အချက်များနှင့် နှိုင်းယှဉ်ကြည့်လိုက်ပါက မိမိတို့ပြဿနာသည် သေးငယ်သွားသည်ကို ခံစားရမည်ဖြစ်ပါကြောင်း၊ ယင်းမှာ တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့တစ်ဒေသကိုဆိုလိုခြင်း မဟုတ်ပါကြောင်း၊ နိုင်ငံတော်အပါအဝင် မိတ်ဖက်အဖွဲ့အစည်းများအားလုံးကို ဆိုလိုခြင်းဖြစ်ပါကြောင်း၊ ယင်းအမြင်နှင့်ကြည့်ပါက နောက်ကြောင်းပြန်ကိစ္စများ၊ အာဃာတများ၊ ပုဂ္ဂိုလ်ရေးမကျေနပ်မှုများ၊ ပြည်ပထိုးဖောက်မှုများ၊ အဖျက်လုပ်ငန်းများ စသည်တို့ ပါမလာအောင် သတိထားရှောင်ရှားပြီး အားလုံးပါဝင်သော All Inclusive ဖြစ်မည့် အစီအစဉ်များ ပေါ်ထွန်းလာရေးအတွက် အားလုံးက စိတ်ရှည်ခြင်း၊ သည်းခံခွင့်လွှတ်ခြင်း၊ မိသားစုစိတ်ဓာတ်၊ သွေးစည်းညီညွတ်မှု၊ အသိတရား၊ သတိတရားကြီးစွာ တည်တည်ငြိမ်ငြိမ်ဖြင့် ချဉ်းကပ်ဖြေရှင်းကြရန် လိုပါကြောင်း၊ ထိုသို့ဖြစ်ရန် မိတ်ဖက်အဖွဲ့အစည်းများအားလုံး၏အချုပ်ဖြစ်သော လွှတ်တော်ကြီးက ကျန်မိတ်ဖက်အဖွဲ့အစည်းများများကို ထိတွေ့ညှိနှိုင်းသွားရန်လိုပါကြောင်း၊ သို့ဖြစ်ပါ၍ မိမိ၏ အဆိုဖြစ်သော **နိုင်ငံတော်၏ ကံကြမ္မာကို ဖန်တီးနိုင်သော နိုင်ငံတော်၏ မဏ္ဍိုင်သုံးရပ်အပါအဝင် ပါဝင်ပတ်သက်သူအားလုံးက နိုင်ငံတော်နှင့် ပြည်သူအတွက် အမြင့်မားဆုံး ရည်မှန်းချက်တစ်ခုတည်းကိုသာ အာရုံရှေးရှု ဆောင်ရွက်သွားကြရန်နှင့် လမ်းကြောင်းမှန်မှ သွေဖည်သွားနိုင်သော ကိစ္စရပ်များကို အထူးရှောင်ရှားကြပါရန် ပါဝင်ပတ်သက်သူအားလုံးကို အလေးအနက် တိုက်တွန်းအပ်ပါကြောင်း** အဆိုကို တင်သွင်းသည်။

ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်သည်။

အစည်းအဝေးကို မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင် ရပ်နားလိုက်ပြီး အစည်းအဝေး(၁၈)ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

မေတ္တာမြို့နယ်ခွဲ ပဇွမ်းချောင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းသို့ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုသည် ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၉ နာရီခွဲတွင် သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပျားသားချောင်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ ဖောင်းတောကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံနှင့် ဆားဗီးယားနိုင်ငံတို့အကြား ယဉ်ကျေးမှုနှင့် ပညာရေးဆိုင်ရာသဘောတူစာချုပ်လက်မှတ်ထိုး

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဆားဗီးယားသမ္မတနိုင်ငံတို့အကြား ယဉ်ကျေးမှုနှင့် ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကို အားပေးရန်အတွက် ယဉ်ကျေးမှုနှင့် ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ ကောင်းကင်နန်းတော်ဟိုတယ်၌ ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူနှင့် ဆားဗီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H. E. Mr.Ivan Mrkic တို့က သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးပြီး အပြန်အလှန်လဲလှယ်ကြသည်။

အဆိုပါ သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ဒုတိယဝန်ကြီးများနှင့်တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

# ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ကနေဒါ ပါလီမန်အတွင်းဝန် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**လက်ခံတွေ့ဆုံ**

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ကနေဒါ ပါလီမန်အတွင်းဝန် H.E. Mr. Deepak Obhrai ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ပြည်ထောင်စု လွှတ်တော်နာယက အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ကနေဒါ ပါလီမန်အတွင်းဝန် H.E. Mr. Deepak Obhrai ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၉နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယ ဥက္ကဋ္ဌ ဦးမြညိမ်း၊ အမျိုးသားလွှတ်တော်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးညွန့်တင်၊ ဦးဆိုင်ပေါင်းနပ်၊ ဗိုလ်မှူးကြီးမောင်မောင်ထူး၊ ဒေါ်နန်းနီနီအေးနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က ပါတီပေါင်းစုံ၊ ကိုးကွယ်သည့် ဘာသာပေါင်းစုံ၊ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ဖြင့် လွှတ်တော်နှစ်ရပ် ဖွဲ့စည်းထားရှိမှု၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော် အစည်းအဝေးများ ကျင်းပဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှု လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ဒီမိုကရေစီစနစ်ဖော်ဆောင်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး နှစ်နိုင်ငံချစ်ကြည်ရေးနှင့် နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်တို့အကြား ဆက်ဆံရေးကဏ္ဍ တိုးမြှင့်ဖော်ဆောင်၍ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံလွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ဝန်ထမ်းများ အပြန်အလှန်လေ့လာရေးခရီးစေလွှတ်ရေး၊ မြန်မာနိုင်ငံလွှတ်တော်စာကြည့်တိုက် ဖွင့်လှစ်နိုင်ရေး၊ လွှတ်တော်ဝန်ထမ်းများအား ကနေဒါနိုင်ငံ၏ရင့်ကျက်သော လွှတ်တော် အတွေ့အကြုံများကို သင်တန်းပေးရေးနှင့် တစ်နိုင်ငံလုံးတွင် ဒီမိုကရေစီယဉ်ကျေးမှု ထူထောင်နိုင်ရေးအတွက် ပျိုးထောင်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

# ဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သက်သက်ဇင်သည် ရန်ကုန်တိုင်းဒေသကြီး မြောင်းတကာစက်မှုဇုန် စက်မှုဇုန်ကြီးကြပ်ရေးကော်မတီရုံးသို့ ဖေဖော်ဝါရီ ၁၈ ရက် နံနက်ပိုင်းတွင် ရောက်ရှိပြီး စက်မှုဇုန်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများအား တွေ့ဆုံသည်။ **(အပေါ်ပုံ)**

**ဆွေးနွေးမှာကြား**

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီးက မြောင်းတကာစက်မှုဇုန်သည် အခြားစက်မှုဇုန်များထက် မြေနေရာကျယ်ဝန်း၍ ဆောင်ရွက်ထားရှိသည့်စနစ်များ စနစ်ကျကောင်းမွန်ကြောင်း၊ စက်ရုံများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်အပေါ် သက်ရောက်လာနိုင်သောဆိုးကျိုးများကို ကြိုတင်မျှော်တွေး၍ Master Plan များ ရေးဆွဲထားရန် လိုအပ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို ဟန်ချက်ညီထိန်းကျောင်း ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ လက်ရှိတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကို ထုတ်ပြန်ပြီးဖြစ်၍ မကြာမီတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေကို ထုတ်ပြန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထွက်ရှိလာမည့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေနှင့်အညီ Environmental Impact Assessment လုပ်ထားရန်နှင့် ဖြေရှင်းရန် Environmental Management Plan ရေးဆွဲထားရန် လိုအပ်ကြောင်း၊ စက်မှုဇုန် ကြီးကြပ်ရေးကော်မတီဝင်များ ကိုယ်တိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများကို ကျေညက်စွာနားလည်ပြီး ကော်မတီမှတစ်ဆင့် စက်မှုဇုန်ရှိ လုပ်ငန်းရှင်များအား ရှင်းလင်းပြောကြား လိုက်နာရန် တွန်းအားပေး ဆောင်ရွက်စေလိုကြောင်း၊ ရာသီဥတုပြောင်းလဲမှုဒဏ်ကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်သည့် သစ်ပင်များစိုက်ပျိုးရေးကိုလည်း စက်မှုဇုန်ဝန်းကျင်တွင် ပိုမို တိုးချဲ့စိုက်ပျိုးရေးနှင့်စိုက်ပျိုးပြီး သစ်ပင်များရှင်သန်ရေး အသီးသီး တာဝန်ယူ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြစေရန် စက်မှုဇုန်အစည်းအဝေးများတွင် ထည့်သွင်း ပြောကြားပေးပါရန် ဆွေးနွေးမှာကြားသည်။

ယင်းနောက် မီးခိုးထွက်ရှိမှု လျှော့ချနိုင်ရေး ရွှေ့ပြောင်းစမ်းသပ်ဆောင်ရွက်မှုအနေဖြင့် တပ်ဆင်အသုံးပြုရန် လုပ်ဆောင်နေသည့် ရန်ကုန်ကရောင်း (Yangon Crown) သံရည်ကျို သံနန်းဆွဲစက်ရုံကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သစ်တောဦးစီးဌာန ဗဟိုသစ်တောလုပ်ငန်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေးဌာနသို့သွားရောက်၍ သင်တန်းကျောင်း၏ လက်ရှိဆောင်ရွက်လျက်ရှိသောလုပ်ငန်းများနှင့် ဖွင့်လှစ်သင်ကြားလျက်ရှိသော သင်တန်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

**(သတင်းစဉ်)**

# ပြတိုက်များ ဖွင့်ရက်တိုးမြှင့်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

အမျိုးသားပြတိုက် ရန်ကုန်အပါအဝင် ရှေးဟောင်းသုတေသနပြတိုက်များ၊ ပြည်နယ်ယဉ်ကျေးမှုပြတိုက်များ စုစုပေါင်း ၃၀ ကို ရက်သတ္တတစ်ပတ်လျှင် တနင်္လာနေ့နှင့် အင်္ဂါနေ့တို့ကို ပိတ်ရက်အဖြစ်သတ်မှတ်ပြီး ကျန်ငါးရက်ကို နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ဖွင့်လှစ်ပြသလျက်ရှိသည်။

ယခုအခါ ပြည်တွင်းပြည်ပ ဧည့်သည်များ၏ တောင်းဆိုတင်ပြချက်များအရ ၂၀၁၃ ခုနှစ် ဧပြီ ၁ ရက်မှစ၍ အမျိုးသားပြတိုက် ရန်ကုန်အပါအဝင် ရှေးဟောင်းသုတေသနပြတိုက်များ၊ အထိမ်းအမှတ်ပြတိုက်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ယဉ်ကျေးမှုပြတိုက်များကို ပြန်တမ်းဝင် ရုံးပိတ် ရက်များနှင့် အပတ်စဉ် တနင်္လာနေ့ တစ်ရက်တည်းကိုသာ ပြတိုက်ပိတ်ရက် အဖြစ်သတ်မှတ်ပြီး ကျန်ခြောက်ရက်ကို နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကျေးရွာနေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ တိုးမြှင့်ရရှိရေး ရုံးဖွင့်လှစ်နိုင်ခြင်းမရှိသည့်မြို့နယ်များ Mobile Team များဖြင့်ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ဖေဖော်ဝါရီ ၁၅ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် တောင်တွင်းချောင်ဒေသရှိ သိမ်ကုန်းကျေးရွာနှင့် အင်းကုန်းကျေးရွာတို့မှ ပြည်သူများနှင့် တွေ့ဆုံ၍ လက်ရှိအစိုးရ၏ ပထမအဆင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ၊ ဒုတိယအဆင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများနှင့် ယခုတတိယအဆင့် အခြေခံပြည်သူများဖြစ်သော အလုပ်သမား၊ လယ်သမားများအတွက် တိုက်ရိုက်အကျိုးဖြစ်ထွန်းမည့် ပြုပြင်ပြောင်းလဲမှုများကို သိရှိနားလည်နိုင်ရေး ရှင်းလင်းဆွေးနွေးခဲ့သည်။

ပြည်ထောင်စု ဝန်ကြီးသည် ဖေဖော်ဝါရီ ၁၆ ရက်တွင် ကြာပင်ကျေးရွာနှင့် အနောက်ကိုင်းကျေးရွာတို့ရှိ ဒေသခံပြည်သူများနှင့်လည်း တွေ့ဆုံခဲ့သည်။ ထို့နောက် ကလေးဝမြို့ရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် ဗဟိုပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံးများမှ ဝန်ထမ်းများနှင့်တွေ့ဆုံကာ ကျေးရွာနေပြည်သူလူထုများ အလုပ်အကိုင်အခွင့်အလမ်းများ တိုးမြှင့်ရရှိရေးအတွက် ရုံးဖွင့်လှစ်နိုင်ခြင်းမရှိသည့်မြို့နယ်များကို Mobile Team များဖြင့် ဆောင်ရွက်နိုင်ရေး မှာကြားပြီး အသစ်ဆောက်လုပ်လျက်ရှိသော ကလေးဝမြို့ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန (မြို့နယ်ရုံး) တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မင်းကင်းမြို့သို့ ရောက်ရှိပြီး ရှားတောကျေးရွာနှင့် သဘော်ကျေးရွာတို့မှ ကျေးလက်ပြည်သူများနှင့် လည်းကောင်း၊ ဖေဖော်ဝါရီ ၁၇ ရက်တွင် မင်းကင်းမြို့ရှိ ဒေသခံပြည်သူများ၊ မင်းကင်းပတ်ဝန်းကျင်ရှိ ဦးကြီးကျေးရွာ၊ ကျေးနင်းကျေးရွာနှင့် အံ့စရာကျေးရွာများ၌ ဒေသခံပြည်သူများနှင့် လည်းကောင်း၊ ဖေဖော်ဝါရီ ၁၈ ရက်တွင် မင်းကင်းမြို့နယ် မောက္ကတော်ကျေးရွာ၊ ပန်းဆက်ကျေးရွာ၊ မြေခြားကျေးရွာနှင့် ဇင်ကလဲကျေးရွာတို့၌ ဒေသခံ ပြည်သူများနှင့်လည်းကောင်း တွေ့ဆုံပြီး မင်းကင်းမြို့နှင့် မင်းကင်းမြို့နယ်အတွင်းရှိ ကျေးရွာများအတွက် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကိုယ်ထူ ကိုယ်ထမြို့မီးလင်းရေးတို့အတွက် စုစုပေါင်း ငွေကျပ် ၁၁၅ ဒသမ ၅ သိန်း၊ Sky Net ရုပ်သံဖမ်းစက် အလုံး ၃၀ နှင့် စူပါကော်ဖီမစ် ၁၀ဖာတို့ကို ပေးအပ်လှူဒါန်းခဲ့သည်။

ပြည်ထောင်စု ဝန်ကြီးသည် ဖေဖော်ဝါရီ ၁၉ရက် နံနက်ပိုင်းတွင် မုံရွာမြို့ရှိ တိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနရုံး၌ ဝန်ကြီးဌာနအောက်ရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ လူမှုဖူလုံရေးအဖွဲ့၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာနနှင့် ဗဟိုပြည်တွင်း ကုန်တင်ကုန်ချကော်မတီရုံးများမှ ဝန်ထမ်းများအား တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တောင်ပိုင်းဒေသများ နေရာကွက်၍ မိုးအနည်းငယ်ထစ်ချုန်းနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

**ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ မွန်ပြည်နယ်တွင် ဖေဖော်ဝါရီလ၏ပျမ်းမျှအပူချိန်ထက် ၆ ဒီဂရီစင်တီဂရိတ်၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ ဟဲဟိုးမြို့နှင့် ဟားခါးမြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီ၊ ပူတာအိုမြို့နှင့် ပင်လောင်းမြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် လှိုင်းအသင့်အတင့်ဖြစ်ထွန်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။

**နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင်** ယနေ့ အများအားဖြင့် သာယာမည်။

**သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ**

# ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဗြိတိန်နိုင်ငံ၏ အစိုးရအဖွဲ့ရုံးဝန်ကြီး အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ဗြိတိန်နိုင်ငံ၏ အစိုးရအဖွဲ့ရုံးဝန်ကြီး Rt.Hon Francis Maude ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စု လွှတ်တော်နာယက အမျိုးသား လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော်ကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသည့် ဒေါက်တာမြဦး၊ ဒေါက်တာမြင့်ကြည်၊ ဗိုလ်မှူးကြီး မောင်မောင်ထူး၊ ဒေါ်ခင်ဝိုင်းကြည်နှင့် လွှတ်တော်ရုံးမှတာဝန်ရှိသူများ တက်ရောက်ကြပြီး ဗြိတိန်နိုင်ငံ၏ အစိုးရအဖွဲ့ရုံးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူမြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီးလည်း တက်ရောက်သည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စု လွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းနှင့် မြန်မာလွှတ်တော်များ ပေါ်ပေါက်လာမှုအခြေအနေ၊ မြန်မာလွှတ်တော်၏ ဆောင်ရွက်ချက်များနှင့် လွှတ်တော်ကိုယ်စားလှယ်များအား စွမ်းရည်မြှင့်တင်ရေးစီစဉ်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး နှစ်နိုင်ငံ လွှတ်တော် ကိုယ်စားလှယ်များနှင့် လွှတ်တော်ဝန်ထမ်းများအပြန်အလှန် လေ့လာရေးခရီး စေလွှတ်ရေး၊ နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်အကြား လွှတ်တော်ဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာလွှတ်တော်စာကြည့်တိုက်အတွက် အကူအညီပေးရေး၊ မြန်မာလွှတ်တော် စာကြည့်တိုက်နှင့် ဗြိတိန်လွှတ်တော်စာကြည့်တိုက်တို့အကြား Network ချိတ်ဆက်ရေးတို့နှင့် စပ်လျဉ်း၍ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

## ပြည်တွင်းသတင်း

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဗြိတိန်နိုင်ငံ၏ အစိုးရအဖွဲ့ရုံးဝန်ကြီး Rt.Hon Francis Maude အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံအမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

# ၂၀၁၄ ခုနှစ် အာဆီယံ အလှည့်ကျဥက္ကဋ္ဌ တာဝန်ယူရေးနှင့် အာဆီယံအသိုက်အဝန်း ထူထောင်ရေးဆိုင်ရာ ထိပ်သီးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပရေးကော်မတီ ဒုတိယအကြိမ်စည်းဝေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံသည် အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ကို ၂၀၁၃ ခုနှစ် အောက်တိုဘာလတွင် ဘရူနိုင်းနိုင်ငံမှ လွှဲပြောင်းလက်ခံမည်ဖြစ်ရာ အချိန်ရှစ်လမျှသာ ကျန်ရှိတော့သည်ဖြစ်သည်။ အာဆီယံအလှည့်ကျဥက္ကဋ္ဌသည် ထိပ်သီးနှင့်ဆက်စပ် အစည်းအဝေးများကို အိမ်ရှင်အဖြစ် လက်ခံကျင်းပပေးရန်ရှိသည့် အားလျော်စွာ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ယူရာတွင် အာဆီယံအသိုက်အဝန်းထူထောင်မှုနှင့် ပတ်သက်သည့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများအားလုံး ပါဝင်၍ ညှိနှိုင်း၊တာဝန်ခွဲဝေသတ်မှတ်လျက် ကြိုတင်ပြင်ဆင်မှုများကို ပြုလုပ်လျက်ရှိသည်။ အစိုးရအဖွဲ့ဝန်ကြီးဌာနများအကြား ပူးပေါင်းညှိနှိုင်း ဆောင်ရွက်သွားနိုင်ရန်နှင့် မူဝါဒပိုင်းဆိုင်ရာ ကြီးကြပ်ညွှန်ကြားသွားနိုင်ရန်ဒုတိယသမ္မတ ဦးဆောင်သည့် ၂၀၁၄ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ယူရေးနှင့် အာဆီယံအသိုက်အဝန်း ထူထောင်ရေးဆိုင်ရာ ဗဟိုကော်မတီတစ်ရပ်အားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ ပါဝင်ဖွဲ့စည်းထားသည့် ထိပ်သီးနှင့်ဆက်စပ် အစည်းအဝေးများ ကျင်းပရေးကော်မတီတစ်ရပ်အားလည်းကောင်း ဖွဲ့စည်းထားရှိပြီး ယင်းကော်မတီများ အောက်တွင် ဆပ်ကော်မတီ(၁၇)ခု အားလည်းကောင်း၊ ဘာသာရပ်ဆိုင်ရာကော်မတီနှင့် လုပ်ငန်းအဖွဲ့များကိုလည်းကောင်း ဖွဲ့စည်း၍လုပ်ငန်းတာဝန်များ ဆောင်ရွက်လျက်ရှိသည်။

၂၀၁၄ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ယူရေးနှင့်အာဆီယံအသိုက်အဝန်း ထူထောင်ရေး ဆိုင်ရာထိပ်သီးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပရေးကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန စတုရင်္ဂဗလအစည်းအဝေးခန်းမ၌ ကျင်းပရာ **(အပေါ်ပုံ)** ထိပ်သီးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပရေးကော်မတီဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ထိပ်သီးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပရေး ကော်မတီသည် လာမည့် ၂၀၁၄ ခုနှစ် အာဆီယံ အစည်းအဝေးများ အောင်မြင်စွာ ကျင်းပနိုင်ရန် ဘာသာရပ်ပိုင်းဆိုင်ရာ ကိစ္စရပ်များတွင်သာမက အစည်းအဝေးများကျင်းပရေး လုပ်ငန်းပိုင်းဆိုင်ရာ ကိစ္စရပ်များတွင် လည်း လေးနက်စွာ ညှိနှိုင်းဆောင် ရွက်ပြီး ဗဟိုကော်မတီသို့ ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း၊ ၂၀၁၄ခုနှစ် အာဆီယံဥက္ကဋ္ဌ တာဝန်အတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ရာတွင် ပြည်တွင်း ပြည်ပမှလိုအပ်သောအကူအညီများကို ရှာဖွေရယူသွားမည်ဖြစ်ကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်နိုင်ငံတကာအဖွဲ့အစည်းများမှစွမ်းရည်ထူထောင်မှုနှင့် အခြားသော အကူအညီ အထောက်အပံ့များကို လက်ခံပြီး လုပ်ငန်းတာဝန်များကို ဆက်လက်ဆောင်ရွက်နေကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူရေးနှင့် အာဆီယံအသိုက်အဝန်းထူထောင်ရေးဆိုင်ရာ ထိပ်သီးနှင့်ဆက်စပ် အစည်းအဝေးကော်မတီဝင်များနှင့် ဆပ်ကော်မတီ(၁၇)ခုတို့မှ ဥက္ကဋ္ဌများက ဆပ်ကော်မတီများအလိုက်ဆောင်ရွက်ပြီးစီးသည့်လုပ်ငန်းများ၊ ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## သံအမတ်ကြီး သီရိပျံချီဦးထွန်းနေလင်းအား ချီလီနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးအဖြစ်ပူးတွဲခန့်အပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဘရာဇီးဖက်ဒရယ် သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး သီရိပျံချီ ဦးထွန်းနေလင်းအား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် ချီလီသမ္မတနိုင်ငံဆိုင်ရာအထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

## သံအမတ်ကြီး ဦးစိုးနွယ်အား ဩစတြီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံဆိုင်ရာအထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးစိုးနွယ်အား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ဩစတြီးယား သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

## တီမောလက်စ်တေဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတထံ သံအမတ်ကြီး ဦးမင်းလွင်က ၎င်း၏ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

တီမောလက်စ်တေဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမင်းလွင်သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၃ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် ဒီလီမြို့၌ တီမောလက်စ်တေဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတ မစ္စတာတော်မာတန် ရောက်ခ်ထံပေးအပ်ခဲ့ပြီး ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဖင်လန်သမ္မတနိုင်ငံ သမ္မတထံ သံအမတ်ကြီး ဦးစိုးနွယ်က ၎င်း၏ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ဖင်လန်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးစိုးနွယ်သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် ဟယ်လ်စင်ကီမြို့၌ ဖင်လန်သမ္မတနိုင်ငံသမ္မတ မစ္စတာ ဆူလီ ဗွိနမို နီနီစတိုထံ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံတကာ ဂေါက်သီးအကျော်အမော်များယှဉ်ပြိုင်မည့် ဇေကမ္ဘာမြန်မာအိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲစတင်ကျင်းပ

အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ဇေကမ္ဘာကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် တာဝန်ရှိသူများ ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

၂၀၁၃ ဇေကမ္ဘာ မြန်မာအိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီက ရန်ကုန်မြို့ မင်္ဂလာဒုံ ဥယျာဉ်မြို့တော်ရှိ ရွှိုင်ရယ်မင်္ဂလာဒုံဂေါက်ကွင်း Club House မျက်နှာစာတွင် ကျင်းပရာ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ဇေကမ္ဘာ ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် Sponsor ကုမ္ပဏီများမှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် Asian Tour တို့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ သံရုံးများမှ သံအမတ်ကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် ရှေးဦးစွာ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက အဖွင့်အမှာစကား ပြောကြားပြီး ဇေကမ္ဘာကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက အမှာစကားပြောကြားသည်။ ဆက်လက်၍ Asian Tour မှ Executive Chairman ဦးကြည်လှဟန်က ပြိုင်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ဇေကမ္ဘာကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ လွယ်ဟိန်းကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်းနှင့် Asian Tour မှ Executive Chairman ဦးကြည်လှဟန်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားအစီအစဉ် ဒုတိယပိုင်းတွင်ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ဇေကမ္ဘာကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် Asian Tour မှ Executive Chairman ဦးကြည်လှဟန်တို့က အမှတ်(၁) တီခုံတွင် ဂေါက်သီးရိုက်၍ ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ပြိုင်ပွဲကို နိုင်ငံတကာမှ ဂေါက်သီး အကျော်အမော်များ အပါအဝင် ကစားသမားစုစုပေါင်း ၁၄၀ ကျော် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ လက်ရှိချန်ပီယံဩစတြေးလျနိုင်ငံသား ကီရန်ပရတ်အပါအဝင် အာရှမှ ဂေါက်သီးအကျော်အမော်များ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး မြန်မာနိုင်ငံမှလည်း ပရိုဂေါက်သီးသမား ၁၆ ဦး၊ အပျော်တမ်းဂေါက်သီးသမားခြောက်ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ၂၀၁၃ ဇေကမ္ဘာ မြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ ပရိုဂေါက်သီးရိုက်ကစားသမားများမှာ ဇော်ဇော်လတ်၊ ဘိုဘို၊ ရန်မျိုးအေး၊ လှမျိုး၊ နေဗလဝင်းမြင့်၊ စိုးကျော်နိုင်၊ အောင်ဝင်း၊ ကျော်သီဟ၊ သိန်းဇော်မြင့်၊ ယဉ်အောင်လတ်၊ အောင်ဆန်းဝင်း၊ ကျော်သီဟ၊ သိန်းဇော်မြင့်၊ ယဉ်အောင်လတ်၊ အောင်ဆန်းဝင်း၊ ဇော်ပိုင်လင်း၊ နိုင်နိုင်လင်း၊ မိုးမိုးဝင်း၊ မြင့်ရွှေ၊ ဇော်ဇင်ဝင်းတို့ဖြစ်ကြပြီး အပျော်တမ်း ဂေါက်သီးကစားသမားများဖြစ်ကြသည့် ဇင်မင်းသူ၊ မျိုးဝင်းအောင်၊ ရဲထက်အောင်၊ စိုးရာဇာအောင်၊ သိန်းနိုင်စိုးနှင့် မောင်မောင်ဦးတို့လည်း ပါဝင်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။ ပြိုင်ပွဲတွင် ဆုကြေးငွေ စုစုပေါင်း အမေရိကန်ဒေါ်လာ သုံးသိန်းချီးမြှင့်မည်ဖြစ်ပြီး အဆင့် (၁)မှ (၆၅) အထိရရှိသူများကို ဆုကြေးငွေများ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာအိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲကို နှစ်နှစ်ဆက်တိုက် စပွန်ဆာပေးထားသူ ဇေကမ္ဘာကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက နိုင်ငံတကာပြိုင်ပွဲကြီးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရန် အခက်အခဲများစွာ ရှိသော်လည်း အောင်မြင်စွာ ကျင်းပနိုင်ရန် ကူညီပေးသည့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် Asian Tour မှတာဝန်ရှိသူများအားလုံးကို ကျေးဇူးတင်ပါကြောင်း၊ ပြိုင်ပွဲကို အာရှတစ်လွှားမှ ချန်ပီယံများ ပါဝင်ယှဉ်ပြိုင်သောကြောင့် အဆင့်မြင့်ပြိုင်ပွဲကြီးတစ်ခု ဖြစ်ပါကြောင်း၊ ယင်းကဲ့သို့ ပြိုင်ပွဲမျိုးကို လက်ခံကျင်းပခွင့်ရရှိခဲ့သည့်အတွက် မြန်မာနိုင်ငံအတွက် ဂုဏ်ယူစရာ ဖြစ်ပါကြောင်း၊ လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၏ အပြောင်းအလဲအပေါ် နိုင်ငံတကာမှ စိတ်ဝင်စားနေပြီး နိုင်ငံပေါင်း ၂၀ ကျော်မှ ဂေါက်သီးကစားသမားများ ပါဝင်ယှဉ်ပြိုင်သည့် ပြိုင်ပွဲကို လက်ခံကျင်းပခွင့်ရရှိခဲ့ခြင်းကြောင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းကို အကျိုးရှိစေမည်ဖြစ်ကြောင်း၊ ယခုပြိုင်ပွဲမှ ရရှိသော အတွေ့အကြုံကောင်းများဖြင့် လာမည့် (၂၇) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန် အထောက်အကူပြုနိုင်မည်ဟု ထင်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ပြိုင်ပွဲအထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲကို ယနေ့ည ၇ နာရီတွင် အဆိုပါဂေါက်သီးကွင်း၌ ကျင်းပခဲ့ပြီး ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၁ရက်မှ ၂၄ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

**သတင်း၊ဓာတ်ပုံ-ဖိုးသော်ဇင်**

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

# အိမ်သာတော့ ဧည့်များလာကြလေပြီ

သတင်းနှင့် ဓာတ်ပုံ-မောင်မောင်စိုး

မြန်မာနိုင်ငံသည် ယခုအခါ အဘက်ဘက်မှ ပွင့်လင်းမြင်သာ တိုးတက်ပြောင်းလဲလာသည်နှင့် အညီ ပြည်ပခရီးသွားနိုင်ငံခြားသား ဧည့်သည်များသည်လည်း မြန်မာနိုင်ငံအတွင်းသို့ နေ့စဉ်နှင့်အမျှ လာရောက်ကြသည်မှာ ဝင်လာမစဲ တသဲသဲပင် ဖြစ်ပေသည်။

မန္တလေးမြို့၏ အထင်ကရနေရာများဖြစ်ကြသော မြို့၏ကျက်သရေဆောင် တန်ခိုးကြီး မဟာမြတ်မုနိဘုရားကြီး၊ မန္တလေးတောင်၊ ကုသိုလ်တော်ဘုရား၊ အတုမရှိ ရွှေကျောင်းတော်ကြီး၊ စစ်ကိုင်းမြို့ ကောင်းမှုတော်စေတီ၊ ပလိပ်မြွေဘုရားအစရှိသော မန္တလေးမြို့ ဝန်းကျင်ဒေသများတွင်လည်း ယမန်နှစ်များနှင့်မတူ ပြည်ပခရီးသွား နိုင်ငံခြားသား ဧည့်သည်များ ဝင်ရောက်မှု ပိုမိုများပြားလာသည်ဟု သိရသည်။

အိမ်သာ၍ ဧည့်များလာကြခြင်းဖြစ်သည်။ အမရပူရမြို့(ခေါ်) တောင်မြို့၏ ရှေးဟောင်းသမိုင်းဝင် ဦးပိန်တံတားကြီးသို့ နိုင်ငံခြားသားခရီးသွားဧည့်သည်များ လေအိတ်ကားကြီးများနှင့် လာရောက်ကြည့်ရှုလေ့လာကြရာ သတင်းသမားတစ်ဦးဖြစ်သော စာရေးသူလည်း သတင်းကောင်း တစ်ပုဒ်ရပြီဟု ဆိုကာ မေးမြန်းစေ့ငုကြည့်ရာ "အစ်မတို့ ဒီတစ်ခါနိုင်ငံခြားသား ဧည့်သည်အများစုဟာ အနောက်ဥရောပ နိုင်ငံတွေက ဖြစ်ပါတယ်။ ဗြိတိန်နိုင်ငံနဲ့ ဂျာမနီနိုင်ငံသားအများစု ဖြစ်ပါတယ်။ ဖော်ရွေတဲ့ မြန်မာနိုင်ငံသားများရဲ့ အပြုံးမျက်နှာ၊ သာယာလှပတဲ့ မြန်မာနိုင်ငံ၊ ယခင်နဲ့မတူဘဲ အစစအရာရာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးများနဲ့ တိုးတက်နေတဲ့ မြန်မာပြည်ကို လာလည်ခွင့်ရတဲ့အတွက် အလွန်ပဲ ကျေနပ်ကြ၊ ဝမ်းသာပျော်ရွှင်ကြရပါတယ်။ ကိုယ့်နိုင်ငံကို ပြန်ရောက်တဲ့အခါမှာလည်း သာယာလှပတဲ့ မြန်မာနိုင်ငံအကြောင်းကို ပြောပြမယ်၊ လည်ပတ်သင့်တဲ့ နိုင်ငံတွေထဲမှာ မြန်မာနိုင်ငံက အကောင်းဆုံးဆိုတာ မိတ်ဆွေများကို တိုက်တွန်းမယ်"ဟု နိုင်ငံခြားသားဧည့်သည်များ၏ သဘောထားကို နိုင်ငံခြား ဧည့်လမ်းညွှန် အစ်မကြီးထံမှ သိရှိရသည်။ ပြုံးပျော်ရွှင်နေသော နိုင်ငံခြားသား ခရီးသွားဧည့်သည်များ၏ အပြုံးမျက်နှာများကို မြင်တွေ့ရစဉ် ၎င်းတို့၏အပျော်များပင် စာရေးသူကို ကူးစက်စေပါတော့သည်။

# နှစ်ကျပ်ခွဲကျေးရွာတွင် ဓာတ်အားလိုင်းသစ်သွယ်တန်း

ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၂၀

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် နှစ်ကျပ်ခွဲကျေးရွာတွင် လျှပ်စစ်မီးလိုင်းအသစ် သွယ်တန်းနိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအစီအစဉ်ဖြင့် အဖွဲ့ရန်ပုံငွေမှ ငွေကျပ် သိန်း ၃၅၀ ကို ထုတ်ချေးပေးခဲ့ရာ ကျေးရွာမီးလင်းရေးကော်မတီမှ တာဝန်ခံ၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးထံမှတစ်ဆင့် ဖေဖော်ဝါရီ ၇ ရက်က ထုတ်ယူရရှိခဲ့ပြီး မြို့နယ်လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ အကူအညီဖြင့် လိုအပ်သည့်ပစ္စည်းများ ဝယ်ယူကာ ဖေဖော်ဝါရီ ၁၆ ရက်က ကွန်ကရစ်တိုင်များစိုက်ထူခြင်း လုပ်ငန်းကို စတင်ဆောင်ရွက်နေကြောင်း သိရသည်။ တိုင်ပေါင်း ၇၂ တိုင်ထောင်ရမည်ဖြစ်ကြောင်း၊ တိုင်ထူလုပ်ငန်းနှင့် လက်တန်းတပ်ဆင်သည့် လုပ်ငန်းများကို နှစ်ရက်ခန့်အတွင်း အပြီးလုပ်သွားမည်ဖြစ်ကြောင်း၊ လိုင်းနှင့်မလွတ်သော သစ်ပင်သစ်ကိုင်းနှင့် ထန်းပင်တချို့ကို ရှင်းလင်းပြီးလျှင် ကြိုးဆွဲသည့်လုပ်ငန်းကို စတင်နိုင်မည်ဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့် တိုင်ထူ၊ ကြိုးဆွဲခြင်းလုပ်ငန်းကို တစ်ပတ်အတွင်းပြီးမည်ဟု ခန့်မှန်းထားကြောင်း မြို့နယ်လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

နှစ်ကျပ်ခွဲကျေးရွာတွင် အိမ်ခြေ ၈၇၀ ရှိပြီး ယခင်သွယ်တန်းထားသော 11 KVA ဓာတ်အားလိုင်းမှ ထီးတော်လှုပ်ဘုရားနှင့် ဘုရားအနီးဝန်းကျင်ရှိ အိမ် ၁၄၅ အိမ်ကိုသာ မီးသွယ်တန်းပေးနိုင်ခဲ့သဖြင့် မီးမရရှိသည့်အိမ်ခြေ ၇၂၅ အိမ်မှ မီးသွယ်တန်းခွင့်ရရှိရေးအတွက် တိုင်းဒေသကြီးအစိုးရ အစီအစဉ်ဖြင့် 11 KVA လျှပ်စစ် ဓာတ်အား အသစ် တစ်လိုင်းကို သွယ်တန်းနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ (၄၁၈)

**စာပေမြင့်မှ လူမျိုးတင့်မည်**

# စာရေးကိရိယာများလှူဒါန်း

မန္တလေး ဖေဖော်ဝါရီ ၂၀

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ညောင်ကွဲရပ် ရင်တွင်းဖြစ် ပရဟိတ လူမှုကူညီရေးအဖွဲ့မှ အခြေခံပညာ စာမေးပွဲဖြေဆိုရန် စာရေးကိရိယာများ လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၇ရက်က မင်းတဲအီကင်းရပ် အမှတ်(၂၇) အခြေခံပညာ မူလတန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဂုဏ်ပြု**

ရှေးဦးစွာအဖွဲ့ခေါင်းဆောင် ဦးချစ်ဖေက စေတနာတူ၊ဝါသနာတူ ဦးရေ ၄၀မှ ကျောင်းသား ကျောင်းသူများအား ရပ်ကွက်ကျောင်းများတွင် စာရေးကိရိယာများ အခမဲ့ကူညီပေးရခြင်းကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ကြည်လှက ဂုဏ်ပြုကျေးဇူးတင်စကားပြောကြားသည်။

**ပေးအပ်**

ထို့နောက် စာမေးပွဲဖြေဆိုရန် လိုအပ်သော ကျောင်းသား ကျောင်းသူ ၅၀ အား တစ်ဦးလျှင် စာအုပ်လေးအုပ်၊ ခဲတံတစ်ချောင်း၊ ချွန်စက်တစ်ခု၊ ဘောပင်တစ်ချောင်းတို့ကို အဖွဲ့ခေါင်းဆောင်နှင့် တာဝန်ရှိသူများက ပေးအပ်သည်။

အလားတူကျောင်းတွဲရပ်ကွက်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းသား ကျောင်းသူ ၅၀ ကိုလည်း ပေးအပ်ခဲ့ကြောင်း သိရသည်။ (၀၂၆)

# မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီသို့ ဝင်ငွေခွန် ၅ ရာခိုင်နှုန်းလွှဲပြောင်းပေးအပ်

မန္တလေး ဖေဖော်ဝါရီ ၂၀

မန္တလေးတိုင်းဒေသကြီး ပြည်တွင်းအခွန်ဦးစီးဌာနမှ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသို့ ဝင်ငွေခွန် ၅ ရာခိုင်နှုန်းလွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၈ ရက် မွန်းလွဲ ၁ နာရီက အဆိုပါ အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးဖုန်းဇော်ဟန်၊ တိုင်းဒေသကြီးအခွန်ဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြင့်နှင့် မြို့တော်စည်ပင်သာယာရေးကော်မတီဝင် (၁) ဦးမြင့်သိန်း၊ မြို့နယ်အခွန်ဦးစီးဌာနမှူးများနှင့် အရာထမ်းအမှုထမ်းများ တက်ရောက်ကြသည်။

တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးက ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ဒုတိယနှင့်တတိယ သုံးလပတ်အတွက် မန္တလေးမြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ မြို့နယ် ခြောက်မြို့နယ်မှ ဝင်ငွေခွန် ဥပဒေပုဒ်မ (၅၉) အရ ကောက်ခံရရှိသော ဝင်ငွေခွန်မှ ၅ ရာခိုင်နှုန်းဖြစ်သည့် ငွေကျပ်သန်းပေါင်း ၄၆၁ ဒသမ ၆၅၄ သန်းကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသို့ လွှဲပြောင်းပေးအပ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် မြို့နယ်အလိုက် အခွန်ဦးစီးမှူးများက ကောက်ခံရရှိသော ဝင်ငွေခွန် ၅ ရာခိုင်နှုန်းကို အခွန်ဌာနမှူး ဦးအောင်စိုးထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရှိရသည်။

အေးမြ(မန္တလေး)

# ထီးလိုမင်းလိုဘုရားကြီး ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပ

ညောင်ဦး ဖေဖော်ဝါရီ ၂၀

ပုဂံ-ညောင်ဦးမြို့နယ်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ထီးလိုမင်းလို ဘုရားကြီး၏ ဆဋ္ဌမအကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၉နာရီက ဘုရားရင်ပြင်တော်၌ကျင်းပရာ ညောင်ဦးမြို့ မြစည်းခုံကျောင်း ဆရာတော် ဘဒ္ဒန္တသုဇာတနှင့် နထောင့်ကျောင်း ဆရာတော်ဘဒ္ဒန္တသံဝရ အမှူးပြုသော ပင့်သံဃာတော်(၆၅)ပါး ကြွရောက်တော်မူပြီး ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကြိုင်(ပုဂံမြို့သစ်)၊ အတွင်းရေးမှူးဦးတင်လှဦး(တောင်ဘီလယ်ယား)၊ တွဲဖက်အတွင်းရေးမှူး ဦးညွန့်မောင်(ဝက်ကြီးအင်း)နှင့် ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များက သံဃာတော်များအားဆွမ်းသပိတ်လုံးနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို လောင်းလှူပူဇော်ကြကြောင်း သိရှိရသည်။

သီဟကျော်(ပုဂံ)

# ယာဉ်အန္တရာယ်လျော့ကျရေး ပညာပေးဟောပြော

မန္တလေး ဖေဖော်ဝါရီ ၂၀

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် မန္တလေးပထမနှစ် ကျောင်းသား ကျောင်းသူများ၏ Total Personal and Professional Development Programme အဖြစ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးနှင့် ယာဉ်အန္တရာယ် လျှော့ချရေး ပညာပေးဟောပြောပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၉ ရက်က အဆိုပါ တက္ကသိုလ် စာသင်ခန်းမ (၂)၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲမှူးသိန်းကိုကိုနှင့် ရဲအုပ်မြင့်စိုးတို့က ရှင်းလင်းဟောပြောပြီး ယာဉ်ထိန်းရဲမေတပ်ဖွဲ့ဝင်များက ယာဉ်သွားလာမှုဆိုင်ရာများကို သရုပ်ပြခဲ့သည်။ ထို့နောက် ခေတ္တပါမောက္ခချုပ် ပါမောက္ခဒေါက်တာရွှေတိုးက ဂုဏ်ပြု လက်ဆောင်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)


ဂုဏ်ယူဝမ်းမြောက်ခြင်း

NAING Family Co. Ltd.၏ (၂၈)ဆိုင်မြောက် ချယ်ရီဦး နာရီဆိုင် (မှည်ဆိုင်ခွဲ)အား အမှတ်(၁၁၈)၊ လမ်းမတော်လမ်းနှင့် ပွဲစားလမ်းထောင့်၊ ကျောင်းကြီးအိုးတန်းရပ်ကွက်၊ ပြည်မြို့၌ (၉.၂.၂၀၁၃)ရက်နေ့တွင် ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ...

NAING Group Capital Co. Ltd.
NAING Group Construction Co. Ltd.
Myanmar New Generation Design Co. Ltd.
Champion Construction Materials Co. Ltd.
Geo-Tech Pile Co. Ltd.
NAING Group Realty Co. Ltd.
Champion Construction Co. Ltd.
Lucky $O_2$ Oxygen & Argon Gas Plant Co. Ltd.
Lucky Concrete Precast Products Manufacturing Co. Ltd.
Grand Paradise Landscape Co. Ltd.

# သာစည်မြို့ မယ်ဇလီကန်ကျေးရွာမှ ဈေးကွက်ဝင် မီးဖိုချောင်သုံး အုတ်မီးဖိုများ

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့ လှိုင်းတက် ကျေးရွာအုပ်စု မယ်ဇလီကန်ကျေးရွာမှ ဈေးကွက်ဝင် မီးဖိုချောင်သုံး အုတ်မီးဖိုများ ပြုလုပ်ရောင်းချလျက်ရှိကြောင်း သိရသည်။

မီးဖိုလုပ်သည့်မြေစေးအဝါကိုရွာနှင့် နှစ်မိုင်ခန့်ဝေးသည့် တောထဲ မှ တူးဖော်ပြီး လှည်းနှင့်သယ်ယူရကြောင်း၊ ကိုယ်တိုင်သွားရောက်တူးဖော်ယူရန် အခက်အခဲ ရှိသူများ အနေဖြင့် မြေလှည်းတစ်စီးကို ငွေကျပ် ၂၅၀၀မှ ၃၂၀၀အထိ ပေးပြီး မြေသယ်ရောင်းသူများထံမှ ဝယ်ယူရကြောင်း၊ ထိုမြေကို နေလှန်း၊ ထုချေ အမှုန့်ကြိတ်၊ ဆန်ခါနှင့်အမှုန့် တိုက်ချပြီးဆန်ခါပေါ်တွင်ကျန်ခဲ့သည့် မြေခဲတုံးများကို ရေနှင့်ဖျော်ပြီး အမှုန့်ချထားသည့် မြေမှုန်များ နှင့် သမအောင်နယ်ကာ နှပ်ရကြောင်း၊ ထို့နောက် သမ သွားသည့် ရွှံ့မြေတုံးများကို နိုင်သလောက် ခွဲပြီး အတုံး လိုက်ပုံကာ မီးဖို သွန်းသည့် ခုံပေါ်တွင် လက်နှင့် မီးဖိုပုံ သွန်းရကြောင်း၊ ယင်းနောက်အခြောက်ခံပြီး ဓားဖြင့် လေထွက်ပေါက် ထင်းထိုးပေါက်များကို ဖောက်ရကြောင်း၊ မီးသွေးနှင့်ချက်သည့် မီးဖိုရောထင်းနှင့်ချက်သည့် မီးဖိုပါ နှစ်မျိုးစလုံးပြုလုပ်ကြောင်း၊ အပေါက်များဖောက်၍နေပြပြီး မြေစေးနီသုတ်ကာ မီးဖုတ်ရကြောင်း၊ ယင်းသို့ အဆင့်ဆင့် လုပ်ဆောင်ပြီးပါက အဆင်သင့်ချက်ပြုတ်အသုံးပြုနိုင်သောအဆင့် ရောက်သည့် အုတ်မီးဖိုများရကြောင်း၊ မီးဖိုကို သံကြိုးနှင့်ပတ်သည့်မီးဖို၊ သွပ်ပြားထဲတွင် ထည့်သွင်းထားသည့်ကိုင်းဖုံးမီးဖိုဟူ၍ ခွဲခြားပြုလုပ်ထားကြောင်း၊ ကိုင်းဖုံးမီးဖိုသည် တစ်နေရာနှင့်တစ်နေရာ ရွှေ့ပြောင်းအသုံးပြုလျှင် ကိုင်းကနေဆွဲပြီး အလွယ်တကူရွှေ့ပြောင်းနိုင်ကြောင်း၊ ယင်းမီးဖိုသည် သံကြိုးပတ်သည့်မီးဖိုထက် ကျပ်၁၅၀၀ ခန့်ပိုကြောင်း၊ သံပတ်မီးဖိုကို ကျပ် ၁၀၀၀ ဖြင့် ရောင်းပါက သံကြိုးပတ်မီးဖိုကို ကျပ်၂၅၀၀အထိ ရောင်းရကြောင်း မယ်ဇလီကန် ကျေးရွာမှ အုတ်မီးဖိုလုပ်ငန်း တွင်တွင်ကျယ်ကျယ် လုပ်ကိုင်ရောင်းချသူ ဦးသိန်းအောင်က ရှင်းပြသည်။ မယ်ဇလီကန်ကျေးရွာတွင် ဦးသိန်းအောင်နည်းတူ အုတ်မီးဖို ပြုလုပ်ရောင်းချသူ အိမ်ထောင်စု ငါးစု ခန့်ရှိပြီး တခြားအိမ်ထောင်စုများသည် နာမည်ကြီးလှိုင်းတက်သဲရေ အိုးများ ပြုလုပ်ရောင်းချခြင်းကိုလုပ်ကိုင်ကြသည်။မယ်ဇလီကန်ကျေးရွာထွက် အုတ်မီးဖိုများကို သစ်တောဦးစီးဌာနမှ ဆယ်ပြတ် ရာပြတ်လာရောက်ဝယ်ယူမှုများ ရှိသကဲ့သို့ အနီးအနားတစ်ဝိုက်ရှိ သာစည်မြို့ပေါ်ဈေး၊မိတ္ထီလာ၊ပျော်ဘွယ်၊ ကျောက်ပန်းတောင်း၊တောင်သာ၊မြင်းခြံမြို့များ သို့လည်း တင်ပို့ရောင်းချနေရကြောင်း သိရှိရသည်။

**ဦးချမ်းသာ(မိတ္ထီလာ)**

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

# မြို့ဦးစေတီ ဗုဒ္ဓပူဇနိယပူဇော်ပွဲကျင်းပမည်

**ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၂၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့ မြို့ဦးတွင် တည်ထားသော မြို့ဦး အောင်စေတီတော်မြတ်ကြီး၏ စတုတ္ထအကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ဖေဖော်ဝါရီ ၁၈ ရက်(တပို့တွဲလဆန်း ၈ ရက်)မှ မတ်လ ၅ ရက် (တပို့တွဲလပြည့်ကျော် ၈ ရက်) အထိ ၁၆ ရက်တိုင်တိုင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မြို့ဦး အောင်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ဖေဖော်ဝါရီ ၁၈ ရက် မွန်းလွဲ ၁ နာရီမှစတင်၍ ဖေဖော်ဝါရီ ၂၀ ရက်အထိ မဟာပဋ္ဌာန်းဒေသနာတော်များကို ရွတ်ဖတ်ပူဇော်မည်ဖြစ်ပြီး ဖေဖော်ဝါရီ ၂၁၊ ၂၂ ရက်တို့တွင် ပျော်ပွဲရွှင်ပွဲများ ကျင်းပ၍ ဖေဖော်ဝါရီ ၂၃၊ ၂၄ ရက်များတွင် တရားပွဲများ ကျင်းပမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၂၅ ရက်တွင် ဆွမ်းသပိတ်လှုံ လောင်းလှူပွဲ ကျင်းပမည်ဖြစ်ကြောင်းနှင့် မတ်လ ၅ ရက်အထိ ပျော်ပွဲရွှင်ပွဲများအဖြစ် မြန်မာ့ရိုးရာဝိုင်းခြင်းအလှခတ်ပွဲများ၊ ပိုက်ကျော်ခြင်းခတ် ပြိုင်ပွဲများ၊ ချောတိုင်တက်ပွဲနှင့်ခေါင်းအုံးရိုက် ပြိုင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(၄၁၈)**

# အသံမစဲ မဟာပဋ္ဌာန်းနှင့် ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ပူဇော်မည်

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် ကန်သစ်စံပြကျေးရွာ သာသနာလင်္ကာရ ကျောင်းဆရာတော် ဦးစီးပြီး ကျေးရွာဒါယကာ၊ ဒါယိကာမများ စုပေါင်း၍ (၁၃)ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်းပူဇော်ပွဲနှင့် တိပိဋကရေတိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော် ဘဒ္ဒန္တဝံသပါလာလင်္ကာရ ပူဇော်ပွဲကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အစီအစဉ်မှာ ၁၃၇၄ခုနှစ် တပို့တွဲလဆန်း ၁၀ရက် နံနက် ၇ နာရီတွင် ဗုဒ္ဓဘာသာယဉ်ကျေးမှု ဆုနှင်းသဘင်ပွဲကျင်းပမည်ဖြစ်ပြီး ယင်းနေ့ညနေ ၆နာရီတွင် ပိဋကရေ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်း ဆရာတော် ဘဒ္ဒန္တဝံသပါလာလင်္ကာရက နိဗ္ဗာန်ရောက်ကြောင်း တရားတော်ချီးမြှင့်မည် ဖြစ်ကြောင်း သိရှိရသည်။

တပို့တွဲလဆန်း ၁၁ ရက်မှ လပြည့်ကျော် ၁ရက်အထိ (၁၃) ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်း ပူဇော်ပွဲ ကျင်းပမည်ဖြစ်ပြီး တပို့တွဲလပြည့် ကျော် ၁ ရက် နံနက် ၈ နာရီခွဲတွင် ပင့်သံဃာတော်အပါး ၁၀၀ကျော်အား ဆွမ်းဆန်စိမ်း လောင်းလှူပူဇော်ပြီး ကောင်းမှုအစုစုတို့ကို ရေစက်ချ မင်္ဂလာပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။ ယင်းကျောင်းတိုက် အတွင်း သီတင်းသုံးတော်မူသော နှစ်ပေါင်း ၁၀၀ကျော်သက်တမ်းရှိ ရှေးဟောင်းသမိုင်းဝင် မဟာဝိဇယရံသီ ဆုတောင်းပြည့် နီးဘုရား ရုပ်ရှင်တော်မြတ်ကို မည်သူမဆို ဖူးမြော်ပူဇော်နိုင်ကြောင်း သိရသည်။ **(ရောင်နီတင်ဝင်း)**

အမြို့မြို့ အနယ်နယ်ပျံ့သည့် သတင်းစာ မြန်မာ့အလင်း တွင် ကြော်ငြာပါ။

ပြည်တွင်းသတင်း

# ပုသိမ်သူတော်ကုန်းကျေးရွာ အမက (၈၃) မူလွန်ကျောင်းသစ် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်သည် ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၉ နာရီတွင် ပုသိမ်မြို့ Delta Industrial Group ၌ ကျင်းပသည့် အထည်ချုပ်စက်ရုံ တည်ဆောက်နေမှုအခြေအနေများ ရှင်းလင်းတင်ပြခြင်းအခမ်းအနားသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။ ထို့နောက် Delta Industrial Group ၏ အထည်ချုပ်စက်ရုံ တည်ဆောက်နေမှုအခြေအနေများကို မန်နေဂျင်းဒါရိုက်တာအဖွဲ့ဝင် ဦးဇော်လင်းလတ်က ရှင်းလင်းတင်ပြသည်။

**လှည့်လည်ကြည့်ရှု**

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် Great Father Land Construction and Decoration Co., Ltd. တို့ ပူးပေါင်းဆောင်ရွက်သည့် ပုသိမ်မြို့နယ် ကမ်းနီကျေးရွာအုပ်စု သူတော်ကုန်းကျေးရွာ အမှတ် (၈၃) အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ကျောင်းဆောင်သစ်အား ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို မွန်းလွဲ ၁၂ နာရီခွဲတွင် အဆိုပါကျောင်း၌ ကျင်းပရာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါ်ခင်စောမူ၊ တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူး ဦးစိုးမြင့်၊ ပုသိမ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးမောင်ကြည်၊ ပုသိမ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးချစ်ကိုကိုနှင့် အလှူရှင် Great Father Land Construction and Decoration Co., Ltd. ဥက္ကဋ္ဌ ဦးကျော်မြင့်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အခမ်းအနားကို ကျောင်းဆောင်သစ်၌ ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး လူမှုရေးဝန်ကြီးတို့က အမှာစကားပြောကြားကြပြီး Great Father Land Construction and Decoration Co., Ltd.ဥက္ကဋ္ဌက ပေ(၁၂၀×၃၀)ရှိ ကျောင်းဆောင်သစ်နှင့်ပတ်သက်သော စာရွက်စာတမ်းများကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နော်ဖရီးဒါက လက်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ပညာရဲရင့် ပွဲလယ်တင့်**

# ရန်ကုန်ရွှေဈေးကွက် အကျဘက်သို့သာ ဦးတည်နေ

ဈေးကွက်၌ အကယ်ဒမီ အခေါက်ရွှေတစ်ဆယ်သားတုံးအား ဤသို့တွေ့ရစဉ်။

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များရုံးခန်းတွင် ရွှေရောင်းသူ၊ ဝယ်သူများဖြင့် စည်စည်ကားကားရှိလှသည်။ ဈေးနှုန်းများအပြိုင်အဆိုင်အော်နေကြသော်လည်း ရောင်းသူနှင့်ဝယ်သူဈေးမှာ ပွတ်ကာသီကာ ထောင်ဂဏန်းမျှသာ ကွာခြားမှုရှိသည်။

တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းတွင် တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဦးအေးချို(ပုဇွန်တောင်)က အရောင်းအဝယ် ဖြစ်နေသော်လည်း ဆိုင်များတွင် အရောင်းအဝယ်အေးနေကြောင်း၊ တရုတ်နှစ်သစ်ကူးပြီးနောက်ပိုင်း ကမ္ဘာ့ရွှေဈေး တောက်လျှောက်ကျလာသောကြောင့် မြန်မာ့ရွှေဈေးကလည်း ကျလာကြောင်း ပြောကြားသည်။

ရွှေအရောင်းအဝယ်သဘောမှာ ရွှေဈေးကျလာလျှင် အရောင်းအဝယ်ကောင်းတတ်ပြီး ရွှေဈေးတက်လျှင် အရောင်းအဝယ် ထိုင်းတတ်ကြောင်း သိရသည်။ လောလောဆယ်အားဖြင့် ပြီးခဲ့သည့်အပတ်အတွင်းက ရွှေဈေးနှုန်းမှာ သိသိသာသာပြောင်းလဲမှုမရှိဘဲ ဈေးနှုန်းမှာ ပုံမှန်သာရှိနေကြောင်း သိရသည်။ ယခုအခါ ကမ္ဘာ့ရွှေဈေးနှုန်း ကျလာသည့်အတွက် မြန်မာ့ရွှေဈေးနှုန်းမှာလည်း အကျဘက်သို့သာ ဦးတည်လာပြီး ရွှေထည်အရောင်းဆိုင်များ အရောင်းအဝယ် ပိုမိုကောင်းလာနိုင်ကြောင်း ရွှေဘုံသာလမ်း ရွှေရပ်ဝန်းမှ ရွှေကျွမ်းကျင်သူများက ဆိုကြသည်။

ပြီးခဲ့သော ဖေဖော်ဝါရီ ၁၁ ရက်က အမြင့်ဆုံးရွှေဈေးမှာ အခေါက်ရွှေတစ်ကျပ်သားလျှင် ငွေကျပ် ၇၆၂၉၀၀ ဖြစ်ခဲ့ပြီး အနိမ့်ဆုံးဈေးမှာ ဖေဖော်ဝါရီ ၁၈ ရက်၌ တစ်ကျပ်သားလျှင် ငွေကျပ် ၇၄၉၀၀၀ ဈေးရှိနေကြောင်း သိရသည်။ **(ကိုကြီးတင်)**

# သော့တုဖြင့် ဆိုင်ကယ်ခိုးသူအား လက်ရဖမ်းဆီးမိ

**မော်လမြိုင် ဖေဖော်ဝါရီ ၂၀**

မွန်ပြည်နယ် မော်လမြိုင်မြို့ ဖက်တန်းရပ်ကွက်ရှိ လူစည်ကားရာနေရာဖြစ်သည့် မြိုင်ရတနာလေးထပ်ဈေး တောင်ဘက်ခြမ်းတွင် ဖေဖော်ဝါရီ ၉ ရက် နံနက် ၁၀နာရီခွဲက မော်လမြိုင်မြို့ မြို့မရဲတပ်ဖွဲ့စခန်းမှ နယ်ထိန်းတာဝန်ခံ ဒုရဲအုပ် ခင်မောင်ဇော်၊ ဒုတပ်ကြပ်ထွန်းအောင်၊ ဒုတပ်ကြပ် ကျော်ကျော်လင်းတို့အဖွဲ့က သော့တုဖြင့် ဆိုင်ကယ်ခိုးသူအား လက်ရဖမ်းဆီးရမိလိုက်သည်။

ယင်းနေ့တွင် ပေါင်မြို့နယ် မော့်ဘီကျေးရွာနေ ငြိမ်းချမ်းမင်းသည် ဆိုင်ကယ်ကို ဈေးအတွင်းထားပြီး ဈေးဝယ်သွားစဉ် ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ် ဗိုလ်ထွန်းဇံရပ်ကွက် ဗိုလ်မြတ်ထွန်းလမ်းနေ အောင်ထက်(ခ) ဇာနည်အောင် ၂၄ နှစ်က အဆိုပါဆိုင်ကယ်ကို သော့တုဖြင့် စက်နှိုးပြီး ခိုးပြေးရန် ပြုလုပ်စဉ် ရဲတပ်ဖွဲ့က လက်ရဖမ်းဆီးရမိလိုက်သဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။ **(၁၀၇)**

# တရားမဝင်သစ်များနှင့် ကားများ ဖမ်းဆီးရမိ

**ရပ်စောက် ဖေဖော်ဝါရီ ၂၀**

ရှမ်းပြည်နယ် တောင်ကြီးခရိုင် ရပ်စောက်မြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးခိုင်ညွှန့် ခေါင်းဆောင်သည့် သစ်တောဝန်ထမ်း ၁၂ ဦးသည် တရားမဝင် သစ်ဖမ်းဆီးရေးလုပ်ငန်းဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၁၅ ရက် မွန်းလွဲ ၂ နာရီ ၅ မိနစ်က ရပ်စောက်မြို့နယ် ဆတ်သေကျေးရွာအတွင်းတွင် တရားမဝင် အင်ခွဲသား ၃ ဒသမ ၅၁၃၀ တန် သယ်ဆောင်လာသည့် ၉၅/--- ထော်လာဂျီတစ်စီးနှင့်အတူ သစ်ပိုင်ရှင်၊ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း ဦးဇော်ဝင်း ဟိုနားကျေးရွာ တောင်ကြီးမြို့အား ဖမ်းဆီးရမိခဲ့သည်။

ဖေဖော်ဝါရီ ၁၅ ရက် ညနေ ၃ နာရီခွဲတွင် အဆိုပါအဖွဲ့သည် ရပ်စောက်မြို့နယ် နမ့်အွန်-နမ့်စံ ကြိုးပြင်ကာကွယ်တောအတွင်း၌ တရားမဝင် အင်ခွဲသား ၂ ဒသမ ၁၈၉၆ တန် သယ်ဆောင်လာသည့် စ/--- ချက်ပလက် ကားတစ်စီးနှင့်အတူ သစ်ပိုင်ရှင်၊ ယာဉ်မောင်း ဦးစိုးပေ ထီဟော်ကျေးရွာ တောင်ကြီးမြို့နေသူအား ဖမ်းဆီးရမိခဲ့သည်။ ဖေဖော်ဝါရီ ၁၅ ရက် ညနေ ၅ နာရီ ၄၅ မိနစ်တွင် အဆိုပါအဖွဲ့သည် ရပ်စောက် မြို့နယ် ဆတ်သေကျေးရွာ၏ အရှေ့မြောက်ဘက် နှစ်မိုင်ခန့်အကွာ မီးလောင်တံတားအနီး၌ တရားမဝင် ကျွန်းခွဲသား၊ အင်ကြင်းခွဲသား၊ အင်ခွဲသား စုစုပေါင်း ၆ ဒသမ ၄၉၅၄ တန် သယ်ဆောင်လာသည့် ဇ/--- သရီးကရောင်းခြောက်ဘီးကားတစ်စီးနှင့်အတူ သစ်ပိုင်ရှင်၊ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း ဦးသိန်းသန်းဌေး အမှတ် ည/--- ညောင်ဖြူစခန်းရပ်ကွက် စေတီကုန်းလမ်း တောင်ကြီးမြို့ကို ဖမ်းဆီးရမိပြီး သစ်တောဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သစ်တောဦးစီး)**

**UNIQUE STAR** *TRAVELS & TOURS*

PROMOTION (၃)ဦးဝယ်လျှင် + (၁)ဦး အခမဲ့

| | | |
|---|---|---|
| . တောင်ကြီး၊ အင်းလေး | Feb 25/Mar 1,23 | (185,000) |
| . ပုဂံ(စွယ်တော်လေးဆူ)၊ ပုပ္ပါး၊ ပခုက္ကူ | Feb 23/Mar 1,23 | (175,000) |
| . ပုဂံ+မန္တလေး၊ပြင်ဦးလွင် | Feb 23/Mar 1,23 | (175,000) |
| . ပုဂံ+ရွှေစက်တော် | Feb 23/ Mar 1,23 | (175,000) |
| . အလောင်းတော်ကဿပ | Feb 23/Mar 1,23 | (195,000) |
| . ချောင်းသာ HOTEL MAX | Mar 24 | (75,000) |
| . ချောင်းသာ (15,000)/ ငွေဆောင် (20,000)/ ကျိုက်ထီးရိုး | | (12,000) |

No(5), Asia Plaza. 391 372, 391 373, 708 353, 705 723, 09 514 8079.
70/A၊ ကမ္ဘာအေးဘုရားလမ်း။ ဖုန်း။ 09 7310 9133, 09 7310 9144, 09 7310 9155, 09 7310 9166.

### ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မြိုင်မြို့နယ်တရားမရုံးတော်၌
၂၀၁၃ခုနှစ် တရားမကြီးအမှုအမှတ်-၄

ဒေါ်တင်ရွှေ နှင့် ၁။ ဦးရွှေသိန်း၊ ၂။ ဒေါ်ခင်ငွေ၊ ၃။ မခိုင်ဝင်း၊ ၄။ မောင်စံဖဲ၊ ၅။ မောင်အောင်မိုး၊ ၆။ မောင်အောင်ထိုက်၊ ၇။ မောင်မင်းအောင်၊ ၈။ မဇင်မာဦး၊ ၉။ မနီလာစိုး၊ ၁၀။ မစိုးမိုးထွေး၊ ၁၁။ မောင်ကြိုင်သင်း၊ ၁၂။ မောင်ခိုင်စိုး၊ ၁၃။ မောင်ခိုင်မိုး၊ ၁၄။ မစန်းမိုး၊ ၁၅။ မောင်ထက်မောင်၊ ၁၆။ မကြူ၊ ၁၇။ မောင်ကြိုင်မင်း၊ ၁၈။ မောင်မျိုး၊ ၁၉။ မောင်စိုးစံထွေး

**တရားလို** **တရားပြိုင်များ**

၇။ မောင်မင်းအောင်(ဘ)ဦးရွှေငြိမ်း၊ ၁၁။ မောင်ကြိုင်သင်း(ဘ)ဦးချွန်၊ ၁၂။ မောင်ခိုင်စိုး(ဘ) ဦးချွန်၊ ၁၃။ မောင်ခိုင်မိုး(ဘ)ဦးချွန်၊ မှန်ရင်းကျေးရွာ၊ တောင်စုံအုပ်စု၊ မြိုင်မြို့နယ် (ယခုနေရပ်လိပ်စာမသိ) တို့သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဒေါ်တင်ရွှေက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်းသည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် မတ် ၁ရက် (၁၃၇၄ခုနှစ် တပို့တွဲလပြည့်ကျော် ၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဖေဖော်ဝါရီ ၁၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**မင်းအောင်**
**မြို့နယ်တရားသူကြီး**
**မြိုင်မြို့**







### ဖြူးဆရာတော်တပည့် ဖြူးမဟာစည်ပဓာနနာယကဆရာတော်ဘဒ္ဒန္တအဂ္ဂဝရအထူးတရားပွဲ

ဖြူးမဟာစည် သာသနာ့ရိပ်သာများ၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တအဂ္ဂဝရ ဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယ M.A, Ph.D (Thesis), INDIA သည်-

(၁) ၁၉-၂-၂၀၁၃ရက် (၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်)(အင်္ဂါနေ့) ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ဖြူးစာပြန်ပွဲ၊ ဓမ္မသဘင်။
(၂) ၂၀-၂-၂၀၁၃ရက် (၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ရက်) (ဗုဒ္ဓဟူးနေ့) ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နယ်၊ ကျုံတာကျေးရွာဓမ္မသဘင်။
(၃) ၂၁-၂-၂၀၁၃ရက် (၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ရက်) (ကြာသပတေးနေ့) နေပြည်တော်မြို့တော်၊ သာဝတ္တိတရားစခန်းပွဲဓမ္မသဘင်။
(၄) ၂၃-၂-၂၀၁၃ရက် ( ၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ရက်) (စနေနေ့) ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ မယ်ဇလီကျေးရွာဓမ္မသဘင်။
(၅) ၁၀-၃-၂၀၁၃ရက် (၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ရက်)(တနင်္ဂနွေနေ့) ပဲခူးတိုင်းဒေသကြီး၊ဖြူးမြို့နယ်၊ ပင်စင်လမ်း၊ ဖြူးမဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်၊ ရှင်ပြုအလှူပွဲဓမ္မသဘင်။
(၆) ၁၁-၃-၂၀၁၃ရက် (၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၄ရက်) (တနင်္လာနေ့) ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးမြို့၊ အေးသာယာဓမ္မသဘင်။
(၇) ၁၃-၃-၂၀၁၃ရက် (၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၂ရက်) (ဗုဒ္ဓဟူးနေ့) စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ ထန်းတပင်၊ ဇီးကုန်းဓမ္မသဘင်။
(၈) ၁၇-၃-၂၀၁၃ရက် (၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၆ရက်) (တနင်္ဂနွေနေ့) စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ ပင်စိမ်းကင်းကျေးရွာ ဓမ္မသဘင်။
(၉) ၂၅-၃-၂၀၁၃ရက် (၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၁၄ရက်) (တနင်္လာနေ့) ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ မင်းကျောင်းဓမ္မသဘင်။
(၁၀) ၂၆-၃-၂၀၁၃ရက် (၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်)(အင်္ဂါနေ့) ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်၊ အနောက်ကျေးရွာဓမ္မသဘင်။
(၁၁) ၁-၄-၂၀၁၃ရက် (၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ရက်) (တနင်္လာနေ့) ရှမ်းပြည်နယ်တောင်ပိုင်း၊ အောင်ပန်းမြို့၊ နှစ်တစ်ရာပြည့်ဓမ္မသဘင်။
(၁၂) ၂-၄-၂၀၁၃ရက် (၁၃၇၄ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ရက်) (အင်္ဂါနေ့မှ တပေါင်းလကွယ် ဗုဒ္ဓဟူးနေ့ထိ)
မှ
၁၀-၄-၂၀၁၃ရက်ထိ ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ (လုံးခင်း၊ ကာမိုင်း) တရားစခန်းပွဲ ဓမ္မသဘင်။

နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားချီးမြှင့်မည်ဖြစ်ပါကြောင်းနှင့် ဆရာတော်၏ တရားပွဲများကိုပင့်လျှောက်လိုပါက ဖုန်း-၀၉-၅၃၉၀၄၁၇၊ (၀၁-၅၃၀၀၆၈၊ ၅၃၀၁၁၃) (၀၅၄- ၄၀၇၇၃၊ ၀၅၄-၄၀၀၁၂)တို့သို့ ဆက်သွယ်နိုင်ပါသည်။

## နှစ်(၂၀)ပြည့်မင်္ဂလာရက်မြတ်ဆုတောင်း

ချစ်ရသောကျေးဇူးရှင်ဖေဖေ ဦးခင်မောင်ညွှန့်(လ/ထ)ဦးစီးမှူး ပြည်တွင်းအခွန်များဦးစီးဌာနနှင့် မေမေ ဒေါ်ညွှန့်ကြည်တို့၏ ၂၁-၂-၂၀၁၃ရက်တွင် ကျရောက်သော နှစ်(၂၀)ပြည့် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သား၊ သမီးနှင့်အတူ ကျန်းမာပျော်ရွှင်စွာဖြင့် ရွှေလက်မြဲတွဲလျက် လောကီ လောကုတ္တရာနှစ်ဖြာသောအကျိုးကို ဆောင်ရွက်ရင်း သက်ဆုံးတိုင်အောင်မြင်သောနေ့ရက်များကို ရရှိပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

**ချစ်သားကြီး - ဒုဗိုလ်ရဲသွေး(ခ)မင်းဗိုလ်ဗိုလ်ညွှန့် (ကော့သောင်းမြို့)**
**ချစ်သမီးငယ် - မိအိမ့်သူသူညွှန့် Grade-9**
**ပညာနန်းတော်ကိုယ်ပိုင်အထက်တန်းကျောင်း**

နိုင်ငံတကာအားကစားသတင်း

မိုးမြင့်လင်းလက် ရေးသားသည်

ချန်ပီယံလိဂ်ရှုံးထွက် ပထမအကျော့ပွဲစဉ်တွေကို ဖေဖော်ဝါရီ ၂၀ ရက်နံနက်က ဆက်လက်ယှဉ်ပြိုင် ကစားတဲ့အခါ အိမ်ကွင်းအမ်းမရိတ်မှာ အာဆင်နယ်တို့ ရှုံးပွဲကြုံပြီး နည်းပြအာစင်ဝင်းဂါးလည်း မျက်နှာပျက်စရာ ဖြစ်ခဲ့ရပါတယ်။ ပေါ်တိုတို့ကတော့ မာလာဂါကို အနိုင်ကစားခဲ့ပေမယ့် ဂိုးမပြတ်ခဲ့ပါဘူး။ ဒါပေမယ့် ပေးဂိုးမရှိခဲ့လို့ ဒုတိယအကျော့အတွက် စိတ်အားတက်စရာဖြစ်ခဲ့ရပါတယ်။ ဘယ်လိုပဲရလဒ်ပြတ်သားပေမယ့် ဒုတိယအကျော့ပွဲစဉ်မှာ အဆုံးအဖြတ်ပေးမှာမို့ နောက်ပွဲဒုတိယအကျော့မှာ စိတ်ခါတ်ပြင်းပြင်းနဲ့ ဆင်နွှဲကြရဦးမှာဖြစ်ပါတယ်။

အာဆင်နယ်အသင်းဘက်သို့ ဘိုင်ယန်မြူးနစ်ကစားသမားများ ထိုးဖောက်ကစားမှုကို ဤသို့ တွေ့ရသည်။

# အိမ်ကွင်းမှာဘိုင်ယန်ကိုရှုံးပြီး ချန်ပီယံလိဂ်မျှော်လင့်ချက်မှုန်ဝါးသွားတဲ့အာဆင်နယ်

**အာဆင်နယ် ၁-၃ ဘိုင်ယန်မြူးနစ်**

အိမ်ရှင်အာဆင်နယ်ဟာ ပွဲစတင်ကတည်းက အဖွင့်ဂိုးရရှိဖို့အတွက် တိုက်စစ်ဖွင့်ကစားခဲ့ပေမယ့် တစ်သင်းလုံးဟန်ချက်ညီညီနဲ့ အမှားအယွင်းမရှိ ကစားနိုင်တဲ့ ဘိုင်ယန်မြူးနစ်တို့ကြောင့် ထင်တိုင်းမပေါက်ခဲ့ပါဘူး။ ခံစစ်ကို လုံအောင်ထားပြီး တိုက်စစ်ကိုစနစ်တကျ ထိုးဖောက်ကစားခဲ့တဲ့ ဘိုင်ယန်မြူးနစ်ဟာ ပွဲချိန် ၇ မိနစ်မှာပဲ ညာဘက်မှ သောမတ်စ်မူလာ ဂိုးရှေ့ကိုဖြတ်တင်ပေးလိုက်တဲ့ ဘောလုံးကို ကွင်းလယ်လူ တိုနီခရူးစ်က ကန်သွင်းနိုင်ခဲ့တာကြောင့် ဘိုင်ယန်မြူးနစ်တို့ အဖွင့်ဂိုးရရှိသွားခဲ့ပါတယ်။ ဒီဂိုးဟာ အာဆင်နယ်နောက်ခံလူတွေရဲ့ အားနည်းချက်ကြောင့်လည်း ပါဝင်ပြီး တိုနီခရူးစ်ရဲ့ ကန်သွင်းချက်ကလည်း မှန်ကန်ခဲ့လို့ ဖြစ်ပါတယ်။ အာဆင်နယ်တို့ကစားကွက်တည်မရဘဲ ကွင်းလယ်ကစားအားကိုလည်း ထိန်းချုပ်လို့မရခဲ့ပါဘူး။ ဘိုင်ယန်မြူးနစ်ဟာ ရှေ့တန်းမှာ ရစ်ဘာရီ၊ မန်ဇူကစ်နဲ့ သောမတ်စ်မူလာတို့ကိုထားပြီး ကွင်းလယ်မှာ ရှဝိန်းစတိုင်ဂါ၊ ခရူးစ်နဲ့ မာတီနက်ဇ်အားနဲ့ အာဆင်နယ်ကိုဖိအားပေးခဲ့တာဖြစ်ပါတယ်။ တောင်ပံတိုက်စစ်တွေကို အားပြုခဲ့တဲ့ ဘိုင်ယန်မြူးနစ်ဟာ ပွဲချိန် ၂၁ မိနစ်မှာ ထောင့်ကန်ဘောကတစ်ဆင့် အာဆင်နယ်ဂိုးသမား ပုတ်ထုတ်လို့ထွက်လာတဲ့ ဘောလုံးကို သောမတ်စ်မူလာက ကန်သွင်းခဲ့လို့ ဘိုင်ယန်မြူးနစ်တို့ ဒုတိယဂိုးရရှိခဲ့ပြန်ပါတယ်။

ဒုတိယပိုင်း ပွဲချိန်အတွင်းမှာ အာဆင်နယ်တို့ချေပဂိုးရရှိရေး ကစားအားတင်ခဲ့တာမို့ ပွဲချိန် ၅၅ မိနစ်မှာ ထောင့်ကန်ဘောကတစ်ဆင့် ပိုဒေါစကီး ခေါင်းတိုက်သွင်းယူခဲ့လို့ ချေပဂိုးတစ်ဂိုးရရှိခဲ့ခြင်း ဖြစ်ပါတယ်။ အာဆင်နယ်တို့ ဒုတိယချေပဂိုးရရှိဖို့ အခွင့်အရေးရပေမယ့် ဂီးရော့ဒ် ကန်ချက်မမှန်လို့ နစ်နာခဲ့ရပြီး ပွဲချိန် ၇၇ မိနစ်မှာတော့ ဖီးလစ်လမ်း ဂိုးရှေ့ဖြတ်တင်ပေးလိုက်တဲ့ဘောလုံးကို မန်ဇူကစ်ကသွင်းယူနိုင်ခဲ့လို့ ဘိုင်ယန်မြူးနစ်တို့ တတိယဂိုးရရှိပြီး ပွဲအပြီးမှာ ဘိုင်ယန်မြူးနစ်က သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရကာ ပွဲသိမ်းခဲ့ခြင်းဖြစ်ပါတယ်။

**ပေါ်တို ၁-၀ မာလာဂါ**

အစ်ဇ်မေးလော့စ်၊ မာတီနက်ဇ်၊ ဗာရယ်လာတို့တိုက်စစ်အတွဲနဲ့ ပွဲထွက်လာတဲ့ပေါ်တိုဟာ ကွင်းလယ်ပိုင်းမှာ ဂွန်ဇာလက်၊ ဖာနန်ဒို၊ မော်တင်ဟိုတို့အားနဲ့ ပွဲစတင်ကတည်းက မာလာဂါကို ဖိကစားနိုင်ခဲ့ပါတယ်။ မာလာဂါတို့ကတော့ ဆန်တာခရုဇ်၊ ဘတ်တစ္စတာတို့ တိုက်စစ်အတွဲနဲ့ ၄း၄း၂ ပုံစံခင်းကျင်းပြီး ပေါ်တိုကို ရင်ဆိုင်ခဲ့ပါသည်။ ပေါ်တိုဟာ ဂိုးသွင်းခွင့်အခွင့်အရေးတွေ အကြိမ်ကြိမ်ရရှိခဲ့ပေမယ့် ဂိုးအဖြစ်မပြောင်းလဲနိုင်ခဲ့ပါဘူး။ ပေါ်တိုဟာ ဂိုးရရှိရေးအတွက် မာလာဂါရဲ့ ဂိုးဧရိယာအတွင်းမှာ လုံးပန်းခဲ့ပေမယ့် ဘောလုံးဆုံးရှုံးမှုတွေများနေခဲ့တာမို့ ဂိုးမရရှိဘဲ ဖြစ်နေခဲ့ပါတယ်။ ပွဲချိန် ၅၆ မိနစ်မှာတော့ ဖာနန်ဒိုဘယ်ခြမ်းက ဖြတ်တင်ပေးလိုက်တဲ့ ဘောလုံးကို ကွင်းလယ်ကစားသမား လူမော်တင်ဟိုက ပြေးဝင်ပိတ်သွင်းခဲ့လို့ ပေါ်တိုတို့ ဂိုးရရှိသွားခဲ့ပါတယ်။

ပွဲချိန်ပြည့်တဲ့အထိ နှစ်သင်းစလုံး ဂိုးမသွင်းနိုင်ခဲ့ကြလို့ ပွဲအပြီးမှာ ပေါ်တိုက တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲရရှိခဲ့ခြင်းဖြစ်ပါတယ်။ ॥

## မန်စီးတီး ဖလားတစ်လုံးယူမှ ဖြစ်မည်

မန်စီးတီးကစားသမားများအနေဖြင့် နည်းပြမန်ချီနီ၏ နည်းပြအလုပ်ကို ကာကွယ်ပေးရန်အတွက် ယခုနှစ်အတွင်း ဖလားတစ်လုံးမဖြစ်မနေရယူပေးရမည်ဖြစ်ကြောင်း နောက်တန်းကစားသမား ကိုလိုတိုရေးက ပြောကြားလိုက်သည်။

မန်စီးတီးအသင်းသည် ပရီမီယာလိဂ်တွင် မန်ယူနောက်မှ ၁၂ မှတ်ခွာ၍ လိုက်နေရသဖြင့် ဖိအားပေးခံနေရသည်။ ပရီမီယာလိဂ်ဖလားသည် အိုးထရက်ဖို့ဒ်ဆီသို့ ဦးတည်သွားနေပြီဖြစ်သည်။ မန်စီးတီးအနေဖြင့် အက်ဖ်အေဖလား ကွာတားဖိုင်နယ်တွင် ဘန်လေအသင်းကို အနိုင်ကစားနိုင်လျှင် ယခုနှစ်ရာသီ၌ မန်စီးတီးတို့ ဖလားတစ်လုံးရရန် အကောင်းဆုံးအခွင့်အလမ်းတစ်ရပ် ရရှိနိုင်သည်။ အက်ဖ်အေဖလား ဆွတ်ခူးမည်ဆိုပါက မန်စီးတီးနည်းပြ ယင်းအလုပ် ဆက်လက်တည်မြဲနိုင်သည်။

## လာမည့်ကမ္ဘာ့ဖလားပြိုင်ပွဲ ဂိုးစည်းနည်းပညာသုံးမည်

ဘရာဇီးနိုင်ငံ၌ ကျင်းပမည့် ၂၀၁၄ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ဂိုးစည်းနည်းပညာသုံးလိမ့်မည်ဖြစ်ကြောင်း ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) က အတည်ပြုပြောကြားသည်။

ယင်းဂိုးစည်းနည်းပညာကို ဒီဇင်ဘာလအတွင်းက အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့ကြောင်း၊ ယင်းဂိုးစည်းနည်းပညာကို လာမည့်နွေရာသီ ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲမှစပြီး အသုံးပြုနိုင်ဖွယ်ရှိကြောင်း ဖီဖာက ပြောကြားသည်။

ဖီဖာက ယင်းဂိုးစည်းနည်းပညာကို အထောက်အပံ့ဖြစ်စေရန် ကုမ္ပဏီများအား တင်ဒါခေါ်ယူထားသည်။ ၂၀၁၀ ကမ္ဘာ့ဖလားတွင် အင်္ဂလန်က ဂျာမနီကို ရှုံးနိမ့်ခဲ့ရခြင်းမှာ ဂိုးစည်းနည်းပညာမရှိ၍ဖြစ်ကြောင်း ဖီဖာဥက္ကဋ္ဌ ဆပ်ဘလတ္တာက ပြောကြားသည်။

မြင့်မောင်စိုး - စုစည်းသည်

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

မော်တော်ယာဉ် အမှတ် ၅က/၉၂၂၃ ဖို့ဒ်မာကျူရီယာဉ် လက်ဝယ်ရှိသူ ဦးမင်းမင်းစိုး ၁၂/ဒဂရ(နိုင်)၀၀၅၅၄၁ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန ရန်ကုန်အနောက်ပိုင်း**
**(ခရိုင်ရုံး/မြင်သာ)**

### ကျန်းမာရေးဝန်ကြီးဌာန
### တိုင်းရင်းဆေးပညာဦးစီးဌာန
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ တိုင်းရင်းဆေးဝါးစက်ရုံဝင်းအတွင်းတည်ဆောက်မည့် တိုင်းရင်းဆေးဝါးစက်ရုံ(GMP Standard) ဆောက်လုပ်ခြင်းလုပ်ငန်း(သံကူကွန်ကရစ်အမျိုးအစား)(အဆောက်အအုံအတွင်း ရေ/လျှပ်စစ်၊ မိလ္လာလုပ်ငန်းများအပါအဝင်)အတွက် အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၁-၂-၂၀၁၃
**တင်ဒါပိတ်မည့်ရက်** - ၁၁-၃-၂၀၁၃
**တင်ဒါပိတ်မည့်အချိန်** - ၁၆း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

တိုင်းရင်းဆေးပညာဦးစီးဌာန၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၊ စီမံရေးရာဌာနခွဲ၊ ဖုန်း- ၀၆၇-၄၃၁၀၉၅၊ ၄၃၁၁၄၆။

### ကန့်ကွက်နိုင်ကြောင်း၊ အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဝါးတရာစက်မှုဇုန်၊ မြေကွက်အမှတ်-(၃၀၃၊ ၃၀၄)၊ ဧရိယာ ၅ ဒသမ ၇၁၈ ဧကရှိ ပါမစ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးသည် ရန်ကုန်မြို့၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် အမည်ပေါက်သူဦးအောင်စိန်ထံမှဝယ်ယူပိုင်ဆိုင်ထားပြီး၊ လက်ရှိပိုင်ဆိုင်စီမံရောင်းချပိုင်ခွင့်ရှိသူ ဦးအေးသောင်း ၁၂/ကမတ(နိုင်)၀၀၀၀၇၉ ထံမှ ကျွန်ုပ်တို့မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်(ရောင်းဖိုးငွေ တစ်စိတ်တစ်ပိုင်း)ပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| **ဒေါ်မွန်မွန်ချို LL.B** | **ဒေါ်အိမ့်ဖြူနိုင် LL.B, DBL, DML** |
| **(စဉ်-၂၃၂၉၉)** | **(စဉ်-၂၉၇၄၆)** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အာရှမြေ အိမ်-ခြံ-မြေ အကျိုးဆောင်ကုမ္ပဏီ အမှတ်-၁၈၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၃၉၃၁၂၈၊ ၃၉၃၁၇၃**

ကြော်ငြာ


C B BANK

## ဝမ်းမြောက်ဖွယ်သတင်းကောင်း

မြန်မာနိုင်ငံတွင်ရှိသော ဟိုတယ်များ၊ Shopping Center များ၊ စားသောက်ဆိုင်များ၊ အမှတ်တရပစ္စည်းဆိုင်များ၊ Mobile အရောင်းဆိုင်များ၊ ရတနာပစ္စည်းအရောင်းဆိုင်များ နှင့် အမျိုးမျိုးသောဆိုင်များအတွက် CB Bank မှ VISA Card, MasterCard, CUP Card သုံးမျိုးမှကြိုက်နှစ်သက်ရာ Card နှင့်အသုံးပြုနိုင်ရန်စီစဉ်ထားသော POS (Cardနှင့်ငွေပေးချေသောစက်)အားတပ်ဆင်နိုင်ရန်စီစဉ်ဆောင်ရွက်ပေးနေပြီဖြစ်ပါသည်။ လူကြီးမင်းတို့၏ဆိုင်များတွင် အထက်ပါ POS (Cardနှင့်ငွေပေးချေသောစက်)အား တပ်ဆင်နိုင်ရန်အတွက် CB Bank သို့အမြန်ဆုံးစာရင်းပေးသွင်းနိုင်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ဆက်သွယ်ရန်လိပ်စာ –

CB Bank Merchant Service Centre

Phone : (01) – 378 905, 378 906 (သို့မဟုတ်)

e-mail : pos.merchant@cbbankmm.com

သို့အမြန်ဆုံးဆက်သွယ်နိုင်ပါပြီ။

Let's Win Win Together !

# ပြည်ထောင်စုပန်းများပွင့်လန်းဝေဆာ ပြည်မြန်မာ

**မင်းသန့် (ဒဿန)**

**(ပညာ/လေ့ကျင့်)**

အမိမြန်မာနိုင်ငံအတွင်း၌ မှီတင်းနေထိုင်ကြသော တိုင်းရင်းသားညီနောင်များသည် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၊ တစ်အူထုံ့ဆင်း ညီအစ်ကိုရင်းပမာ အတူတကွနေထိုင်ခဲ့ကြသော်လည်း လွတ်လပ်ရေးရရှိပြီးသည့်အချိန်မှစ၍ မြန်မာနိုင်ငံတစ်ဝန်းရှိ နယ်စပ်ဒေသများတွင် အကြောင်းအမျိုးမျိုးကြောင့် လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး စသည့်ကဏ္ဍများ ဖွံ့ဖြိုးမှုနောက်ကျနေသည်ကို ပြည်သူအားလုံးသိရှိကြပါသည်။ အရာရာဖွံ့ဖြိုးတိုးတက်စေရန်အတွက် အသိပညာ၊ အတတ်ပညာများ လိုအပ်လျက်ရှိနေပါသည်။

နိုင်ငံတော်အတွင်း၌ မည်မျှပင်သယံဇာတများ ပေါများကြွယ်ဝသည်ဆိုစေကာမူ ထိုသယံဇာတများကို အကျိုးရှိစွာအသုံးပြုနိုင်ရန်အတွက် အသိပညာ၊အတတ်ပညာများ လုံလုံလောက်လောက်မရှိပါက အချည်းနှီးပင် ဖြစ်ပေမည်။ ထို့ကြောင့် အမိနိုင်ငံတော်ကြီးအတွင်းရှိ တိုင်းရင်းသား လူငယ်၊ လူရွယ်များ အသိပညာ၊ အတတ်ပညာများ ထွန်းကားနေရန် လိုအပ်လှပါသည်။

ပြည်ထောင်စုဖွား တိုင်းရင်းသားများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို မျက်ခြည်မပြတ် ဆောင်ရွက်လျက်ရှိသော နိုင်ငံတော်အစိုးရသည် နိုင်ငံတော်အတွင်းပိုင်းနေ တိုင်းရင်းသားများနှင့် နယ်စပ်ဒေသအသီးသီးရှိ တိုင်းရင်းသားများ တစ်ဦးနှင့်တစ်ဦး တူညီမျှတစေရန်၊ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်လျက် ၁၉၈၉ ခုနှစ်မှစ၍ ယနေ့အချိန်ကာလအထိ အရှိန်အဟုန်ဖြင့် တိုးတက်ဆောင်ရွက်လျက်ရှိပါသည်။ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သည့်အနေဖြင့် နယ်စပ်ဒေသများရှိ တိုင်းရင်းသားများ စဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု (Sustainable Development) ရရှိစေရေးအတွက် မိဘမဲ့များ၊ ဆင်းရဲနွမ်းပါးသူများ၊ အကြောင်းအမျိုးမျိုးကြောင့် ပညာမသင်ကြားနိုင်သူ တိုင်းရင်းသားလူငယ်ကလေးများအား နိုင်ငံတော်အစိုးရက တာဝန်ယူလျက် နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနက နယ်စပ်ဒေသအသီးသီးတွင် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၂၉ ကျောင်း ဖွင့်လှစ်၍ စား၊ ဝတ်၊ နေရေး၊ ပညာသင်ကြားရေး အခမဲ့ဖွင့်လှစ်သင်ကြားလေ့ကျင့်ပေးခဲ့ပါသည်။

အဆိုပါကျောင်းများတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းပညာများသင်ကြားပေးခဲ့ပြီး အထက်တန်း မအောင်မြင်သည့် လူငယ်များအား ဘဝရပ်တည်မှုရရှိစေရန် စက်မှုလက်မှုသင်တန်းကျောင်း လေးကျောင်းဖွင့်လှစ်၍ သင်ကြားလေ့ကျင့်ပေးပြီး အလုပ်တာဝန်များလည်း ခန့်အပ်ပေးခဲ့ပါသည်။ ထို့အပြင်တိုင်းရင်းသူအမျိုးသမီးငယ်ကလေးများကိုလည်း တိုင်းတစ်ပါးကိုအထင်မကြီးဘဲ ကိုယ့်ကိုယ်ကို ထိန်းသိမ်းတတ်စေရန်၊ လမ်းမှားမရောက်စေရန်၊မိမိတို့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်တတ်စေရန်ရည်ရွယ်၍ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ၃၆ ကျောင်းဖွင့်လှစ်ကာ နေထိုင်စားသောက်မှုများနိုင်ငံတော်က တာဝန်ယူ၍ အိမ်တွင်းမှုပညာရပ်များ အခမဲ့သင်ကြားလေ့ကျင့်ပေးလျက်ရှိပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် လူ့စွမ်းအားအရင်းအမြစ်ဖြစ်ကြသည့် တိုင်းရင်းသားလူငယ်များ ပညာရည် တိုးတက်မြင့်မားလာစေရန်အတွက် လူငယ်သင်တန်းကျောင်းများမှ အထက်တန်းအောင်မြင်လာသူများ၊ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့များက စိစစ်ရွေးချယ်ပေးသော အခြေခံပညာအထက်တန်းအောင်မြင်ပြီးသည့် မိမဲ့ဖမဲ့၊ မိဘမဲ့တိုင်းရင်းသားလူငယ်များအတွက် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေး ဒီကရီကောလိပ် (ရန်ကုန်၊ စစ်ကိုင်း) နှစ်ခုဖွင့်လှစ်၍ နိုင်ငံတော်က ကိစ္စအဝဝတာဝန်ယူလျက် ဝိဇ္ဇာ၊ သိပ္ပံ၊ အင်ဂျင်နီယာဘာသာရပ်များ သင်ကြားလေ့ကျင့်ပေးလျက်ရှိသည်။

ဝိဇ္ဇာဘာသာရပ်တွင် မြန်မာ၊ အင်္ဂလိပ်၊ ပထဝီ၊ သမိုင်း၊ ကွန်ပျူတာ၊ စီးပွားရေး၊ မနုဿဗေဒ၊ စိတ်ပညာ၊ ယဉ်ကျေးမှု၊ ပြည်ထောင်စုစိတ်ဓာတ်ဘာသာရပ်များကိုလည်းကောင်း၊ သိပ္ပံဘာသာရပ်တွင် မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတု၊ ရူပ၊ ကွန်ပျူတာ၊ ယဉ်ကျေးမှု၊ ပြည်ထောင်စုစိတ်ဓာတ်ကိုလည်းကောင်း၊ အင်ဂျင်နီယာပညာရပ်တွင် မြန်မာ၊ အင်္ဂလိပ်၊ ကွန်ပျူတာ၊ စက်မှု၊ မြို့ပြ၊ အီလက်ထရွန်နစ်၊ လျှပ်စစ်စွမ်းအား၊ ယဉ်ကျေးမှု၊ ပြည်ထောင်စုစိတ်ဓာတ်ဘာသာရပ်များ သင်ကြားလေ့ကျင့်ပေးလျက်ရှိသည်။

ထို့ပြင် တိုင်းရင်းသားလူငယ်များ ကိုယ်ခန္ဓာ ကျန်းမာသန်စွမ်းစေရန်အတွက် နေ့စဉ် ကိုယ်လက်ကြံ့ခိုင်ရေးအပြင် နှစ်သက်ရာ အားကစားဆောင်ရွက်ရန်လည်း စီမံထားရှိပါသည်။ တိုင်းရင်းသားလူငယ်လေးများအနေဖြင့် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ အေဂျီတီအိုင် ဒီပလိုမာဘွဲ့များ ရရှိပြီးပါက ၎င်းတို့၏ နေရပ်နယ်မြေဒေသများတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနအသီးသီး၌ ဝန်ထမ်းငယ်များ ခန့်အပ်တာဝန်ပေးလျက်ရှိပါသည်။

ဒီဂရီကောလိပ်များတွင် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ အေဂျီတီအိုင်ဒီပလိုမာဘွဲ့များ ရရှိပြီးသော တိုင်းရင်းသားလူငယ်များထဲမှ ထူးချွန်ထက်မြက်ပြီး သတ်မှတ်ချက် အဆင့်မီသူများအား မဟာသိပ္ပံ၊ မဟာဝိဇ္ဇာ၊ (B.Tech), (B.E)၊ ပါရဂူဘွဲ့များ ရရှိစေရန် သက်ဆိုင်ရာ တက္ကသိုလ်အသီးသီး၌ နိုင်ငံတော်မှတာဝန်ယူ၍ အခမဲ့ပညာဆက်လက်သင်ကြားပေးလျက်ရှိသည်။

ဤသို့ တိုင်းရင်းသားလူငယ်များအား အဆင့်မြင့်ပညာ၊ ဘွဲ့လွန်ပညာရပ်များ ဆက်လက်သင်ယူစေလျက်ရှိရာ ၂၀၀၁-၂၀၀၂ ပညာသင်နှစ်မှ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အထိ ဝိဇ္ဇာဘွဲ့ ၄၇၃ ဦး၊ သိပ္ပံဘွဲ့ ၉၁၉ ဦး၊ အင်ဂျင်နီယာဒီပလိုမာဘွဲ့ ၆၃၄ ဦး၊ (B.Tech) ဘွဲ့ ၂၅၃ ဦး၊ (B.E) ဘွဲ့ ၁၈၉ ဦး၊ မဟာဝိဇ္ဇာဘွဲ့ ၆၄ ဦး၊ မဟာသိပ္ပံဘွဲ့ ၁၁၇ ဦးနှင့် ပါရဂူသင်တန်းသား ၂၇ ဦးတို့ ဘွဲ့ဒီဂရီများရရှိခဲ့ပြီး ဖြစ်ပါသည်။

ထို့အပြင် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင်လည်း ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်) တွင် ပထမနှစ်အင်ဂျင်နီယာ ၁၄၀၊ ဒုတိယနှစ်အင်ဂျင်နီယာ ၁၈၅ ဦး၊ တတိယနှစ် ဝိဇ္ဇာ ၃၉ ဦး၊ တတိယနှစ် သိပ္ပံ ၁၇၃ ဦး၊ မဟာအရည်အချင်းစစ် ၄၅ ဦး၊ မဟာသုတေသန ၁၉ ဦး၊ ပထမနှစ် ပါရဂူ ၁၃ ဦး၊ (B.E) ၃၉ ဦး ပေါင်း ၆၂၆ ဦး သင်ကြားလေ့ကျင့်ပေးလျက်ရှိသည်။

ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(စစ်ကိုင်း)မှာ ကျောင်းသားများအတွက် အဆင့်မီအဆောက်အအုံသစ်များ ဆောက်လုပ်ဆဲဖြစ်၍ (B.Tech) သင်တန်းသား ၁၅၆ ဦးအား စဉ်ဆက်မပြတ် ပညာဆက်လက်သင်ယူနိုင်စေရန် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၅၁)ရပ်ကွက်ရှိ ဗဟိုလေ့ကျင့်ရေးကျောင်းတွင် ခေတ္တနေရာချထားပြီး နည်းပညာတက္ကသိုလ် (သန်လျင်၊ လှိုင်သာယာ)တို့တွင် ပညာရပ်များ ဆက်လက်ဆည်းပူးသင်ကြား လေ့ကျင့်ပေးလျက်ရှိသည်။ တိုင်းရင်းသား ကျောင်းသားများ ကျောင်းတက်ရောက်မှု အဆင်ပြေစေရန် ကျောင်းကြို/ပို့ (City Bus) မော်တော်ယာဉ်များ စီစဉ်ပေးခဲ့ပြီးဖြစ်သည်။

တိုင်းရင်းသား လူငယ်များသည် နိုင်ငံတော်၏စေတနာကို ဦးထိပ်ပန်ဆင်လျက် ခေတ်နှင့်လျော်ညီစွာ တိုးတက်ပြောင်းလဲမှုများကို မျက်ခြည်မပြတ် ဆည်းပူးလေ့လာရန် လိုအပ်သလို စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်မှု၊ သစ္စာရှိမှု၊ စိတ်ရင်းစေတနာမှန်ကန်မှုတို့ကို အရင်းတည်ကာ နိုင်ငံတော်အကြီးအကဲများ၏ မူဝါဒနှင့် လမ်းညွှန်ချက်များကို သိရှိနားလည်ပြီး ပေးအပ်သောတာဝန်ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်မည့် သားကောင်းများ၊ ဝန်ထမ်းကောင်းများဖြစ်ရန် အထူးလိုအပ်သည်။အတွေးအခေါ်၊ အယူအဆ၊ အမျိုးသားနိုင်ငံရေး အသိမှန်ကန်စွာခံယူလျက် မျိုးချစ်စိတ်ဓာတ်အစဉ် ရှင်သန်ထက်မြက်နေစေရန်လည်း လိုအပ်ပါသည်။

ထို့ပြင် အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် အသက်ပေး၍ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ကြရမည်မှာ ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံး၊ လူငယ်များအားလုံး၏ တာဝန်ပင်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ကွတ်ခိုင်တွင် ခေတ္တတိမ်းရှောင်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**မူဆယ် ဖေဖော်ဝါရီ ၂၀**

ရှမ်းပြည်နယ် မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ်အတွင်းရှိ ခေတ္တတိမ်းရှောင်သူ ၁၅၈၈ ဦးအတွက် စားဝတ်နေမှု အဆင်ပြေစေရေး ငွေကျပ်သိန်း ၁၄၀ တန်ဖိုးရှိ ထောက်ပံ့ပစ္စည်းလှူဒါန်းခြင်းကို ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၁၀ နာရီက ကွတ်ခိုင်မြို့ ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။

အဆိုပါ လှူဒါန်းခြင်းအခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး ကူညီပံ့ပိုးမှုကော်မတီမှ ဟာဂျီဦးလှမောင်က လှူဒါန်းပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်သိန်းထွန်းက လက်ခံကာ ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရှိရသည်။

**အယ်လ်စိုး(မူဆယ်)**

## ခေတ္တပြောင်းရွှေ့လာသည့်ပြည်သူတို့အား ထောက်ပံ့ပစ္စည်းများပေးအပ်

**မြစ်ကြီးနား ဖေဖော်ဝါရီ ၂၀**

လတ်တလောပဋိပက္ခကြောင့် ကချင်ပြည်နယ် ဖားကန့်ဒေသသို့ ခေတ္တပြောင်းရွှေ့ရောက်ရှိလာသည့် ပြည်သူတို့အား ကချင်ပြည်နယ် အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှပေးပို့လာသည့် ငွေကျပ် ၁၅၂ သိန်း ခြောက်သောင်းကျော်ဖိုးရှိပစ္စည်းရှစ်မျိုးပါ မိသားစုသုံးပစ္စည်း ၉၇၀ စုံနှင့် ပြည်နယ်ကြက်ခြေနီ ကြီးကြပ်မှုကော်မတီက မြန်မာနိုင်ငံကြက်ခြေနီအသင်းမှပေးပို့လာသည့်Family Kit & Kitchenset ၅၀၃ စုံတို့ကို ဖေဖော်ဝါရီ ၇ ရက်မှ ၁၀ ရက်အတွင်း ဖားကန့်ဒေသရှိ ကယ်ဆယ်ရေးစခန်း အသီးသီးသို့ ခေတ္တပြောင်းရွှေ့ရောက်ရှိလာသူတို့အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(ပြည်နယ် ပြန်/ဆက်)**


### အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာလျှောက်ထားကြောင်း အကြောင်းကြားစာ

**(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)**

**မန္တလေးခရိုင်တရားရုံး ခရိုင်တရားမရုံး၌**

**၂၀၁၃ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ် -၁၁**

**ကွယ်လွန်သူဦးသန်းရွှေ၂/ပဘထ(နိုင်)၀၂၃၉၃၅၌ကျန်ရှိရစ်သောပစ္စည်းအကြောင်း**

ဒေါ်ခင်ခင်ရွှေ(ခ) ဒေါ်ရိုကီယာဘီဘီ **လျှောက်သူ**

အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်၊ အကွက် ၁၅၉နေ ဒေါ်ခင်ခင်ရွှေ(ခ) ဒေါ်ရိုကီယာဘီဘီက ကွယ်လွန်သူ ဦးသန်းရွှေ၏ဇနီးဖြစ်သည်ဟူ၍ ပုလဲငွေရောင်ရပ်၊ အကွက်၁၅၉နေ ၎င်းကွယ်လွန်သူ ဦးသန်းရွှေမှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက် ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးသန်းရွှေမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၃ခုနှစ် ဖေဖော်ဝါရီ ၂၅ရက်တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ ဒေါ်ခင်ခင်ရွှေ(ခ) ဒေါ်ရိုကီယာဘီဘီ၏ လျှောက်ချက်ကိုနားကြား၍ လက်မှတ်ရသင့် မရသင့်သည်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၃ခုနှစ် ဖေဖော်ဝါရီ ၁၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စိုးစိုး)**

**တွဲဖက်ခရိုင်တရားသူကြီး**

**မန္တလေးခရိုင်တရားရုံး**

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/၂)၊ မြေကွက်အမှတ်၁၀၃/၁၊ ဧရိယာ၁၃၅၉ဧရိယာစတုရန်းပေရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့၊ကျေးတမာလမ်း၊ အမှတ်၁၀၃/၁ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ဦးကျော်ထွန်းလွင်၊ ဒေါ်သွယ်သွယ်ဝင်း အမည်ပေါက် နှစ်၆၀ဂရန်မြေကွက်အား ဒေါ်ညွှန့်ဆန်းဝေကလည်းကောင်း၊ ဒေါ်ခင်မာရီကလည်းကောင်း၊ ဒေါ်နီနီကလည်းကောင်း၊ ဦးဝင်းလွင်ဦး ၈/မကန(နိုင်)၀၃၄၂၄၉ကလည်းကောင်း အဆင့်ဆင့် လက်ရောက်ရယူပိုင်ဆိုင်ခဲ့၍ လက်ရှိလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဝင်းလွင်ဦး ၈/မကန(နိုင်)၀၃၄၂၄၉ထံမှ ကျွန်ုပ်၏မိတ်ဆွေက တရားဝင်အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက် အဆောက်အအုံနှင့်စပ်လျဉ်းသည့် အကျိုးခံစားခွင့် အရပ်ရပ်တို့အား ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆိုအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၀ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကျော်ညွန့်(LL.B) တရားလွှတ်တော်ရှေ့နေ**

**အမှတ်(စီ-၂၇၅)၊၁၈လမ်းနှင့်ငုရွှေဝါလမ်းထောင့်၊ ကန်သာရပ်၊မကွေးမြို့၊မကွေးတိုင်းဒေသကြီး၊**

**ဖုန်း-၀၆၃-၂၆၁၈၀၊၀၉-၅၃၄၂၇၇၅၊၀၉-၄၄၀၂၂၅၇၇၄**

### အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဒီပဲယင်းမြို့နယ်၊ စိုင်ပြင်စံပြကျေးရွာအုပ်စု၊ စိုင်ပြင်ကျေးရွာ၊ ငြိမ်းချမ်းအောင်တိုးချဲ့ကွက်သစ်ရှိ မြေကွက်အမှတ်(၃၉၄၊ ၃၉၅၊ ၃၉၆၊ ၃၉၇၊ ၃၉၈၊ ၃၉၉၊ ၄၀၀၊ ၄၀၁၊ ၄၅၀)အကွက်များမှာ ကျွန်ုပ်၏အမှုသည်များ ပိုင်ဆိုင်သော မြေကွက်များဖြစ်ပါသည်။ အဆိုပါမြေကွက်များနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်နှင့် အကျိုးခံစားခွင့်အဝဝကို ကျွန်ုပ်၏အမှုသည်များမှ ရယူထားပြီးဖြစ်သဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ လုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဘိုမောင်း (B.Sc, DA, RL)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၃၆၂၅)**

**တောင်ပြင်ရပ်ကွက်၊ ဒီပဲယင်းမြို့**

**ဖုန်း-၀၉-၇၃၂၂၀၉၅၅၊ ၀၇၁-၅၅၀၇၅**

## ကြော်ငြာ

မီးမီးလေး **"ချမ်းမြေ့မြတ်နိုး"**
(ခ)
**"ခေးဂို" (Sec I, ILBC)**
အတွက် မွေးနေ့ဆုတောင်း

"ခေးဂို" လေးရဲ့ (၂၁-၂-၂၀၁၃)မှာ ကျရောက်တဲ့ (၁၃)နှစ်ပြည့်တဲ့မွေးနေ့ရက်မြတ်မှစ၍ ချမ်းသာ၊ ကြွယ်ဝ၊ ကုံလုံ ပြီးပြည့်စုံပြီး အရာရာတတ်သိနားလည်သော လိမ္မာရေးခြား ရှိသည့် သမီးကောင်းရတနာလေး ဖြစ်ပါစေလို့ မေမေ့ရဲ့ ဝန်ထမ်းများက ဆုတောင်းပေးလိုက်ပါတယ် . . .

**Zip! Fashion Channel**
(I, II, III, V, VI, VII, VIII) မှ ဝန်ထမ်းများ။
**Eternal Gems** (I, II) မှ ဝန်ထမ်းများ။
**Light Future Co.,Ltd** မှ
ဒါရိုက်တာများနှင့် ဝန်ထမ်းများ။

---

## မင်္ဂလာဆုတောင်း

မောင်ဇော်ဝင်းထွဋ်နှင့် မသွန်းအိအိတို့၏ ၂၁-၂-၂၀၁၃ရက်တွင် ကျရောက်သော (၁၅)နှစ်ပြည့် မင်္ဂလာရက်မြတ်မှသည် နှစ်တစ်ရာတိုင်အောင် ပျော်ရွှင်ချမ်းမြေ့စွာဖြင့် ချစ်ခရီးလမ်းကို လျှောက်လှမ်းနိုင်ကြပါစေ။

**ဖေဖေ - ဦးဝင်းရွှေ(တရားလွှတ်တော်ရှေ့နေ)**
**မေမေ - ဒေါ်မြင့်လှိုင်နှင့် ကိုကို၊ မမများ၊ သုဝဏ္ဏ**

---

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၊ ရွှေချီ ဦးပိုင်အမှတ် ၁၅၀၊ ဧရိယာ ဝ ဒသမ ဝ၂၂ ဧကရှိ ဒေါ်ခင်စု အမည်ဖြင့် ပိုင်ဆိုင်သော ဘိုးဘွားပိုင်မြေကွက်အား ဦးကျော်မြင့် ၉/ပမန(နိုင်)ဝ၁၄၈၅၁ (ဘ)ဦးသန်းက ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး ဘိုးဘွားပိုင်မြေကွက် အမည်ပြောင်းလျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## PHOE THAR GYI
Travels & Tours Co.,Ltd
PTSCL Group

| | |
|---|---|
| အိန္ဒိယသံဝေဇနီယလေးဌာန ( ၈/၁၂/၁၅ ) ရက် | 7.5 သိန်း |
| ဗန်ကောက် - အယုဒ္ဓယ - ပတ္တယား ( ၆ ) ရက် | 5.5 သိန်း |
| ဗန်ကောက် - ဖူးခက် ( ၆ ) ရက် | 8.5 သိန်း |
| ဗန်ကောက် - စင်္ကာပူ - မလေးရှား ( ၉ ) ရက် | 11.8 သိန်း |
| စင်္ကာပူ - မလေးရှား ( ၇ ) ရက် | 10 သိန်း |
| ဂျပန် ( ၉ ) ရက် | 25 သိန်း |
| ကိုရီးယား ( ၈ ) ရက် | 17 သိန်း |
| အင်ဒိုနီးရှား ( ဘာလီ ) ( ၆ ) ရက် | 12 သိန်း |

Feb 12/18/23, Mar 23, Apr 11/12/13 တို့တွင်ထွက်ခွာမည်ဖြစ်ကြောင်း ကြိုတင်အသိပေးအပ်ပါသည်။

"အမှတ် ၁၀၂၄၊ ပြည်လမ်း(ကျောက်တော်ကြီး မှတ်တိုင်)၊ စော်ဘွားကြီးကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။"
ဆက်သွယ်ရန် - ဝ၁-၆၄၇၇၉၈,ဝ၁-၆၅၅၀၈၈ ☎ ဝ၉-၄၂၁၁၇၇၈၁၀, ဝ၉-၄၂၁၀၇၆၆၂၁။
reservation@phoethargyi.com,sale@phoethargyi.com www.phoethargyi.com

---

**W I S E ( Weiluwun International )** မတ်(၉)စသင်။

တက္ကသိုလ်ဝင်တန်းဘာသာစုံဂုဏ်ထူးရရန်ရည်မှန်းပြီး အပြင်းအထန်ကြိုးစားနိုင်သူ(၉)ဦးသာယခုနှစ်လက်ခံသင်ကြားပေးမည်။
(အထူးအခွင့်အရေး)။အနည်းဆုံးဂုဏ်ထူး(၄)လုံးမပါ၊သွင်းငွေအားလုံးပြန်ယူပါ၊
၀၉၇၃၃၄၄၀၃၃၊၀၉၅၀၉၃၃၇၂(၇၉)၊ပထပ်၊ကျောက်မြောင်းလမ်း၊တာမွေ။

---

# မွေးနေ့မင်္ဂလာဆုတောင်းလွှာ

## ခင်မဟာနွယ်
## Grade-VI (Yangon International School)

ချစ်သမီးလေး ခင်မဟာနွယ်၏ ၂၁-၂-၂၀၁၃ရက်တွင် ကျရောက်သော (၁၃)နှစ်ပြည့် မွေးနေ့မှစ၍ နှစ်ပေါင်းများစွာတိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့် ပြည့်စုံပြီး ချစ်သောဖေဖေ၊ မေမေတို့နှင့်အတူ ပျော်ရွှင်ချမ်းမြေ့သော ဘဝလေးကို ပိုင်ဆိုင်နိုင်ပါစေ-

**ချစ်သောဖေဖေ-ဦးဇော်ဝင်း**
**ချစ်သောမေမေ-ဒေါ်ခင်လေးဥမ္မာ**
**(ရတနာအင်းလျားကွန်ဒိုမိသားစု)**

---

# ဒါန ဘုရားဖူးအဖွဲ့၏ အိန္ဒိယ - နီပေါဘုရားဖူးခရီးစဉ်

သံဝေဇနီယ နှင့် အဝိဇဟိတ ဗုဒ္ဓဌာနများ၊ နယူးဒေလီ၊ အာဂရာ၊ တပ်ချ်မဟာနေရာများသို့ (၁၄ည/၁၅ရက် MAI) ခရီးစဉ်များ ပို့ဆောင်ပေးနေပါသည်။ ဇန်နဝါရီမှ ဧပြီအထိ အပတ်စဉ် စနေနေ့တိုင်း ထွက်ခွာပါသည်။ (ယိုးဒယား နှင့် သီရိလင်္ကာ သကြန်ခရီးစဉ် ၆ ည/၇ ရက်-1550 USD)

950 USD + ၅၀၀၀၀ိ/-

ဒါနဘုရားဖူးအဖွဲ့ - အမှတ် (၂၅)၊ အခန်းအမှတ် (၃၀၃)၊ တတိယထပ်၊ ဓါတ်လှေခါးအမှတ်(၂)၊ ယုဇနစီးပွားရေးတာဝါ၊ ဓမ္မစေတီလမ်း၊ စမ်းချောင်း၊
ဖုန်း - 536348, 537707, 537708,09 500 1763, 09 501 3727, 09 7322 5849, 09 516 4664
မဇ္ဈိမဒေသသာသနာပြုအဖွဲ့ - အမှတ် (၁၃/က)၊ ငါးထပ်ကြီးဘုရားလမ်း၊ ပဟန်း၊ ရန်ကုန် • ဖုန်း - 545215, 545216, 555173
ပုဒ္ဓဓမ္မဒါနစေတနာရှင်များအဖွဲ့-ရွှေမြင်တင်ဦးညို- အမှတ် (၁၂)၊ မြို့သစ် (၁)လမ်း၊ ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန် • ဖုန်း- 542236
မန္တလေးရုံးခွဲ-(၃၀၈-B)၆၂ လမ်း၊ ၂၈× ၂၉ လမ်းကြား၊ချမ်းအေးသာစံမြို့နယ်၊မန္တလေး • ဖုန်း -09 402 64 8989, 09 5300305

---

**LCCI-EDI (UK)** မှ ချီးမြှင့်သော ထူးချွန်သင်တန်းကျောင်းဆုရ

# စီးပွားပန်းခင်း
ပညာဒါန သင်တန်းကြေးအခမဲ့
ပညာရေးဝန်ဆောင်မှုလုပ်ငန်း
စမည့်ရက် (၃.၃.၂၀၁၃)

# LCCI
အခြေခံစာရင်းကိုင်သင်တန်း
LeveL-I အပတ်စဉ်(15)

တက္ကသိုလ်ဝင်တန်းအဆင့်ရှိသူများ၊ တက္ကသိုလ်တန်းတက်ရောက်နေသူများ၊ ဘွဲ့ကြို၊ ဘွဲ့ရနှင့်လုပ်ငန်းခွင်ဝင်နေသူများ၊ ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်နေသူများ၊ စီးပွားရေးတက္ကသိုလ်၊ကွန်ပျူတာတက္ကသိုလ်၊အဝေးသင်စီးပွားရေးတွဲ တက်ရောက်နေသူများနှင့် တက်ရောက်မည့်သူများအတွက် အထူးလေ့လာရမည့်သင်တန်း

LCCI Level I သင်တန်းပြီးဆုံးပါက အရည်အချင်းစစ်စာမေးပွဲစစ်ဆေး၍ သင်တန်းဆင်းလက်မှတ် ချီးမြှင့်ပေးမည်ဖြစ်ပြီး ထူးချွန်စွာအောင်မြင်သူများအား LCCI Level II +III ကို(အခမဲ့ -ပညာသင်ဆု) ဆက်လက်ချီးမြှင့်ပေးမည်။

| | |
|---|---|
| ရန်ကုန် - (၃၀၃)၊ (၄၂) လမ်းထိပ်၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်၊ | ဝ၉-၇၃၀ဝ၉၈၆၉ |
| ရန်ကုန် - တိုက်(၂၃)၊လှည်းတန်းလမ်း၊ကမာရွတ်၊(လှည်းတန်းဈေးအနီး) | ဝ၉-၇၃၀၁၃၄၃၂ |
| ပုသိမ် - (ပလေတိုဆောင်)၊ရွှေဝတ်မှုံရပ်ကွက်၊လမ်းသစ်ခွဆုံ၊ပုသိမ်မြို့ | ဝ၉-၄၉၀ဝ၂၈၉၈ |
| မအူပင် - အမှတ်(၁၀)၊ (၉)လမ်း၊ မင်းလမ်းနှင့်အောင်ဇေယျလမ်းကြား၊ | ဝ၉-၄၉၇၅၂၇၄၉ |
| ဟင်္သာတ- (နေလဆေးခန်း)၊ သီရိ(၃)လမ်း၊ မြဝတီရပ်ကွက်၊ဟင်္သာတမြို့ | ဝ၉-၄၂၅၂၉၃၁၂၈ |

---

## ကန့်ကွက်နိုင်ကြောင်း

နေပြည်တော် ပျဉ်းမနားမြို့နယ်၊ မင်္ဂလာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၄၊ မင်္ဂလာ၊ မြေကွက်/ဦးပိုင်အမှတ် ၄၄ ဥ၊ ဧရိယာ ဝ ဒသမ ဝဝ၈ ဧကရှိ ဒေါ်တင်တင် အမည်ဖြင့် ပိုင်ဆိုင်သော ဘိုးဘွားပိုင် မြေကွက်အား ဦးမင်းမင်း၊ ဒေါ်သက်သက်ခိုင် ၉/မလန(နိုင်)ဝ၂၉၈၅၊ ၉/ပမန(နိုင်)၁၄၄၈၁၆၊ အဖအမည် ဦးသန်းဝင်း၊ ဦးကျော်မြင့်မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး ဘိုးဘွားပိုင် မြေကွက် အမည်ပြောင်း လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

---

မော်ဒယ်မြင့်ကားများအတွက် ကွန်ပျူတာဘောက်သင်တန်း

**အမှတ်စဉ် (၁၁) (၁၂) (၁၃) ပုံမှန်တန်းခွဲသစ်များကို ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် စတင်ဖွင့်လှစ်ပါမည်**

အကြိုမိတ်ဆက်နှစ်ရက် **(အခမဲ့)** သင်တန်းကိုအပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များတွင် ဖွင့်လှစ်လျက်ရှိပါသည်။ ကြိုတင်စာရင်းပေးသွင်းရန်လိုသည်။
Engine Doctor Engineering
No, 102, GFloor, 52nd st, Middle, Yangon. Tel : 09 4211 444 95, 96, 97

---

**၁၀-၂-၂၀၁၃ရက်စွဲပါ မြန်မာ့အလင်းသတင်းစာပါ လွှဲအပ်သူ ဒေါ်ဌေးဌေးမြင့်နှင့် တရားလွှတ်တော်ရှေ့နေ ဒေါ်မြင့်မြင့်မော်(စဉ်-၄၄၃၈)၏ ကန့်ကွက်ကြေညာခြင်းနှင့် ပတ်သက်၍ ပြန်လည်ရှင်းလင်းကြေညာခြင်း**

၎င်းတို့ကြေညာသည့် ၁၀-၂-၂၀၁၃ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၌ ဖော်ပြသော မြေရာဇဝင်လိပ်စာရှိ အိမ်နှင့်မြေတို့သည် ရန်ကုန်မြို့နေ ဦးကိုလေး ၁၂/ဗတထ(နိုင်)ဝ၂၉၂၃၇ ကိုင်ဆောင်သူ ပိုင်ဆိုင်သောပစ္စည်းဖြစ်ပါသည်။ ဒေါ်မြင့်မြင့်စိန်သည် ဦးကိုလေး၏ အမွေစားအမွေခံ တစ်ဦးတည်းသော ညီမဖြစ်ပါသည်။ ဒေါ်ဌေးဌေးမြင့်နှင့် မည်သို့မျှ တော်စပ်ပတ်သက်ခြင်းမရှိပါ။

ဦးကိုလေးသည် လွန်ခဲ့သော ၂၀၀၁ခုနှစ်က မော်လမြိုင်သို့သွားရာမှ ယနေ့တိုင် သေသည်ရှင်သည်မသိရဘဲ ပျောက်ဆုံးသွားသည့်အတွက် တရားရုံးတော်မှ ဥပဒေအရ သေသူအဖြစ် အသိအမှတ်ပြုထားပြီး ဖြစ်ပါသည်။ ဒေါ်ဌေးဌေးမြင့် ကိုင်ဆောင်ထားသော ၁၅-၂-၁၉၉၃ ရက်စွဲပါ အထူးကိုယ်စားလှယ်လွှဲစာသည် အိမ်မြေပိုင်ဆိုင်မှုနှင့် မသက်ဆိုင်ပါ။ ယခုအခါ ကိုယ်စားလှယ်စာပေးသူ ဦးကိုလေးသည် သေဆုံးပြီးဖြစ်ပါသည်။ ဦးကိုလေး ပျောက်ဆုံးပြီးနောက် ကန့်ကွက်ကြေညာသူ ဒေါ်ဌေးဌေးမြင့်သည် ရန်ကုန်မြို့ရှိ ဦးကိုလေး ပိုင်ဆိုင်သော တိုက်ခန်းတွင် ဦးကိုလေး၏ လက်မှတ်အတုဖြင့် ကိုယ်စားလှယ်လွှဲစာပြုလုပ်ပြီး တက်ရောက်နေထိုင်ခဲ့သဖြင့် ဒေါ်မြင့်မြင့်စိန်မှ ဗိုလ်တထောင်မြို့နယ်တရားရုံးတွင် တရားစွဲဆိုခဲ့ရာ ပြစ်ဒဏ်များ ကျခံခဲ့ဖူးသူ ဖြစ်ပါသည်။

ဖော်ပြပါ အိမ်နှင့်မြေ အရောင်းအဝယ်ကိစ္စအတွက် ဝယ်ယူသူမှ ကန့်ကွက်နိုင်ကြောင်း သတင်းစာကြော်ငြာကို ၂၃-၁၁-၂၀၁၂ရက်စွဲဖြင့် ကြေညာခဲ့သော်လည်း ဒေါ်ဌေးဌေးမြင့်မှ သတ်မှတ်ရက်ကျော်လွန်ပြီး တစ်လနှင့်၁၈ရက်ကြာမှ ကန့်ကွက်ခဲ့ခြင်းဖြစ်၍ အကျုံးမဝင်ပါ။

၁၀-၂-၂၀၁၃ရက် ကန့်ကွက်ကြော်ငြာမထည့်ခင် ၁၂-၁၁-၂၀၁၂ရက်စွဲဖြင့် သက်ဆိုင်ရာ မြေစာရင်းဌာနသို့ ဒေါ်ဌေးဌေးမြင့်က ကန့်ကွက်ခဲ့ရာ မြေစာရင်းဌာနမှ တရားရုံး၏ ယာယီတားဝရမ်းပြ၍ ကန့်ကွက်နိုင်ကြောင်း အချိန်တစ်လတိတိပေး၍ စောင့်ဆိုင်းခဲ့သော်လည်း ဒေါ်ဌေးဌေးမြင့်မှ တင်ပြနိုင်ခြင်းမရှိ၍ သက်ဆိုင်ရာမြေစာရင်းဌာနမှ ဒေါ်မြင့်မြင့်စိန် လျှောက်ထားမှုကို ဥပဒေနှင့်အညီ ဆောင်ရွက်ပေးမည့်အချိန်တွင် ယခုကဲ့သို့ မဟုတ်မမှန်လုပ်ကြံ၍ ကြော်ငြာခြင်းသာဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဒေါ်ဌေးဌေးမြင့်က တရားစွဲဆိုမည်ဆိုပါက ဒေါ်မြင့်မြင့်စိန်မှ ရင်ဆိုင်ရန် အသင့်ရှိနေပြီး ဤသို့ အများထင်ယောင်ထင်မှားဖြစ်အောင် လုပ်ဆောင်နေမှုများအား ရပ်တန့်ကမရပ်ပါက ဒေါ်မြင့်မြင့်စိန်က တရားဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း ရှင်းလင်းပြတ်သားစွာ ကြေညာအပ်ပါသည်။

| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** | |
|---|---|---|
| **ဒေါ်မြင့်မြင့်စိန်** | **ဦးကျော်ဒင်(စဉ်-၇၃၃၁)** | **ဒေါ်သန္တာခိုင်(စဉ်-၂၅၈၄၉)** |
| **၉/မရတ(နိုင်)ဝ၆၉၅ဝ၉** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ် ၈၃၊ အခန်း(၁၆/ဘီ)၊ ပန်းဆိုးတန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-ဝ၁-၂၄၀ဝ၁၈၊ ဝ၉-၅၄ဝ၂၇၇၄၊ ဝ၉-၄၂၁ဝဝ၅၈၆၇**

---

**ဖခင်အမည်မှန်**

အုတ်ဖိုမြို့၊ အထက၊ ဆဋ္ဌမတန်း(က)မှ မကျော့ဆုသက်၏ ဖခင်အမည်မှန်မှာ ၇/အဖန(နိုင်)ဝ၅၁၃၆၆အရ ဦးဇော်ဦး ဖြစ်ပါသည်။

**ဦးဇော်ဦး၊ အုတ်ဖိုမြို့**

---

## ကွမ်းခြံကုန်းမြို့နယ်အသင်း (ရန်ကုန်)
## နှစ်ပတ်လည်အစည်းအဝေးပွဲကျင်းပမည်

ကွမ်းခြံကုန်းမြို့နယ်အသင်း(ရန်ကုန်)မှ ကြီးမှူးကျင်းပသည့် ၂၀၁၃ခုနှစ် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲ၊ တက္ကသိုလ်ပညာသင်ဆု ချီးမြှင့်ပွဲ၊ နိုင်ငံတော်မှ ချီးမြှင့်သော ဘွဲ့ထူးဂုဏ်ထူးရရှိသူများအား ဂုဏ်ပြုချီးမြှင့်ပွဲ၊ ဒေသန္တရဖွံ့ဖြိုးရေး အလှူငွေပေးအပ်ပွဲတို့ကို ဖေဖော်ဝါရီ ၂၄ရက်၊ တနင်္ဂနွေနေ့ နံနက် ၈နာရီတွင် ဗဟန်းမြို့နယ် (၃)လမ်းထိပ်၊ စွမ်းအင်ဝန်ကြီးဌာနရုံး၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံပုဂ္ဂိုလ်များ၊ အသင်းသူအသင်းသားများ၏ သားသမီးများ၊ ၂၀၁၂-၂၀၁၃ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးရရှိသူများသည် ဖေဖော်ဝါရီ ၁၇ရက် နောက်ဆုံးထား၍ ဦးကျော်ခိုင်(ဥက္ကဋ္ဌ) ဖုန်း-၂၄၆၁၄၀၊ ၂၄၆၁၄၂၊ ဦးစန်းအောင်(တွဲဖက်အတွင်းရေးမှူး-၁) ဖုန်း-ဝ၉-၄၄၈ဝ၄၃၄၁၉၊ ဦးမောင်မောင်မြင့် (ဘဏ္ဍာရေးမှူး)ဖုန်း-ဝ၉-၄၃ဝ၉၆၂၈၅၊ ဒေါ်ခင်သန်းလွင် (အမှုဆောင်) ဖုန်း-၃၉၈၂ဝဝတို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်ကြပါရန် အကြောင်းကြားအပ်ပါသည်။

**အမှုဆောင်အဖွဲ့**
**ကွမ်းခြံကုန်းမြို့နယ်အသင်း(ရန်ကုန်)**

---

## ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့၊ မြေကွက်အမှတ် ၁၅၁၂၊ အမည်ပေါက် ဦးနွယ်ဝင်း ၁၂/သလန(နိုင်)ဝ၂၉၃၅၂၏ မြေကွက်ကို ဝယ်ယူပိုင်ဆိုင်သူ ဒေါ်အေးနိုင် ၁၂/သလန(နိုင်) ဝ၃၉၅ဝ၁မှ မြေကွက်စလစ်(မူရင်း) ပျောက်ဆုံးသွားပါ၍ မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**မြေယာရုံးခွဲ(၂)**
**မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

---

## ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီအဆင့်(၁)၊ မြေကွက်အမှတ် ၉၈ဝ အမည်ပေါက် ဦးအုန်းသွင် SRM-ဝ၇၉၉၈၄၏ မြေကွက်ကို လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဦးစိုးပိုင် ၁၂/ကတန(နိုင်)ဝ၁၄၅၉၂မှ မြေကွက်စလစ်မူရင်းနှင့် ငွေသွင်းချလန်မူရင်း ပျောက်ဆုံးသွား၍ မြေချပါမစ် ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

---

## ရောင်းမည်

**ကုမ္ပဏီရုံးခန်းဖွင့်ရန်၊ အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်များဖွင့်ရန်၊ Hotel ဖွင့်ရန်၊ စားသောက်ဆိုင်များဖွင့်ရန်နှင့် ကားအရောင်းပြခန်းဖွင့်ရန်** အချက်အချာကောင်း၊ နေရာကောင်း ပြင်ဆင်ပြီး (Air-con, phone၊ ရေ၊ မီး၊ အပြည့်အစုံ)၊ နေပြည်တော်၊ ရာဇဌာနီလမ်းမကြီး၊ (ထောင့်ကွက်)၊ ပေ(၆၀×၈၀)၊ တစ်ထပ်လုံးချင်းတိုက်၊ **ညှိနှိုင်းဈေးဖြင့်ရောင်းမည်။**

**ဖုန်း-ဝ၉-၄၄၈၅၃၉ဝ၄ဝ၊ ဝ၉-၈၆၂၆ဝ၅ဝ၊ ဝ၁-၅၆ဝ၈၈၁**

---

## ရောင်းမည်

**လူနေရန်နှင့် ကုမ္ပဏီရုံးခန်းဖွင့်ရန် သင့်တော်သော** ဘောက်ထော်၊ မြိုင်ဟေမာလမ်း၊ ပြည်သာယာအိမ်ရာဝင်းအတွင်း၊ ခြံအကျယ် (၈၅ပေ×၈၅ပေ)၊ MBR-သုံးခန်း၊ BR-သုံးခန်း၊ ဧည့်ခန်းနှစ်ခန်း၊ ထမင်းစားခန်း၊ မီးဖိုချောင်၊ ကားဂိုဒေါင်၊ Air-con၊ ဖုန်း၊ ရေ၊ မီးအစုံ၊ နေ့/ည လုံခြုံရေးဝန်ဆောင်မှုအပြည့်၊ RC လုံးချင်းနှစ်ထပ်တိုက်သစ်ကြီး၊ **ညှိနှိုင်းဈေးဖြင့်ရောင်းမည်။**

**ဖုန်း-ဝ၉-၇၃ဝ၃ဝ၈၈၅၊**
**ဝ၁-၅၆ဝ၈၉၁၊ ဝ၉-၅ဝ၁၆၇ဝ၈**

---

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၊ မြေကွက်အမှတ် ၄၁၆/ခ၊ မြေကွက်တည်နေရာ အမှတ် ၄၁၆/ခ၊ ဇာနည် ၁၁လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပ ဒေါ်ခင်သန်း၊ ဦးမြင့်သန်းအမည်ပေါက် နှစ် ၆ဝ ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်သန်း၊ ဦးမြင့်သန်းနှင့် သမီး-ဒေါ်မြမြမိုး (အပျိုကြီးဘဝဖြင့်) အသီးသီးကွယ်လွန်ကြသဖြင့် ဒေါ်သန်းသန်းဆွေ ၁၂/ဥကတ(နိုင်)ဝ၂၁၆ဝ၇၊ ဒေါ်နုနုယဉ် ၁၂/ဥကတ(နိုင်)ဝ၂၆၈၁၅၊ ဒေါ်ယုယုခင် ၁၂/ဥကတ(နိုင်) ဝ၂၄၄၂၅၊ ဦးအောင်ကျော်စိုး ၁၂/ဥကတ(နိုင်)ဝ၂၇၃ဝ၉၊ ဦးရဲကျော်မိုး ၁၂/ဥကတ(နိုင်)ဝ၂၉၅၈၆ တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ရောင်းမည် (ညှိနှိုင်းဈေး)

၁။ မော်ဘီကျောက်ပြားစက်ရုံရှေ့ (ဧက- ၆ဝခန့်)
၂။ ရန်ကင်းသစ္စာလမ်းမအနီး (၄၂ပေ×၇၂ပေ) 1PT၊ ရေ၊ မီး၊ ဖုန်း၊ ဘိုးဘွား။
၃။ လှည်းတန်း၊ ဦးထွန်းလင်းခြံလမ်း (၁၇ပေ× ပေ၇ဝ) တိုက်သစ်၊ ငါးလွှာ(ဝဲ+ယာ)

**ဆက်သွယ်ရန်- ဖုန်း-ဝ၉-၅၄၁၇၇ဝ၆၊ ဝ၉-၄ဝ၂၇ဝ၆ဝ၈၂**

# ကြော်ငြာ

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းအား ရက်တိုးမြှင့်ခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနရှိ ရော်ဘာသစ် ၅၈၃ ဒသမ ၀၄ မက်ထရစ်တန်အား မျက်မြင်အခြေအနေအတိုင်း မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၀-၂-၂၀၁၃ ရက်မှ ၅-၃-၂၀၁၃ရက်အထိ (ရုံးချိန်အတွင်း)

၃။ **တင်ဒါဖွင့်မည့်ရက်** - ၇-၃-၂၀၁၃ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီ

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းမေးမြန်း ဝယ်ယူနိုင်ပါသည်။

**စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၊ ရုံးအမှတ် ၅၀၊ နေပြည်တော်**
**ဆက်သွယ်ရန် ဖုန်း-၀၆၇-၄၃၁၂၀၃၊ ၀၆၇-၄၃၁၁၀၇**

ပညာရေးဝန်ကြီးဌာနကိုယ်ပိုင်အထက်တန်းကျောင်း မှတ်ပုံတင်နံပါတ်-ကက-၁၃/၁၉/၀၂၄
ပိုလ်မှူးကြီးသန်းမြင့် (ငြိမ်း) B.A တည်ထောင်အုပ်ချုပ်သည့်

# ပင်လုံနှင်းဆီ

## ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် (ဘော်ဒါ)

- ပညာရေးမှူး(ငြိမ်း)ဆရာမကြီးမှ အနီးကပ် ကြီးကြပ်အုပ်ချုပ်သူအဖြစ် တာဝန်ယူထားပါသည်။
- ဂုဏ်ထူးဦးအောင်နိုင် (အင်္ဂလိပ်စာ) နှင့် ပါမောက္ခ ၊ တွဲဖက်ပါမောက္ခ၊ ကထိကများ၊ ပညာရေးဝန်ကြီးဌာနမှ တရားဝင်ခွင့်ပြုထားသော ကိုယ်ပိုင်ဆရာမှတ်ပုံတင်လက်မှတ်ရ အတွေ့အကြုံရင့် ဆရာများ (Ph.D, B.Ed, M.Sc, M.A)မှ သင်ကြားပေးပါသည်။
- Study Guideများနှင့် တစ်နေ့စာတစ်နေ့ အပြီးကျက်မှတ်ပေးပါသည်။(ကျူရှင်ထပ်မံယူစရာမလိုပါ)
- တိုင်းနှင့်ပြည်နယ်စာမေးပွဲ မေးခွန်းဟောင်းများကို နေ့စဉ်၊ အပတ်စဉ် ၊လစဉ် လေ့ကျင့်ဖြေဆိုစေပါသည်။
- အဆင့်မြင့်ဆိတ်ငြိမ် လုံးချင်းအိမ်ရာတွင် ကျောင်းသား/ကျောင်းသူ သီးသန့်စီ လုံးချင်းနှစ်ထပ်တိုက်များ၊ ခုတင်၊ မွေ့ရာ၊ စောင်၊ ခြင်ထောင်၊ ခေါင်းအုံး၊ ပန်ကာ၊ လေအေးပေးစက်၊ ၂၄နာရီလျှပ်စစ်မီး၊ ကိုယ်ပိုင်အဝီစိရေဖြင့်ပြီးပြည့်စုံ အဆင့်မြင့်သောဝန်ဆောင်မှုဖြစ်ပါသည်။
- တည်ထောင်အုပ်ချုပ်သူနှင့် ဇနီးဖြစ်သူဒေါ်နီနီစိုး(B.Agri) မှကလေးများ၏ပညာရေး၊ စားဝတ်နေရေး၊ လူမှုရေး၊ စည်းကမ်းထိန်းသိမ်းရေးကိစ္စအဝဝကို အနီးကပ်ကြီးကြပ်၍ စောင့်ရှောက်ပေးပါသည်။
- ကျန်းမာရေးအတွက် အဆောင်တွင် ဆရာဝန်ထား၍ စောင့်ရှောက်ပေးပါသည်။

တက္ကသိုလ်ဝင်တန်းအတွက် Scholar ပေးမည်ဖြစ်ပါ၍ စုံစမ်းလျှောက်ထားနိုင်ပါသည်။

**စာတော်သူများအတွက်၁၀ယောက်ဝိုင်း(သီးသန့်)ရှိပါသည်။**

၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် ကြိုတင်အပ်နှံနိုင်ပါပြီ။

**၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀ တန်း**

- အမှတ်(၆၄/၆၅)၊ ဘုရင့်နောင်လမ်းမကြီး၊ ၂၇-ရပ်ကွက်၊ Rose Garden ထိပ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)။ Ph : 01-580396, 09-8792106
- အမှတ် (၆၆/ခ)၊ နှင်းဆီလမ်း၊ ၂၇-ရပ်ကွက်၊ ပင်လုံအိမ်ရာ၊ Rose Park II၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)။ Ph : 01-581668, 09-2400261
- အမှတ် (၁၁/က)၊ နှင်းဆီလမ်း၊ ၂၇-ရပ်ကွက်၊ ပင်လုံအိမ်ရာ၊ Rose Park II၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)။ Ph : 09-43193522

## သက်ဆိုင်သူများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/၁၊ မြေကွက်အမှတ် ၇၅၄၊ ဧရိယာစတုရန်းပေ၃၂၀၀၊ နှစ် ၆၀ဂရန်မြေအမျိုးအစားမြေပေါ်ရှိ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (၁၆/၁)ရပ်ကွက်၊ ဇောတိကလမ်း၊ အမှတ် ၇၅၄ ဟုခေါ်တွင်သော (မြေ၏တရားဝင်မခွဲမစိတ်ရသေးသော မြောက်ဘက်ခြမ်း)အကျယ်ပေ (၁၂×၈၀)ခန့်ရှိ မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ၁၀-၆-၁၉၉၇ရက်စွဲပါ အိမ်ခြံမြေ နှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ်အရ မြို့မြေစာရင်း၏ အမည်ပေါက်ပိုင်ရှင် ဦးမောင်စိန် ၁၂/သဃက(နိုင်)၀၁၀၇၁၇ထံမှ ဝယ်ယူ၍ ကျွန်ုပ်၏မိတ်ဆွေ ဦးအေးမျိုး ၁၂/သဃက(နိုင်)၀၁၄၀၅၄က ယနေ့တိုင် စဉ်ဆက်မပြတ်နေထိုင်လျက်ရှိပြီး လက်ဝယ်ထားရှိ စီမံခန့်ခွဲလျက်ရှိပါသည်။ အဆိုပါမြေနှင့်ပတ်သက်၍ ပူးတွဲပိုင်ရှင်ဖြစ်သူ ဦးအေးမျိုး ၁၂/သဃက(နိုင်)၀၁၄၀၅၄၏ သဘောတူခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ အမည်ပြောင်းလဲသတ်မှတ်ခြင်းအပါအဝင် မည်သည့်ကိစ္စမျှ ဆောင်ရွက်ခွင့်မရှိပါကြောင်း ပြုလုပ်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသန်းဦး** — **အထက်တန်းရှေ့နေ (စဉ်-၃၂၃၅)**

**ဦးသန့်ဇော်** — **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၄၁)**

**အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါသည်

တာချီလိတ်ခရိုင်၊ ကျိုင်းလပ်မြို့နယ်ခွဲ၊ ကျားခမ်းကျောက်ကျေးရွာအုပ်စု(ကွင်းပြင်)ရှိ (၇)နှစ်သားခန့်ရှိ ရော်ဘာခြံ(၁၂)ဧကကို မိုင်းဖုံး(ခ)အုပ်စု၊ ပါခုတ်တိုက်ရွာနေထိုင်သူ ဦးအိုက်ကျင် ၁၃/တခလ(နိုင်)၀၀၅၉၅၀အမည်ပေါက် ဥယျာဉ်ခြံမြေအဖြစ် ပုံစံ (၁၀၅) လျှောက်ထားထုတ်ယူမည်ဖြစ်ရာ မည်သူမဆို ကြော်ငြာပါသည့်ရက်မှစတင်၍ ၁၅ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်လွှာ (လူကိုယ်တိုင်)တင်သွင်းနိုင်ကြောင်း သိရှိနိုင်ပါရန် ကြေညာအပ်ပါသည်။

**ဦးအိုက်ကျင်**
**အမှတ် (၁၀၅)၊ ပါခုတ်တိုက်ရွာ၊ မိုင်းဖုန်း(ခ)အုပ်စု၊ တာချီလိတ်ခရိုင်**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၎-၁၂၊ ပေ(၆၀×၆၀)၊ မြေကွက်အမှတ် ၄၁၂ နှင့် ၄၁၃ (ရန်ကုန်မြို့တော် မြို့ရွာနှင့်အိုးအိမ်ဦးစီးဌာန၏ ဦးတာရာမြင့်ဆွေအမည်ပေါက် နှစ်၆၀ဂရန်မြေကွက်နှစ်ကွက်)အား လက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးကျော်ဆန်းလွင် ၁၂/မရက(နိုင်)၀၆၄၂၃၆ က လွှဲပြောင်းရောင်းချနိုင်ကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မှဝယ်ယူရန် စရန်ပေးကတိစာချုပ်ဖြင့် တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းဖြင့် ကိုယ်တိုင်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စရပ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်မင်း ၈/မကန(နိုင်)၀၇၀၉၀၇**
**ဖုန်း-၀၉-၇၃၀၉၃၃၅၉**

## ထပ်မံသတိပေးကြေညာခြင်း

၂၀၁၃ခုနှစ် ဒီဇင်ဘာလအတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်က အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကိုယ်စားပြုသတ်မှတ်အသုံးပြုမည့် အထိမ်းအမှတ်တံဆိပ်(Logo)နှင့် အထိမ်းအမှတ်လာဘ်ကောင်(Mascot) များအဖြစ် အသုံးပြုရန်အတွက် ဒီဇိုင်းရေးဆွဲပြိုင်ပွဲအား ၂၀၁၁ ခုနှစ် ဇူလိုင် ၇ ရက်မှ စက်တင်ဘာ ၇ ရက်အတွင်း ကျင်းပပြုလုပ်ခဲ့ပြီး ရွေးချယ်ခြင်းခံရသည့် အောက်ဖော်ပြပါအထိမ်းအမှတ်တံဆိပ် (Logo) နှင့် အထိမ်းအမှတ် လာဘ်ကောင် (Mascot) များအား ရေးဆွဲသူ (Designer) များကိုလည်း သတ်မှတ်ဆုကြေးများကို အားကစားဝန်ကြီးဌာနမှ ချီးမြှင့်ပေးအပ်ခဲ့ပြီး ဖြစ်ပါသည်-

အထက်ဖော်ပြပါ အထိမ်းအမှတ်တံဆိပ် (Logo) နှင့် အထိမ်းအမှတ်လာဘ်ကောင် (Mascot) ဒီဇိုင်းများကို (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအမှတ်တံဆိပ်များအဖြစ် အသုံးပြုသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြအမှတ်တံဆိပ်များဖြစ်သည့် (Logo) နှင့် (Mascot) များကို အားကစားဝန်ကြီးဌာန၊ Sports Marketing Committee ၏ ခွင့်ပြုချက်တစ်စုံတစ်ရာ ရရှိခြင်းမရှိဘဲ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ သုံးစွဲခွင့်၊ ရုပ်သံထုတ်လွှင့်ခွင့်၊ ဈေးကွက်အရောင်းမြှင့်တင်ခြင်း (Marketing & Promotion) များတွင် ထည့်သွင်းသုံးစွဲခွင့်၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ ကြော်ငြာ Billboard များတွင် ထည့်သွင်းလျက် မိမိတို့၏လုပ်ငန်း (သို့မဟုတ်) ကုန်ပစ္စည်းများကို ကြော်ငြာများ ပြုလုပ်ခွင့်မရှိပါကြောင်း သတိပေးကြေညာထားရှိသော်လည်း တရားမဝင်သုံးစွဲလျက်ရှိကြောင်း သိရှိနေရပါသည်။

သို့ဖြစ်ပါ၍ အားကစားဝန်ကြီးဌာန Sports Marketing Committee ၏ ခွင့်ပြုချက်တစ်စုံတစ်ရာရရှိခြင်းမရှိဘဲ အထက်ပါ(Logo) နှင့် (Mascot) ပုံစံများအား ဆင်တူယိုးမှားပြုလုပ်အသုံးပြုခြင်း၊ ပြုပြင်သုံးစွဲခြင်းများအား မြန်မာနိုင်ငံတွင်လည်းကောင်း၊ ပြိုင်ပွဲဝင်ဒေသတွင်း အာဆီယံနိုင်ငံများတွင်လည်းကောင်း၊ ပြုလုပ်ခွင့်မရှိပါကြောင်းနှင့် အထက်ပါတားမြစ်ချက်တစ်ခုခုကို ဖောက်ဖျက်သူများအား တည်ဆဲဥပဒေများအရ တရားစွဲဆို အရေးယူသွားမည်ဖြစ်ကြောင်း ထပ်မံအသိပေးကြေညာအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဦးစီးဌာန
## အထူးကုဆေးရုံကြီး (သာကေတ)
## ဧရာဝဏ်နှင့် ရှုခင်းသာလမ်းထောင့်၊ သာကေတအဝိုင်းအနီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ အထူးကုဆေးရုံကြီး (သာကေတ)တွင် တက်ရောက်ဆေးကုသမှုခံယူသော လူနာများအတွက် အသုံးပြုရန် လိုအပ်သောဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်ဆေးပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလိုပါက ဆေးရုံအုပ်ရုံး၊ အထူးကုဆေးရုံကြီး (သာကေတ)ဧရာဝဏ်နှင့် ရှုခင်းသာလမ်းထောင့်၊ သာကေတအဝိုင်းအနီး၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့တွင် နေ့စဉ် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

၃။ **ဈေးနှုန်းတင်သွင်းလွှာပုံစံရောင်းချမည့်ရက်** - ၂၁-၂-၂၀၁၃ ရက် နံနက် ၁၀း၀၀ နာရီ

**တင်ဒါပိတ်မည့်ရက်** - ၂၈-၂-၂၀၁၃ ရက် ညနေ ၁၆း၀၀ နာရီ

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

Central Link (ကျောင်းခွဲမရှိပါ)
Language Training Centre

မေလတွင်ကျင်းပမည့်(ပဉ္စမ)အကြိမ်မြောက်E.P.S(TOPIK) စာမေးပွဲကိုသင်ရိုးစာအုပ်အသစ်ဖြင့်စတင်စစ်ဆေးမည်ဖြစ်သောကြောင့်ဝင်ရောက်ဖြေဆိုမည့်ကျောင်းသားများအတွက် (အနီးကပ်) သင်တန်းများကို ဖွင့်လှစ်ပေးပါမည်။ (အမျိုးသမီးများလည်းတက်ရောက်နိုင်ပါသည်။)

Central Link ကျောင်းမှ E.P.S(TOPIK) ဝင်ရောက်ဖြေဆိုမည့် ကျောင်းသားများအတွက်ပတ်စပို့မရှိသေးသူများအား လမ်းညွှန်ဆောင်ရွက်ပေးခြင်း၊စာမေးပွဲလျှောက်လွှာဖြည့်ပေးခြင်း၊စာမေးပွဲဖြေဆိုချိန်တွင်အခက်အခဲမရှိစေရန်ဆောင်ရွက်ပေးခြင်း၊စာမေးပွဲအောင်မြင်ပြီးပါကအလုပ်လျှောက်လွှာတင်သည်မှ ကိုရီးယားနိုင်ငံသို့ ထွက်ခွာချိန်အထိ လိုအပ်သောကူညီပံ့ပိုးမှုများကို ဝန်ဆောင်မှုပေးပါသည်။

သင်တန်းဖွင့်လှစ်မည့်ရက်နှင့်သင်တန်းချိန်များကို
အသေးစိတ်စုံစမ်းရန် Ph: 09 73190040, 09 8651531

အမှတ်၁၂၁၁၁-၂/၁၂၅-၂၊
ဦးချစ်မောင်လမ်း(မင်းလမ်းမှတ်တိုင်နှင့်ဈေးကွေ့မှတ်တိုင်ကြား)ဗဟန်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## စွမ်းအင်ဝန်ကြီးဌာန
## အမှတ်(၁)၊ ရေနံချက်စက်ရုံ(သန်လျင်)ရှိ ဓာတ်ခွဲခန်းအား အကျိုးတူပူးပေါင်းဆောင်ရွက်မှု(Joint Venture)ပြုလုပ်ရန်အတွက်
## အဆိုပြုလွှာခေါ်ယူခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ မူဝါဒလုပ်ထုံးလုပ်နည်းများနှင့်အညီ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ (Foreign Investment Law)အရ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ အမှတ် (၁) ရေနံချက်စက်ရုံ(သန်လျင်)ဓာတ်ခွဲခန်းအား အဆင့်မြှင့်တင်ပြီး လေယာဉ်ဆီနှင့်ရေနံထွက်ပစ္စည်းများ၏ အမျိုးအစားနှင့် အရည်အသွေးစစ်ဆေးရာတွင် ကျွမ်းကျင်မှုရှိသည့် နိုင်ငံတကာအသိအမှတ်ပြု ISO လက်မှတ်ရရှိသည့် ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှု (Joint Venture) ပြုလုပ်နိုင်ရေးအတွက် အဆိုပြုလွှာများ တင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ စိတ်ပါဝင်စားသောအဖွဲ့အစည်းများသည် အောက်ဖော်ပြပါအချက်အလက်များဖြင့် အဆိုပြုလွှာအား တင်သွင်းရမည်ဖြစ်ပါသည်-

(က) ကုမ္ပဏီနှင့်ပတ်သက်သည့်အချက်အလက်များ
(ခ) ကုမ္ပဏီမှတ်ပုံတင်လက်မှတ်
(ဂ) ကုမ္ပဏီသင်းဖွဲ့စည်းမျဉ်း
(ဃ) ကုမ္ပဏီသင်းဖွဲ့မှတ်တမ်း
(င) ကုမ္ပဏီအဖွဲ့အစည်း၏ ပြီးခဲ့သောကာလများ၏ လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းများ
(စ) လေယာဉ်ဆီနှင့်ရေနံထွက်ပစ္စည်းအမျိုးမျိုး၏ အမျိုးအစားနှင့် အရည်အသွေးကို စစ်ဆေးရန်အတွက် နိုင်ငံတကာအသိအမှတ်ပြု ISO လက်မှတ်
(ဆ) ဆောင်ရွက်မည့်လုပ်ငန်း၏အသေးစိတ်လုပ်ငန်းစဉ်များ(ခွဲဝေမှုရာခိုင်နှုန်း၊ လုပ်ငန်းဆောင်ရွက်မည့်ကာလ၊အရင်းကြေကာလခန့်မှန်းချက်၊ Feasibility Study လုပ်ဆောင်မည့်ကာလစသည်ဖြင့် အခြားဖော်ပြလိုသည်များ)
(ဇ) ရင်းနှီးမြှုပ်နှံမည့်ငွေကြေးပမာဏ

၃။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လိုသည့် ကုမ္ပဏီအဖွဲ့အစည်းသည် ရေနံထွက်ပစ္စည်းများ၏အရည်အသွေး ဓာတ်ခွဲစမ်းသပ်မှုဆိုင်ရာလုပ်ငန်းများတွင် နိုင်ငံတကာအတွေ့အကြုံရှိခြင်း၊ ဘဏ္ဍာရေးဆိုင်ရာငွေကြေးအင်အားတောင့်တင်းခိုင်မာခြင်း၊ ရေရှည်ပူးပေါင်းဆောင်ရွက်ရန် ယုံကြည်စိတ်ချရမှုရှိခြင်း စသည့်အချက်များနှင့် ကိုက်ညီမှုရှိရပါမည်။

၄။ အဆိုပြုလွှာမူရင်း ၁ စုံနှင့် မိတ္တူ ၃စုံ၊ စုစုပေါင်း ၄ စုံအား အောက်ဖော်ပြပါလိပ်စာသို့ ၂၈-၃-၂၀၁၃ ရက် ၁၆း၃၀နာရီ နောက်ဆုံးထားတင်သွင်းရမည်ဖြစ်ပါသည်။
စွမ်းအင်ဝန်ကြီးဌာန၊
ရုံးအမှတ် ၆၊ နေပြည်တော်

၅။ သိရှိလိုသည့်အချက်များအား အောက်ပါလိပ်စာတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-
ဦးစိန်ဝင်း (ဦးဆောင်ညွှန်ကြားရေးမှူး)
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
ရုံးအမှတ် ၄၄၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၁၀၅၀

## မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်
## မြန်မာရူဘီအင်တာပရိုက်(စ်) (ကျောက်မျက်ရတနာ) ကုမ္ပဏီလီမိတက်
## ချိတ်ပိတ်တင်ဒါခေါ်ယူခြင်း

မြန်မာရူဘီအင်တာပရိုက်(စ်) (ကျောက်မျက်ရတနာ) ကုမ္ပဏီလီမိတက်မှ အောက်ဖော်ပြပါ မော်ချီး ခဲမဖြူ-အဖြိုက်နက်နှင့် ရောရာသတ္တုရိုင်းများ ရောင်းချရန်ရှိပါသဖြင့် ချိတ်ပိတ်တင်ဒါတင်သွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်-

| | | | |
|---|---|---|---|
| ၁။ | **ပစ္စည်းအမျိုးအမည်နှင့်တန်ချိန်** | - | TIN, TUNGSTEN, SCHEELITE, MIXED CONCENTRATES MAWCHI MIXED ORE (182.273)Mts |
| ၂။ | **DELIVERY** | - | AT YANGON SITE |
| ၃။ | **PRICING** | - | PRICING TO BE QUOTED IN EURO ONLY |
| ၄။ | **PAYMENT** | - | (T. T) NOT LATER THAN (30) DAYS, AFTER ACCEPTANCE OF THE OFFER. |
| ၅။ | **တင်ဒါပိတ်ရက်နှင့်အချိန်** | - | ၄-၃-၂၀၁၃ရက် မွန်းတည့် ၁၂း၀၀နာရီ |
| ၆။ | **တင်ဒါပေးသွင်းရမည့်နေရာ** | - | မြန်မာရူဘီအင်တာပရိုက်(စ်) (ကျောက်မျက်ရတနာ) ကုမ္ပဏီလီမိတက်၊ အမှတ် ၂၂၊ ပြည်လမ်း၊ (၇)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ |

၇။ အသေးစိတ်အချက်အလက်များသိရှိလိုပါက မြန်မာရူဘီအင်တာပရိုက်(စ်) (ကျောက်မျက်ရတနာ) ကုမ္ပဏီလီမိတက် ဖုန်း-၀၁-၆၅၆၅၈၀ (လိုင်းခွဲ -၂၀၀)၊ ဖက်(စ်) ၀၁-၆၅၆၅၇၉ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ မေတ္တာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀)၊ မြေကွက်အမှတ် ၈၇၃/ခ၊ ဧရိယာပေ (၂၀×၆၀) အကျယ်အဝန်းရှိ နှစ်၆၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (မြို့/မြေ)ဌာနတွင် ဒေါ်ခင်လှ ၁၂/ဥကတ(နိုင်)၀၈၇၇၃၆က အမည်ပေါက်ပိုင်ဆိုင်သောပစ္စည်းဖြစ်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသောကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်၍ စာချုပ်ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်တင်တင်လှိုင် LL.B** **ဒေါ်ခင်မာနွယ် LL.B** **ဒေါ်ငွေငွေဝင်း LL.B**
**တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေများ**
**အမှတ် ၃/ခ၊ ကုက္ကိုင်းရေကူးကန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၇၃၀၇၁၇၉၂၊ ၀၁-၅၄၀၈၁၄**

## ကြော်ငြာ

### အမည်မှန်
ဦးဆန်းဝင်း၏သမီး မြစ်ကြီးနားမြို့ အထက(၁)အဌမတန်း(C)မှမရွှေစင်ဝင်း၏ အမည်မှန်မှာ မရွှေစင် ဖြစ်ပါသည်။

**မရွှေစင်**

### အမည်ပြောင်း
မိုးကောင်းမြို့၊ အမက အလယ်ရပ်မှ ဦးစိန်အောင်-ဒေါ်သန်းနုတို့၏သမီး စတုတ္ထတန်းမှ မယမုံနှင်းအား မအိမ့်သဥ္ဇာအောင်ဟု ပြောင်းလဲခေါ်ပါရန်။

**မအိမ့်သဥ္ဇာအောင်**

### မိဘအမည်မှန်
မိုးကောင်းမြို့၊ နောင်ကိုင်တော် အထက(ခွဲ)တတိယတန်းမှ ခေါန်နူး မိဘအမည်မှန်မှာ ဦးတန်နောင်နှင့် ဒေါ်ဆဘော်ရွယ် ဖြစ်ပါသည်။

### ဖခင်အမည်မှန်
မြစ်ကြီးနားမြို့၊ အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း အဌမတန်း(B)မှ မဂျာအောင်၏ ဖခင်အမည်မှန်မှာ ဦးခွန်ဖုန်းဖြစ်ပါသည်။

### မိဘအမည်မှန်
မြစ်ကြီးနားမြို့၊ အမက(၁၈)၊ စတုတ္ထတန်း(A)မှ မမေရီဆိုင်းခေါန်၏ မိဘအမည်မှာ ဦးအောင်မြင့်ဦးနှင့် ဒေါ်လုအောင် ဖြစ်ပါသည်။

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးကျင်တုတ်(အောင်အီလက်ထရွန်နစ်-ပုသိမ်)
ပုသိမ်မြို့နယ်အသင်း(ရန်ကုန်)တွဲဖက်ဘဏ္ဍာရေးမှူး ဦးသက်ဝင်း-ဒေါ်သီတာလွင် ၏ ဖခင် **ဦးကျင်တုတ်** (အောင်အီလက်ထရွန်နစ်-ပုသိမ်) အသက်(၈၆)နှစ်သည် ၁၄-၂-၂၀၁၃ ရက်နေ့တွင် ကွယ်လွန်သွားပါ၍ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

| | | |
|---|---|---|
| ၁။ | ဦးစိုးဟန်လင်း | အမျိုးသားလွှတ်တော်ကိုယ်စားလှယ် |
| ၂။ | ဦးသန်းအောင်လင်း | ရာပြည့်ကုမ္ပဏီလီမိတက် |
| ၃။ | ဦးကျော်ကျော်ဝင်း | SINMA Furnishings Co., Ltd. |
| ၄။ | ဦးမြင့်နိုင် | လှဝန်းရတနာဆန်ပွဲရုံ |
| ၅။ | ဦးကိုကိုကြီး | Hotel Halpin |
| ၆။ | ဦးတင်မောင်မောင်မြတ် | မြန်မာပိတောက်ကုမ္ပဏီလီမိတက် |

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးကျင်ဟုတ်(ခ)ဦးထွန်းဝင်း
### (ညောင်ခြေထောက်၊ တောင်ငူ)
### နာယက၊ တောင်ငူမြို့နယ်အသင်း(ရန်ကုန်)
### အသက်(၉၇)နှစ်
ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ပဏ္ဍိတလမ်း၊ အမှတ်၈နေ (ဒေါ်သောင်းစိန်)၏ခင်ပွန်း၊ ဒေါ်မြင့်မြင့်စန်း[ဘဏ္ဍာရေးမှူး၊ တောင်ငူမြို့နယ်အသင်း(ရန်ကုန်)]၏ဖခင် ဦးကျင်ဟုတ်(ခ)ဦးထွန်းဝင်းသည် ၁၇-၂-၂၀၁၃ရက်(တနင်္ဂနွေနေ့)နံနက်၆း၅၅ နာရီတွင်ကွယ်လွန်ခဲ့သည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း။ **တောင်ငူမြို့နယ်အသင်း(ရန်ကုန်)၏ အသင်းဝင်များနှင့် အလုပ်အမှုဆောင်အဖွဲ့**

### ဒေါ်တင်လှ
### အသက်(၉၅)နှစ်
စစ်ကိုင်းမြို့၊နန္ဒာဝန်ကွက်သစ်ရပ်နေ ဦးအေးကို-ဒေါ်ခင်မျိုးဦး၊ဦးခင်မောင်အေး-ဒေါ်ခင်မျိုးဝင်း၊ (ဦးကိုကို)-ဒေါ်ဝင်းရွှေ၊ ဦးညီညီ-ဒေါ်လှလှ၊ ဦးဝင်းညွှန့်-ဒေါ်ခင်မျိုးချစ်တို့၏မိခင် မြေး ၁၅ ယောက်၊ မြစ်၁၈ယောက်တို့၏ဘွားဘွားကြီး၊ (ဦးမျိုးညွှန့်)၏ဇနီးသည် ၁၇-၂-၂၀၁၃ရက် (တနင်္ဂနွေနေ့) ည၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၂-၂၀၁၃ရက်၊ (တနင်္လာနေ့) ညနေ ၄နာရီတွင် ယုန်ဖြူသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေး ရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ဝမ်းနည်းကြေကွဲခြင်း
နေပြည်တော် (ခုတင်-၁၀၀၀) ပြည်သူ့ဆေးရုံကြီးမှ တာဝန်ခံခွဲစိတ်မှန်အထူးကုဆရာဝန်ကြီး ဒေါက်တာနိုင်နိုင်အောင်၏ဖခင် ဦးခိုင်ထွန်း အသက်(၇၉)နှစ်သည် ၁၄-၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းရပါကြောင်း။ **ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ**
**မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း**

### ဝမ်းနည်းကြေကွဲခြင်း
### ဦးအုန်းရွှေ (မြစ်ကြီးနား)
### အသက်(၆၉)နှစ်
ဦးရာဇာမျိုး-ဒေါ်မီမီစံ(ရွှေမနောမြေ Co.,Ltd.)တို့၏ဖခင်ကြီး ဒေါ်သန်းသန်းအေး (မနောမြေဆန်ပွဲရုံ ဘုရင့်နောင်)၏ခင်ပွန်း ဦးအုန်းရွှေသည် ၁၆-၂-၂၀၁၃ ရက် နံနက် ၇း၄၅ နာရီတွင် S.S.C အထူးကုဆေးရုံကြီးတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **ဝိဇယမင်္ဂလာဘုန်းတော်ကြီးသင်ပညာရေးကျောင်း**
**ဆရာမများနှင့် ကျောင်းသူ ကျောင်းသားများ**
**စံပြရပ်ကွက်၊ ကွမ်းခြံကုန်းမြို့**

### ဝမ်းနည်းကြေကွဲခြင်း
### ဒေါက်တာစိန်လင်း (ခရမ်း)
### အသက်(၅၂)နှစ်
ခရမ်းမြို့၊ အမှတ်(၆)ရပ်ကွက်နေ ဒေါ်ခင်မာချယ်၊ဒေါ်ခင်မာချိုတို့၏အစ်ကိုသည် ၁၆-၂-၂၀၁၃ရက်တွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရန်ကုန်တက္ကသိုလ် သတ္တဗေဒ**
**ကျောင်းသား ကျောင်းသူဟောင်းများ**
**၁၉၈၄-၁၉၉၁**

### ဝမ်းနည်းကြေကွဲခြင်း
### ဦးကျင်တုတ်
### အသက်(၈၆)နှစ်
ဦးသက်ဝင်း- ဒေါ်သီတာလွင်တို့၏ဖခင် ဦးကျင်တုတ် အသက်(၈၆) နှစ်သည် ၁၄-၂-၂၀၁၃ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၈၂-၁၉၈၈/၁၉၉၁ ဥပဒေ ကျောင်းသူ ကျောင်းသားဟောင်းများ**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
### ဒေါ်ကျုံ(ခ)ဒေါ်သန်းကျုံ (သုံးခွမြို့)
### အသက်(၉၀)
ရန်ကုန်မြို့၊အမှတ်(၄၂)၊၉၁လမ်း၊ကန်တော်ကလေး၊မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးသန်းမောင်)၏ဇနီး၊သုံးခွမြို့နေ (ဦးဘိုးဝင်း-ဒေါ်လှ)တို့၏သမီးကြီး၊ဦးဉာဏ်ခင်-ဒေါ်ခင်လေး၊ ဦးကျော်အောင်-ဒေါ်အုံးတင်၊(ဦးတင်အေး)-ဒေါ်အုံးကြည်တို့၏ အစ်မကြီး၊ (ဦးဝင်းသိန်း-ဒေါ်လှမြင့်)၊ဦးအုန်းမြ-ဒေါ်စီစီမြင့်၊ ဒေါ်စန်းစန်းမြင့် (U.S.A)၊ ဒေါက်တာဒေါ်ငွေငွေးမြင့်(ရူပဗေဒဌာန၊တပ်မတော်နည်းပညာတက္ကသိုလ်)၊ ဦးသန်းဆွေ-ဒေါ်သန်းသန်းဝင်းတို့၏မိခင်၊ဦးထွေးနိုင်(Value Healthcare )-ဒေါ်ချယ်ရီဝင်း၊Mr.Akihiro Kaneko-ဒေါ်သီရိဝင်း(Japan)၊ဦးမျိုးမြင့်ဝင်း (Singapore)-ဒေါ်သဇင်နွယ်၊မောင်ကျော်သူဝင်း (Singapore)၊ မခိုင်ညိုဝင်း (Japan )၊မောင်နေလင်းထိုက်-မလင်းနန္ဒာထွန်း၊မောင်မင်းသူရိန်ထွန်း၊မသင်းနေခြည်ထွန်း၊မောင်ပြည့်ဘုန်းဆွေ၊ မဝင်းပပအေးတို့၏အဘွား၊မြစ်ငါးယောက်တို့၏ ဘွားဘွားကြီးသည်၁၈-၂-၂၀၁၃ရက် နံနက်၁၀း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၃ရက် (သောကြာနေ့)မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

### ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယိကာမကြီး
### ဒေါ်စာနု
### (ကျောက်ပန်းတောင်း)
### အသက်(၈၃)နှစ်
ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီလီမိတက်မှ ဒါရိုက်တာ ဗိုလ်မှူးအောင်မြင့်(ငြိမ်း)-ဒေါ်တင်တင်နွယ်(အထက-၁၊ သဃ်န်းကျွန်း)တို့၏မိခင် ဒေါ်စာနုသည် ၁၇-၂-၂၀၁၃ ရက်(တနင်္ဂနွေနေ့)နံနက် ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယမန်နေဂျင်းဒါရိုက်တာ၊ ဒါရိုက်တာများနှင့် ဝန်ထမ်းများ**
**ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီ**

### ဝမ်းနည်းကြေကွဲခြင်း
### ဦးထွန်းအောင်စိုး(ခ)ဆရာစိုး
### အသက်(၆၅)နှစ်
ဦးထွန်းအောင်ကျော်(တရားလွှတ်တော်ရှေ့နေ)-ဒေါ်နွယ်နွယ်ရီ(လက်ထောက်ညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်)တို့၏ ညီမောင်၊ မနှင်းပွင့်ဖြူ (Sky Net ရပ်သံ)၏ဘထွေး၊ ဦးထွန်းအောင်စိုး(ခ)ဆရာစိုးသည် ၁၇-၂-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

| | | | |
|---|---|---|---|
| **ဦးတင်မြင့်** | **ဦးခင်ကျော်** | **ဦးမျိုးချစ်** | **ဦးဝင်းဖေ** |
| + | + | + | + |
| **ဒေါ်သန်းနု** | **ဒေါ်တင်တင်ဌေး** | **ဒေါ်မြင့်မြင့်** | **ဒေါ်ထွေးဖြူ** |

### အမှတ်၃၈၊ကျိတ်တန်းလမ်း၊ မန်ကျည်းတန်းမြောက်အရှေ့ရပ်ကွက်၊ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့ အိမ်မြေအရောင်းအဝယ်နှင့် ပတ်သက်၍ကန့်ကွက်နိုင်ကြောင်း
## အများသိစေရန်ကြေညာချက်
အထက်ဖော်ပြပါလိပ်စာဖြစ်သည့် ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၆အေ၊ မြေကွက်အမှတ် V ၁၈၇၊ ဧရိယာ ၀ ဒသမ ၀၂၉၈ဧကအကျယ်ရှိ နှစ်၆၀ဂရန်မြေ အမျိုးအစားမြေကွက်နှင့်အိမ်ကို လက်ရှိအမည်ပေါက်ပိုင်ဆိုင်သူများဖြစ်သည့် ဦးလှရွှေ ၁၂/ကမတ(နိုင်)၀၃၄၆၁၅၊ ဒေါ်နုနုရင် ၁၂/ကမတ(နိုင်)၀၃၄၃၇၄တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့် ပတ်သက်၍ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ခုနစ်ရက်အတွင်း စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါ အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်စောဦး(တရားလွှတ်တော်ရှေ့နေ) စဥ်-၆၇၀၂**
**အမှတ် ၅၆၁၊ MAC Tower၊**
**အခန်း ၃၀၂၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါသည်
ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ (၇)လမ်း၊ အိမ်အမှတ် ၅၃၁ဟုခေါ်တွင်သော နှစ်ခန်းတွဲ သုံးထပ်ခွဲတိုက်အဆောက်အအုံ၏ (အလျား ၁၂½ပေ×အနံပေ ၅၀)အကျယ်အဝန်းရှိမြေညီထပ် (ခြေရင်းခန်း) တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အားလုံးတို့ကိုတရားဝင်လက်ရှိပိုင်ဆိုင်ထားသူဦးသိန်းလှိုင် ၁၂/မရက (နိုင်)၁၂၆၈၂၃က တရားဝင်လွှဲပြောင်းရောင်းချမည်ဖြစ်ပါသည်။

အထက်ဖော်ပြပါတိုက်ခန်းရောင်းချခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါတိုက်ခန်းကို ဥပဒေနှင့်အညီ ရောင်းချရန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြလှဲ့ဝင်း LL.B, D.B.L (အထက်တန်းရှေ့နေ)**
**အမှတ် (၈၃)၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၁-၇၀၅၄၄၅၊ ၀၁-၉၆၆၉၀၀၄၊ ၀၉-၅၁၅၁၈၃၃**

## အများသိစေရန်ကြေညာခြင်း
ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းအနောက်ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ် ၃၈၆(က) ဟုခေါ်တွင်သော အလျား၃၁ပေ×အနံပေ၃၀အကျယ်အဝန်းရှိ ရေမီးအစုံအိမ်အပါအဝင် မြေကွက်နှင့် ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်လက်ရှိပိုင်ဆိုင်သူ ဒေါ်ဝင်းရီ ၁၂/အစန (နိုင်)၀၁၅၄၈၇ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးချေပြီးဖြစ်ပါသည်။ မည်သူမဆို အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ကြော်ငြာပါရှိပြီး ခုနစ်ရက်အတွင်း တရားဝင် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကြည်ကြည်ထွေး LL.B, D.B.L အထက်တန်းရှေ့နေ**
**အမှတ် ၁၆(ခ)၊ ရန်ကုန်လမ်း၊ ၆/၉ ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၇၃၀၉၂၀၆၃**

**ပျောက်ဆုံး**
ကျွန်တော်ဦးထွန်းမြင့် ၁၂/တမန(နိုင်)၀၈၃၆၈၀၏ 3/EC.OC အမှတ် ၂၆၉၄သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၃၁၁၄၅၃၂**

## ကျေးဇူးအထူးတင်ရှိပါကြောင်း
၁၅-၂-၂၀၁၃ ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားခဲ့သော (ဦးချိုချို) လ·ဝ·က (ကျိုက်လတ်)၏ဇနီး ကျွန်တော်/ကျွန်မတို့၏ချစ်လှစွာသောကျေးဇူးရှင်မိခင်ကြီး ဒေါ်သန်းဝေ(ခ) ဒေါ်သောင်းငွေ အသက်(၆၂)နှစ်၏ နာရေးကိစ္စအဝဝတွင် မအားလပ်သည့်ကြားမှ အချိန်ပေး၍ လူကိုယ်တိုင်လည်းကောင်း၊ ဖုန်းဖြင့်လည်းကောင်း၊ လွမ်းသူ့ပန်းခွေ၊ ပန်းခြင်းများပေးပို့၍လည်းကောင်း၊ ကွယ်လွန်သူအားရည်စူး၍ သင်္ကန်းပရိက္ခရာလှူဖွယ်အစုံစုံပေးပို့လှူဒါန်းကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ အဘက်ဘက်မှ စိတ်ရောကိုယ်ပါဝိုင်းဝန်းကူညီပံ့ပိုးဆောင်ရွက်ပေးခဲ့ကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ မိတ်ဆွေသူငယ်ချင်းများ၊ ကုမ္ပဏီများ၊ ကုမ္ပဏီအသီးသီးမှဝန်ထမ်းများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား ကျန်ရစ်သူမိသားစုမှ အထူးကျေးဇူးတင်ရှိပါသည်။ **ကျန်ရစ်သူမိသားစု**

**ကန့်ကွက်နိုင်ပါကြောင်း**
ဒဂုံမြောက်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်၃၅၊ မြေကွက်အမှတ် ၆၀၊ မြေကွက်တည်နေရာအမှတ် ၆၀၊ ခတ္တာလမ်း၊ ၃၅ရပ်ကွက်၊ ဒဂုံမြောက်ပိုင်းမြို့နယ် ဦးဘထွန်း AI-၁၁၅၀၃၃ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးဘထွန်း ကွယ်လွန်သဖြင့် ဒေါ်ခင်အုန်းမြင့် ၁၂/ပဘတ(နိုင်)၀၂၂၆၀၄က တစ်ဦးတည်းသောဇနီး တော်စပ်ကြောင်း ကတိသစ္စာပြုလွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ မြေတိုင်းရပ်ကွက်(ဉာဏ)မြေကွက် အမှတ် (၅၃၂-ဘီ)၊ ဂန္ဓမာလမ်း၊ အမှတ် ၁၆၂၊ အကျယ်အဝန်း ( $\frac{၇၀}{၇၂}$ ပေ× $\frac{၂၀၅}{၂၀၆}$ ပေ) ဒေါ်ခင်ခင်စိန်အမည်ပေါက် မြေချပါမစ် မြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ရန်
## ကြေညာခြင်း
အထက်လိပ်စာဖြစ်သည့် မြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ဆိုင်သူ ဒေါ်ခင်ခင်စိန် ၁၂/မရက(နိုင်)၀၃၃၂၅၅၏ ကိုယ်စားရောင်းချပိုင်ခွင့်ရရှိထားသူ ဦးရင်ကြည် ၇/ပခန(နိုင်)၀၃၆၉၀၁ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ယင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အဆိုပါမြေကွက် အရောင်းအဝယ်ကိစ္စကိုပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘူမောင် LL.B(စဥ်-၂၂၇၄၇)**
**လင်း အိမ်၊ ခြံ၊ မြေ၊ တိုက်ခန်း အကျိုးဆောင် အထက်တန်းရှေ့နေ**
**အမှတ် (၅/၁၁)၊ မြေညီ၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၁-၅၅၁၆၅၉၊ ၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၄၉၃၂၂၉၄၁**

### ဦးကျော်စွာထိုက်(ဘ)ဦးဘစိန်(ခ)ဦးနော်ဂူအီဆလင် (TME/036781)၊ ဦးစိုးနိုင်(ဘ)ဦးအောင်နိုင် (TRY-102005)တို့နှင့်
## အများသိစေရန်ကြေညာခြင်း
ကျွန်ုပ် ဦးမြင့်ဆွေ(ဘ)ဦးဘိုကြီး (မိမိပိုင်မြေပေါ်တွင်ကန်ထရိုက်တိုက်သစ် ဆောက်လုပ်ရန်) အတွက် ဦးကျော်စွာထိုက်(ဘ)ဦးဘစိန်(ခ)ဦးနော်ဂူအီဆလင် (TME/036781)၊ ဦးစိုးနိုင်(ဘ) ဦးအောင်နိုင် (TRY-102005)တို့အား ၂၉-၁၀-၂၀၁၂ ရက်တွင် အထွေထွေ ကိုယ်စားလှယ်လွှဲစာ အမှတ် ၁၇၃၉၁/၂၀၁၂ ဖြင့် ရန်ကုန်မြို့ မှတ်ပုံတင်စာချုပ်စာတမ်းရုံးတွင် လွှဲအပ်ခဲ့ပါသည်။

ယခုအခါ ကျွန်ုပ်ဦးမြင့်ဆွေနှင့် ဦးကျော်စွာထိုက်+ဦးစိုးနိုင်တို့ချုပ်ဆိုခဲ့သော နှစ်ဦးသဘောတူချုပ်ဆိုခဲ့သည့် နှစ်ဦးနှစ်ဖက်သဘောတူ ကန်ထရိုက်တိုက်သစ်ဆောက်လုပ်ခြင်းကတိစာချုပ်ကို နှစ်ဦးနှစ်ဖက်သဘောတူဖျက်သိမ်းခဲ့ပြီးဖြစ်ပါသဖြင့် ဦးကျော်စွာထိုက်နှင့် ဦးစိုးနိုင်တို့အား လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၇၃၉၁/၂၀၁၂ ကို ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းပါကြောင်း ဦးကျော်စွာထိုက်၊ ဦးစိုးနိုင်တို့နှင့် အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးမြင့်ဆွေ(ဘ)ဦးဘိုကြီး**
**၁၂/သဃက(နိုင်)၁၂၅၁၂၁**
**အမှတ် ၂၃၊ လွတ်လပ်ရေးလမ်း၊ (ခ)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ရန်ကုန်မြို့**

## (၄)နှစ်နှင့်(၅)လပြည့် သတိရအလွမ်း
### မောနွှေလကြာအိုင်လင်း
### အသက်(၁၁)လ
### (၁၃-၁၀-၂၀၀၇)-(၁၇-၉-၂၀၀၈)
**သမီးလေး မောနွှေလကြာအိုင်လင်း…**
၁၇-၂-၂၀၁၃ရက်ဆို မိသားစုကိုခွဲခွာသွားတာ တစ်ရက်၊ တစ်ပတ်၊ တစ်လ၊ တစ်နှစ်မှသည်(၄)နှစ်နှင့်(၅)လပြည့်ပြန်ပြီ…ယနေ့ထိတိုင်တစ်ရက်မှမေ့မရ သတိရ လွမ်းဆွတ်နေဆဲပါ… သမီးလေးရဲ့ ပုံရိပ်လေးတွေက မိသားစုရဲ့ရင်ထဲမှာ ထာဝရရှင်သန်ပြီး မေ့ပျောက်လို့မရနိုင်အောင်ရှိနေဆဲပါ…သမီးလေးအားအောက်မေ့သတိရလျက် အလှူဒါနတွေကို အမြဲမပြတ် လှူဒါန်းပေးနေဆဲပါ… ခံစားရရှိသူတိုင်း ပျော်ရွှင်နိုင်သလို… သမီးလေးလဲ ရောက်ရာကောင်းကင်ဘုံမှ ကျေနပ်ပျော်ရွှင်နိုင်ပါစေ…

**ကိုကို-ရှုံမွေလလင်း**
**ဖေဖေ-ဒံယေလလင်း**
**မေမေ-လီဗီဆပ်နိုင်ထန်း**
**i Love Myanmar Foundation**

# ကျော်ငြာ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးတင်မြင့်

(ဆွိုတီ အထက်တန်း ဟင်းမွှေးမဆလာ)

အသက်(၈၇)နှစ်

မုဒုံမြို့၊ မင်းတန်းရပ်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် ၁၆၀နေ (ဦးသိန်း-ဒေါ်ခင်စိန်)တို့၏သားကြီး၊ (ဒေါ်ရင်စိန်)၏ခင်ပွန်း၊ ဒေါ်မြကြူ၊ ဒေါ်ခင်အေးမူ၊ ဦးမြင့်ဇော်၊ ဒေါ်နီနီဝင်း၊ ဒေါ်စိန်မမ၊ ဦးမြတ်ဇော်တို့၏ဖခင်၊ မြေး ၃၄ယောက်၊ မြစ် ၂၄ယောက်တို့၏အဘိုးသည် ၁၉-၂-၂၀၁၃ရက် (အင်္ဂါနေ့) ည ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၂-၂၀၁၃ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် မုဒုံမြို့ မင်းတန်းရပ်နေအိမ်မှ ကန်ကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးကျော်ထွန်း

(ရေကျော်)

အသက်(၇၉)နှစ်

Captain လှသူ (PIL S'pore)-ဒေါ်ခင်ငွေးဝင်းတို့၏ဖခင် ဦးကျော်ထွန်းသည် ၁၉-၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

၁၉၈၁ ဘူမိဗေဒကျောင်းသားဟောင်းများ

---

ဝမ်းနည်းကြေကွဲခြင်း

## ဦးလေးခင်(ခ)ဦးစံဝင်း

(ဝင်းရတနာအောင် သဘော်ာဆေးဆိုင်)

အသက်(၇၈)နှစ်

ဒေါ်လှမြင့်၏ခင်ပွန်း ဝင်းရတနာအောင် သဘော်ာဆေးဆိုင်၏ ဖခင်ကြီး ဦးလေးခင်(ခ)ဦးစံဝင်းသည် ၁၆-၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

Peace Co., Ltd.

---

## ဒေါ်နီနီလှိုင် (ပုဇွန်တောင်၊ ရန်ကုန်)

အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အနော်ရထာလမ်း၊ အမှတ် ၉၇/၁၀၃၊ အခန်းအမှတ် ၃၀၅နေ ဦးမောင်မောင်-ဒေါ်ခင်လှိုင်တို့၏သမီးကြီး၊ ဦးမျိုးတင့် (မန်နေဂျာ၊ K&L Co., Ltd.)-ဒေါ်လှရီ၊ ဒေါ်အေးအေးခင်၊ ဦးဇော်ဝင်း(MPE သယ်ပို့)-ဒေါ်အေးအေးမော်၊ ဦးဇော်မင်း(MPE သယ်ပို့)-ဒေါ်ခင်မာဝင်း၊ ဒေါ်သန်းသန်းငွေးတို့၏အစ်မကြီး၊ မမေသဥ္ဇာအောင်(KBZ Bank, ဗိုလ်တထောင်)၊ ဒေါက်တာပြည့်စုံ(ဖေယျ-၃၇၊ ဖောင်ကြီး)၊ (မောင်ရန်ပိုင်မင်း)၊ မမြတ်ဖူးငုံခိုင် (KBZ Bank, ဗိုလ်တထောင်)၊ မယဉ်မင်းဦး(E/UFL)၊ မသိမ့်သီရိဇော်(Grade-XI၊ အထက-၃၊ ဗိုလ်တထောင်)၊ မောင်ကျော်မြတ်သူ(Grade -XI, အထက-၅၊ ဗိုလ်တထောင်)တို့၏ကြီးကြီးသည် ၁၈-၂-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့နံနက် ၁၀နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်မဥ္ဇူလှိုင်မင်း (ကျောင်းအုပ်ဆရာမကြီး)

လေးအိမ်ကျေးရွာ မူလတန်းကျောင်း-တွံတေးမြို့နယ်

အသက်(၃၁)နှစ်

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ကော့ကဒဲ့ကျေးရွာနေ (ဦးစိန်ငုံ-ဒေါ်မြအေး)၊ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ကံလှကျေးရွာနေ (ဦးစိုင်း-ဒေါ်သောင်း)တို့၏မြေး၊ ဦးထွန်းမောင်-(ဒေါ်နှင်းဆီ)၊ (ဦးဘိုကေ)-ဒေါ်မမိုး၊ ဦးခင်အောင်-ဒေါ်နှင်းကြည်၊ ဦးစိန်မြင့်-ဒေါ်မြင့်မြင့်သန်း၊ ဦးတင်မြင့်-ဒေါ်ညိုညိုဝင်း၊ ဦးတင်လှိုင်-ဒေါ်သန်းသန်းမြင့်၊ (ဦးအောင်ထွန်း)-ဒေါ်ယဉ်ကြည်၊ ဦးတင်မြိုင်-ဒေါ်ပပဝင်း၊ ဦးကျော်ဝင်းတင်-ဒေါ်ခင်ဝင်းရီ၊ ဦးစိန်ဝင်းတင်-ဒေါ်စန်းစန်းမြင့်တို့၏တူမ၊ ကိုဝဏ္ဏလှိုင်မင်း(စီးပွား/ကူးသန်းဝန်ကြီးရုံး)-မသန္တာစိုးတို့၏ညီမ၊ မောင်ရဲထွန်းလှိုင်မင်း (M.E.C တန် ၃၆၀)၏အစ်မ၊ မောင်ဉာဏ်ပြည့်ဟိဏ်း၊ မစုပြည့်လှိုင်မင်းတို့၏အန်တီ၊ ဦးစိန်လေး-ဒေါ်စန်းစန်းတို့၏သမီးသည်၁၆-၂-၂၀၁၃ရက်(စနေနေ့)မွန်းလွဲ ၁း၃၀နာရီတွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ၂၀-၂-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ကံလှကျေးရွာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၄-၂-၂၀၁၃ရက် (တနင်္ဂနွေနေ့)တွင် အမှတ် ၁၉၊ ကံလှကျေးရွာနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

(၂)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

## မောင်ကျော်မင်းခန့်(ခ)မောင်ဖိုးရှိုင်း (နေပြည်တော်)

သားလေးရေ…

အဖေ၊အမေနှင့် မမကြီးတို့ကို ခွဲခွာသွားတာ ၂၀-၂-၂၀၁၃ရက်မှာ (၂)နှစ်ပြည့်ခဲ့ပေမယ့်လည်း တစ်ရက်မှမေ့မရ သတိရလွမ်းဆွတ်နေခဲ့ရပါတယ်။ သားလေးကိုရည်စူးပြီး နေ့စဉ်၊ လစဉ် ကောင်းမှုအစုစုပြုပေးလျက်ပါကွယ်။

ပြုပြုသမျှ ကုသိုလ်ဒါနအစုစုတို့ကို မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ဆိုပါ သားလေးရယ်။

သားလေးရေ အမျှ-အမျှ-အမျှ…။

အဖေ၊ အမေနှင့် မမကြီးများ

---

## ဦးဝေဖြိုး(ခ)ဦးဝေလွင်ဇော်

AB, CDC No-24013

Skyline Co.,Ltd.

JSM-International Co.,Ltd.

အသက်(၄၂)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်၊ အမှတ် ၆၀၊ အိုးဘိုလမ်းနေ ဦးကြင်သိန်း-ဒေါ်တင်တင်ဝင်းတို့၏သားသမက်၊ (ဦးဇော်မြင့်)-ဒေါ်ခင်ချိုတို့၏သား၊ မောင်ကျော်သူရသိန်း - မဝင့်သန္တာဦးတို့၏အစ်ကိုကြီး၊ မဇင်သီတာဝင်း၏ခင်ပွန်း၊ မသံသာစုစံ၊ မောင်ဟန်သာထက်၏ဖခင်သည် ၂၀-၂-၂၀၁၃ရက် မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂-၂-၂၀၁၃ရက် (သောကြာနေ့)မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## ဒေါ်သက်သက်နိုင်

အသက်(၄၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၄၁)တိုးချဲ့ရပ်ကွက်၊ မဟာမြိုင်အိမ်ရာ၊ တိုက် ၁၄၊ အခန်း A-5 နေ ဦးဝင်းနိုင်-ဒေါ်ခင်သက်ဝေတို့၏ သမီးကြီး၊ (ဦးသာဝင်း)-ဒေါ်သောင်းသောင်းမြင့်တို့၏သမီးချွေးမ၊ ဦးတင်ထွန်းနိုင်-ဒေါ်နီလာ၊ ဦးဇော်မင်း-ဒေါ်လဲ့လဲ့နိုင်တို့၏အစ်မ၊ မောင်လင်းထက်အောင်၊ နန်းနေနီ၊ အိမ့်အိမ့်အောင်၊ မေသဉ်ကျော်တို့၏မိခင်၊ ဦးဇော်မင်းဦး၏ဇနီးသည် ၂၀-၂-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၃ရက်(သောကြာနေ့) ညနေ ၃း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများမွန်းလွဲ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်သန်းခင် (မြောင်)

အသက်(၉၇)နှစ်

မြောင်မြို့နေ(ဦးဖိုးငြိမ်း-ဒေါ်စောမြိုင်)တို့၏သမီးကြီး၊ မုံရွာမြို့နေ (ဒုတိယဗိုလ်မှူးကြီးအောင်ထွန်း)-ဒေါ်ညွန့်ညွန့်၊ မိတ္ထီလာမြို့နေ ဦးသန်းမြင့်-(ဒေါ်ခင်မြင့်အောင်)၊ မြောင်မြို့နေ (ဒေါ်ကြည်ကြည်)တို့၏အစ်မ၊ ဦးမြင့်(ကျောင်းဆရာကြီး၊ ငြိမ်း)၏ဇနီး၊ မန္တလေးမြို့၊ အကွက် ၅၄၂၊ တောင်ကျားလှျာဝင်းရပ်နေ (ဒေါ်ခင်မာမြင့်၊ အထက-၁၃)၊ ဦးမြင့်သန်း [အမှုဆောင်အင်ဂျင်နီယာ(က)၊ စက်မှုမြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ နေပြည်တော်]-ဒေါ်ခင်အေးမြင့်(ဘေဘီ) (အလပြ၊ အထက-၁၃၊ ငြိမ်း)တို့၏မိခင်ကြီး၊ မယမင်းမြင့်သန်း၊ ဒေါက်တာသူဇာမြင့်သန်းတို့၏အဘွားသည် ၁၈-၂-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၂-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသိပေးအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၂-၂-၂၀၁၃ရက် (သောကြာနေ့) နံနက် ၉နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်မြင့်မြင့်ဝင်း(ခ)ဒေါ်ဂရေစီ (ထားဝယ်)

အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်နေ ဦးဘရန်-ဒေါ်ဖြူတို့၏သမီး၊ ဦးအေးချစ်-ဒေါ်ရင်ရင်လှ၊ ဦးချစ်မြ-ဒေါ်စန်းစန်းမြင့်တို့၏အစ်မ၊ ထားဝယ်မြို့နေ (ဦးသောင်းရှိန် အမှတ်-၂၊ သတ္တုတွင်းဝန်ကြီးဌာန)၏ဇနီး၊ ထားဝယ်မြို့၊ အမှတ် ၂၉၈၊ မြသန္တာလမ်း၊ ဆင်ပုနစ်ရပ်နေ ကိုဝင်းရှိန်-မဘီဘီသိန်း(သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)၊ မဝင်းဝင်းသောင်း(အမှတ်-၂၊သတ္တုတွင်းဝန်ကြီးဌာန)၊ ကိုမြင့်ရှိန်-မဝါဝါမြင့်(အောင်ဟိန်းဗိုလ်ဝင်းကုမ္ပဏီ၊ထားဝယ်)၊ ရန်ကုန်မြို့၊ အမှတ် ၉၂၊ ရတနာမြိုင်လမ်း၊ ကမာရွတ်မြို့နယ်နေ မမြင့်မြင့်သောင်း (ဒဂုန်အင်တာနေရှင်နယ်လီမိတက်)တို့၏မိခင်၊ မောင်ကျော်မင်းသောင်း၊ မောင်ပြည့်ဖြိုးအောင်၊ မခိုင်နွယ်လင်း၊ မောင်မင်းခန့်နိုင်တို့၏အဘွားသည် ၂၀-၂-၂၀၁၃ရက် နံနက် ၆နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၃ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၆-၂-၂၀၁၃ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အမှတ် ၉၂၊ ရတနာမြိုင်လမ်း၊ (၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ကြည်ကြည် (သ/မဦးစီးမှူး၊ ငြိမ်း)

အသက်(၇၀)

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၇)အရှေ့ရပ်ကွက်၊ အောင်သပြေအနောက်၆လမ်း၊ အမှတ် ၄၅၅နေ (ဦးဖိုးဖေ-ဒေါ်ဖွားရှင်)တို့၏သမီး၊ (ဦးသိန်းမောင်-ဒေါ်ခင်ထိုက်)တို့၏သမီးချွေးမ၊ ဆရာဦးအေးလှိုင် (ရုပ်ရှင်လုပ်ငန်း၊ ငြိမ်း)၏ဇနီး၊ (မအိအိလှိုင်)၊ မောင်သန်းထွဋ်လှိုင်-မအေးနီလာ (လ/ထ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသန)၊ မောင်သိုက်ဇော်ဝင်း-မမိမိလှိုင်၊ မောင်အောင်စည်သူ၊ မသက်သက်လှိုင်တို့၏မိခင်၊မောင်သော်ဟိန်းနိုင်ဦး၊ မဖြူငြိမ်းသွယ်၊ မောင်အောင်သူရလှိုင်၊ မောင်စွမ်းရည်လင်း၊မမေသော်တာထွဋ်တို့၏အဘွားသည် ၂၀-၂-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၂း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၃ရက် (သောကြာနေ့)မွန်းလွဲ ၁၂း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## အထူးကျေးဇူးတင်ရှိခြင်း

၁၀-၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားခဲ့သော ဦးညွန့်ဟန်(သန်လျင်) B.Sc (Geology) (ဘရေ၊ ငြိမ်း) အသက်(၇၀)၏နာရေးကိစ္စအဝဝကို ဝိုင်းဝန်းကူညီပေးခဲ့သော သန်လျင်နာရေးကူညီမှုအသင်းမှ ပုဂ္ဂိုလ်များ၊ နာမကျန်းဖြစ်စဉ် ကူညီပေးသော ဆရာဝန်ကြီးများ၊ သူနာပြုဆရာမများ၊ (၆၈/၆၉/၇၀-Geology)မှ သူငယ်ချင်းများ၊ အထက(၁)သန်လျင် ကျောင်းသားဟောင်း သူငယ်ချင်းများ၊ အနယ်နယ်အရပ်ရပ်မှ ဝမ်းနည်းကြောင်းပေးပို့သူများ၊ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်ဆွေသင်္ဂဟများအားလုံးနှင့် အခြားကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးဝေဖြိုး

AB, CDC No-24013

Skyline Co., Ltd.

JSM.International Co.,Ltd.

အသက်(၄၂)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်၊ ဈေးကြီးလမ်း၊ဝင်းဂေဟာနေ(ဦးပါ-ဒေါ်ခင်ဝင်း)တို့၏မြေး၊ ဦးအေးကျော်-ဒေါ်ခင်သိန်းဝင်း(ငွေစက္ကူပုံနှိပ်တိုက်)၊ ဦးသန်းထွန်းအောင်၊ ဒေါ်ခင်အေးလွင် (Universe Marine Co., Ltd.)၊ (ဦးဇော်ဝင်း)-ဒေါ်ငွေးငွေးဝင်း(တောင်ကြီး)၊ ဦးအောင်ဝင်း (JSM Co., Ltd.) - ဒေါ်ခင်ဝေမာ၊ ဦးသန်းနိုင် - ဒေါ်ခင်ဆွေသန်းတို့၏တူ၊ (ဦးဇော်မြင့်) - ဒေါ်ခင်ချိုတို့၏သား၊ ကိုခိုင်ဇော်-မနန်းသင်းမော်ဦး၊ မအိအိဇော်၊ မခွာညိုဇော်၊ မောင်အာကာဇော်၊ ကိုဇေယျာဆယ်-မမြတ်မြတ်ဆု၊ ကိုအုပ်ကျော်ဇင်-မနန်းပြည့်ဖြိုးဟန်၊ မဝတ်ရည်သန်း၊ ကိုချမ်းအေးကို-မထက်ထက်အောင်၊ မသက်ဦးထက်၊ မောင်ဝေဇော်အောင်တို့၏အစ်ကိုကြီးသည် ၂၀-၂-၂၀၁၃ရက် မွန်းလွဲ ၁၂း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၃ရက်(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်လှညွန့် (မူဆယ်)

(ဦးအုန်းစိန်ဆေးတိုက်)

အသက်(၆၉)နှစ်

ရန်ကုန်မြို့၊လှိုင်မြို့နယ်၊(၁၀)ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ် ၁၇နေ (တရုတ်တိုင်းရင်းသမားတော်ကြီး ဦးအုန်းစိန်)၏ဇနီး၊ အမေရိကန်နိုင်ငံနေ ဦးမြင့်မောင်-ဒေါ်စုစုလှိုင်၊ ဦးသန်းထွေး(ခ) Victor Kyu Kee Wong- ဒေါ်ကြည်ကြည်ဝင်း (ခ) Lily Lichuan Wong၊ ဦးသက်လွင်(ခ)ကိုမိုး - ဒေါ်ကြည်ကြည်သင်း(ခ) ရွှေလီဝင်း၊ ရန်ကုန်မြို့နေ ဦးအုန်းခိုင်-ဒေါ်သန်းသန်းအေး၊ ဦးအုန်းနိုင်-ဒေါ်နီနီ (Toseva Timber Pte.Ltd.)တို့၏မိခင်၊ မြေး၁၀ယောက်တို့၏အဘွားသည် ၁၉-၂-၂၀၁၃ရက် (အင်္ဂါနေ့) ဒေသစံတော်ချိန် နံနက် ၄ နာရီတွင် အမေရိကန်နိုင်ငံ California ပြည်နယ်၊ Fremant မြို့တွင်ကွယ်လွန်သွားပါသဖြင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၅-၂-၂၀၁၃ရက် (တနင်္လာနေ့)တွင် အထက်ပါ လှိုင်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးသောင်းရွှေ

(အကျဉ်းဦးစီးဌာန၊ ငြိမ်း)

အသက်(၉၀)

ရန်ကုန်မြို့၊လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ သီရိ ၃လမ်း၊ အမှတ် ၁၂/A (ငါးလွှာ) နေ(ဦးထွန်းလင်း-ဒေါ်သဲမေ)တို့၏သား၊ ဦးကျော်ခိုင်-ဒေါ်ခင်သန်းမြင့်၊ ဦးချစ်လှိုင်-ဒေါ်ခင်လှမြင့်၊ ဦးဂျော်နီ၊ ဦးတင်ထွန်း-ဒေါ်အေးဟန်၊ ဦးမောင်မောင်ရွှေ၊ ဒေါ်မီမီရွှေ၊ ဦးတင်ဇော်-ဒေါ်သဇင်မော်တို့၏ဖခင်ကြီး၊ မြေးကိုးယောက်၊ မြစ်လေးယောက်တို့၏အဘိုး၊ ဒေါ်ကြည်ကြည်၏ခင်ပွန်းသည် ၁၉-၂-၂၀၁၃ရက် (အင်္ဂါနေ့)ညနေ ၆နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁-၂-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၁း၄၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး

## ဦးသန်းထွန်း (ဒီပဲယင်း)

B.S.I.E (U.S.A), B.L (R.U)

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

အသက်(၈၃)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမြို့နယ်၊ တောင်ပြင်ရပ်နေ (ကျောင်းအုပ်ဆရာကြီး ဦးဘိုးရှင်-ဒေါ်ချမ်းဖြူ)တို့၏သားကြီး၊(ဦးသန်းလွန်း)၊ဦးဘိုသောင်း-ဒေါ်အောင်ကြည်၊ ဦးအေးမောင်-ဒေါ်အုန်းမြင့်၊ ဒေါ်အုန်းတင့်-(ဦးကံထွန်း)၊ ဒေါ်အုန်းဆင့်-ဦးသိန်းသန်းအောင်၊ဦးဘိုမောင်း-(ဒေါ်ခင်ပြုံးရီ)တို့၏အစ်ကိုကြီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်စံပြရပ်ကွက်၊မေ့စိန္တာလမ်း၊ အမှတ် ၉၃ (ဒုတိယလွှာ)နေ ဒေါ်ထားရီ၏ခင်ပွန်း၊ မသွယ်သွယ်ထွန်း(ရဲတံခွန်ကုမ္ပဏီလီမိတက်)၏ဖခင်သည် ၁၆-၂-၂၀၁၃ရက် (စနေနေ့)ညနေ ၃း၅၄နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၈-၂-၂၀၁၃ရက် နံနက် ၉နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၂-၂-၂၀၁၃ရက် (သောကြာနေ့)နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါက်တာကျော်သီဟ

ဆေးရုံအုပ်(ငြိမ်း)

အသက်(၆၅)နှစ်

ရန်ကုန်မြို့နေ ဦးညီ-ဒေါ်တင်ရီတို့၏သား၊ ပဲခူးမြို့နေ ဦးထွန်းလှိုင်-ဒေါ်မြင့်စိန်တို့၏သားသမက်၊ ပဲခူးမြို့၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ လမ်းမတန်း၊ အမှတ် ၈/၃၄၇-D၊စကားဝါဆေးခန်းနေ မောင်ကျော်ထက်ဟိန်း (ရေကြောင်း သိပ္ပံ)၊ မောင်ကောင်းမြတ်ဇော်(Grade-10/A) (အထက-၅၊ ပဲခူး)တို့၏ဖခင်၊ ဒေါ်သီတာဦး၏ခင်ပွန်းသည် ၁၉-၂-၂၀၁၃ရက်တွင် အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့၊ အပိုလိုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် နယူးဒေလီဆေးရုံတွင် ကောင်းမွန်စွာ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၅-၂-၂၀၁၃ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဒေါ်အက်(စ်)ဒွယ်ထန်

အသက်(၆၃)နှစ်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နမ္မတူမြို့နယ်၊ ဟင်ဗုတ်ကျေးရွာနေ ဦးစွန်လွတ်တူး-ဒေါ်ဝဂျယ်လှတို့၏သမီးထွေး၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကြံခင်းစုရပ်ကွက်၊ သိဒ္ဓိလမ်း၊ အမှတ် ၅၀နေ ဦးကျော်စွာ-ဒေါ်နန်ဂရောင်တို့၏သမီးချွေးမ၊ စောလေးရှာတော-ဒေါက်တာအယ်(လ်)ဂျာအိန်၊ မောင်အယ်(လ်)ဇော်ခွန်၊ မအယ်(လ်)ဂျာထွယ်ဆန်တို့၏မိခင်၊ ဦးကျော်ဦး၏ဇနီးသည် ၁၉-၂-၂၀၁၃ရက် မွန်းလွဲ ၁၂း၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၁-၂-၂၀၁၃ရက် နံနက် ၉နာရီတွင် ရေဝေးခရစ်ယာန်သုသာန်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်နှင့် မြောက်ဥက္ကလာပ နှစ်ခြင်းအသင်းတော်၊စမ်းချောင်းကချင်နှစ်ခြင်းခရစ်ယာန်ဘုရားကျောင်း၊ အမှတ် ၄၀/B၊ ရွှေပြည်အေးလမ်း၊ ရန်ကုန်မှကားများ နံနက် ၇း၄၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဆရာတော် ဘဒ္ဒန္တဥတ္တရ မဟာထေရ်မြတ်

သက်တော်(၈၁)နှစ်၊ သိက္ခာတော်(၆၁)ဝါ

ဆုတောင်းပြည့်မယ်လမုစေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ မြောက်ဥက္ကလာပမြို့နယ် အထွေထွေရောဂါကုဆေးရုံ၊ သံဃာ့ဆေးကုသဆောင် ဩဝါဒါစရိယ၊ ရွှေဘုံသာကျောင်း၊ကျော်ဇေယျကျောင်း၊ကံနန်းကျောင်းနှင့်ဇရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ခလောက်ပုံကျေးရွာ၊ ရွှေဘုံသာကျောင်းတို့၏ ဦးစီးပဓာနနာယက၊ ဂန္ထဝါစကပဏ္ဍိတ၊ မဟာသဒ္ဓမ္မဇောတိကဓဇ၊ သာသနဓဇဓမ္မာစရိယ၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ ဘုန်းကြီးလမ်း၊ အာသာဝတီကျောင်းတိုက် ရွှေဘုံသာကျောင်းဆရာတော် ဘဒ္ဒန္တဥတ္တရ မဟာထေရ်မြတ်သည် (၁၃၇၄ခုနှစ် တပို့တွဲလဆန်း ၁၀ရက်) ၂၀-၂-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၅း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပြီဖြစ်ပါ၍ (၁၃၇၄ခုနှစ် တပို့တွဲလပြည့်ကျော် ၃ရက်) ၂၈-၂-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရွှေဘုံသာကျောင်း၌ အန္တိမဈာပနသာဓုကီဠနပူဇာသဘင် အခမ်းအနားကို ဆင်ယင်ကျင်းပပြီးလျှင် ရေဝေးသုသာန်သို့ပို့ဆောင်၍ အန္တိမဈာပန ပူဇော်မှုကို ပြုလုပ်မည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးနှိုးဆော်အပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တပဏ္ဍိစ္စ မဟာထေရ် (နတ်မောက်၊ ကုန်းစောင်းရွာ)

သာသနဓဇဓမ္မာစရိယ

တိုင်းမြို့နယ်၊ ဝိနည်းဓိုရ်

ဓမ္မာလင်္ကာရကျောင်း

သက်တော်(၈၀)၊ သိက္ခာတော်(၆၀)

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁၂)ရပ်ကွက်၊ သရက်တောကျောင်းတိုက်၊ ဓမ္မာလင်္ကာရကျောင်း ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စသည် (၁၃၇၄ ခုနှစ် တပို့တွဲလဆန်း ၉ရက်) ၁၉-၂-၂၀၁၃ရက် (အင်္ဂါနေ့) ညနေ ၄နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို(၁၃၇၄ခုနှစ် တပို့တွဲလဆန်း ၁၁ရက်) ၂၁-၂-၂၀၁၃ရက်(ကြာသပတေးနေ့)တွင် သရက်တောကျောင်း ဓမ္မာလင်္ကာရကျောင်းတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (ကျောင်းတိုက်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

တပည့်ဒါယကာ၊ ဒါယိကာမများ

---

## ဦးဝေဖြိုး(ခ)ဦးဝေလွင်ဇော်

A/B, CDC No-24013

JSM-Int, Co., Ltd.

အသက်(၄၂)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်၊ ဈေးကြီးလမ်းနေ (ဦးပါ-ဒေါ်ခင်ဝင်း)၊ သင်္ကန်းပရိက္ခရာကုန်သည်ကြီး (ဦးကျော်ရွှေ-ဒေါ်သန်းအေး)တို့၏မြေးဦး၊ (ဦးဇော်မြင့်)-ဒေါ်ခင်ချိုတို့၏သားကြီး၊ ဦးကြင်သိန်း - ဒေါ်တင်တင်ဝင်းတို့၏ သားသမက်၊(ဦးသန်းဝင်း)-ဒေါ်ခင်စုစုကျော် (ကြည့်မြင်တိုင်ညဈေး၊သင်္ကန်းဆိုင်)၏တူလေး၊ မောင်ဉာဏ်ထွန်း-မမေအုန်းဇော်၊ မခင်ဆွေမြင့်ဇော်(ခ)ဆုံဆုံ(ဦးစီးမှူး၊ မြို့ပြ၊ အမှတ်-၃၊ တည်ဆောက်ရေး၊ ရေအားလျှပ်စစ်၊ တောင်ငူ)၊ မောင်ရှုဝံကို - မသန့်သန့်စုကျော် (ခေတ္တ-စင်ကာပူ)၊ ဒုရဲအုပ်အောင်သီဟကျော်-မစိုးယုယုအေး (မုဒုံ ပြည်သူ့ရဲစခန်း)၊ မအိမြတ်နိုးကျော်တို့၏အစ်ကိုကြီး၊ မဇင်သီတာဝင်း၏ခင်ပွန်း၊မသံသာစုစံ၊ မောင်ဟန်သာထက်တို့၏ဖခင်သည် ၂၀-၂-၂၀၁၃ရက် နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၃ရက်(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

## ဦးချို(ခ)

## မိုဟာမက်ယူနွတ်စ်

B.Sc RA. RL

အကောက်ခွန်ဒီပလိုမာ

လ/ထတိုင်းစာရင်းစစ်အရာရှိ(ငြိမ်း)

စစ်ကိုင်းတိုင်းဒေသကြီးစာရင်းရုံး

အသက်(၇၆)နှစ်

တာမွေမြို့နယ်၊ ဗလီကြီးရပ်ကွက်၊ အမှတ် ၁၀၊ Aလမ်းနေ (ဦးလွန်းမောင်-ဒေါ်အမာ)တို့၏သား၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၈)ရပ်ကွက်၊ အောင်ရတနာ ၂လမ်း၊ အမှတ် ၂၀နေ ဒေါ်အေးသိန်း၏ခင်ပွန်း၊ ဒေါ်ခင်ရီ (ဗိသုကာ သ/မ)၊ ဦးခင်သိန်း-ဒေါ်ခင်ကြည်(ခ)ဒေါ်ချို(တာမွေဈေး)၊ ဦးကိုကိုဝင်း-ဒေါ်ခင်သီတာသိန်း၊ ဦးထွန်းထွန်း-ဒေါ်မင်းမင်းတို့၏ဦးလေး၊ မြေး ၁၄ယောက်တို့၏အဘိုးသည် ၁၄-၂-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၁၅-၂-၂၀၁၃ရက် (သောကြာနေ့) ဂျုမ္မနမာဇ်အပြီးတွင် ရေဝေးကဘာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိသင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ကျောက်တံခါးမြို့နယ်အသင်း(ရန်ကုန်)

## ဦးဝေဖြိုး(ခ)ဦးဝေလွင်ဇော်

AB, CDC No-24013

JSM, Skyline Co., Ltd.

International Co.,Ltd.

အသက်(၄၂)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်၊ အိုးဘိုလမ်း၊ အမှတ် ၆၀နေ ဦးကြင်သိန်း-ဒေါ်တင်တင်ဝင်းတို့၏သားသမက်၊ မဇင်သီတာဝင်း၏ခင်ပွန်း၊ မောင်ကျော်သူရသိန်း-မဝင်းသန္တာဦးတို့၏အစ်ကို၊ မသံသာစုစံ၊ မောင်ဟန်သာထက်တို့၏ဖခင်သည် ၂၀-၂-၂၀၁၃ရက် နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၃ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

အလုပ်အမှုဆောင်အဖွဲ့

---

## ဦးမျိုးမြင့်အောင်

(မအူပင်မြို့)

AGTI (CIVIL)

၁၉၈၆ မော်လမြိုင်-အင်းစိန်

အသက်(၄၄)နှစ်

ပြွန်တန်ဆာမြို့နေ (ဦးစိန်မောင်-ဒေါ်သိန်း)၊ မအူပင်မြို့နေ (ဦးစောမောင်-ဒေါ်တင်ကြွေ)တို့၏မြေး၊ အမှတ် ၃၉၊ ဈေးလမ်း၊(၃)ရပ်ကွက်၊ မအူပင်မြို့နေ ဦးတိုးမြင့်-ဒေါ်လှမြင့်တို့၏သားကြီး၊ ဦးဖုန်းမြင့်အောင်-ဒေါ်ခိုင်ခိုင်မော်၊(ဦးနိုင်ထွန်းအောင်)၊ ဦးကြည်လွင်-ဒေါ်မြတ်မြတ်အောင်၊ (ဦးမောင်မောင်အေး)-ဒေါ်ဥမ္မာမြင့်အောင်တို့၏အစ်ကို၊ တူ၊ တူမ ငါးယောက်တို့၏ဘကြီးသည် ၂၀-၂-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၇း၄၅နာရီတွင် မအူပင်မြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၃ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် မအူပင်မြို့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt@gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R /488

**ပြည်သူ့လွှတ်တော်အစည်းအဝေး**

# ဥပဒေကြမ်းအတည်ပြုခြင်းကဏ္ဍ၌ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေကြမ်းကို အတည်ပြု

နေပြည်တော် ဖေဖော်ဝါရီ ၂၀

**ယနေ့ ပြည်သူ့လွှတ်တော်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို အစီအစဉ်(၈)ခုဖြင့် ဆောင်ရွက်ခဲ့ပြီး မေးခွန်း (၆)ခု မေးမြန်းဖြေကြားခြင်းနှင့် ဥပဒေကြမ်း (၁)ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။**

**မေးမြန်းဖြေကြားခြင်းကဏ္ဍ**၌ စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်ညို၏ **မြန်မာနိုင်ငံတွင် သမိုင်းဝင်ကုလား သို့မဟုတ် ဘင်္ဂါလီရှိသည်ကို အသိအမှတ်ပြုခြင်းရှိ/မရှိ သိရှိလိုကြောင်း** မေးမြန်းချက်အပေါ် မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများဖြစ်သော အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့နှင့် ကုန်းမြေနယ်နိမိတ်ချင်း ထိစပ်လျက်ရှိသဖြင့် ရှေးပဝေသဏီကာလကပင် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ကူးလူးသွားလာဆက်ဆံမှုများရှိခဲ့ရာ အိန္ဒိယနိုင်ငံဘက်မှ ကူးလာသူများကို "ကုလား" လူမျိုးဟူ၍လည်းကောင်း၊ ဥရောပတိုက်မှ ပြောင်းရွှေ့လာကြသည့် အင်္ဂလိပ်လူမျိုးများအား "ကုလားဖြူ" ဟူ၍ လည်းကောင်း ခေါ်ဆိုခဲ့ကြသည်ကို သိရှိရပါကြောင်းဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက ပြန်လည်ဖြေကြားခဲ့သည်။

ထို့ပြင် ဒုတိယဝန်ကြီးက ခရစ်သက္ကရာဇ် ၁၈၂၄ ခုနှစ်တွင် အင်္ဂလိပ်-မြန်မာ ပထမအကြိမ်စစ်ပွဲဖြစ်ပွားခဲ့ပြီးနောက် မြန်မာနိုင်ငံ၏ ပိုင်နက်ဖြစ်သော ရခိုင်ပြည်နယ်နှင့် တနင်္သာရီဒေသတို့ အင်္ဂလိပ်ကိုလိုနီ လက်အောက်သို့ ကျရောက်ခဲ့သည်မှစ၍ ရခိုင်နှင့်တနင်္သာရီဒေသများကို အိန္ဒိယနိုင်ငံ၏ အစိတ်အပိုင်းတစ်ခုအဖြစ် ထည့်သွင်းအုပ်ချုပ်ခြင်းခံခဲ့ရပြီး ဆက်လက်၍ ရခိုင်ဒေသအား

*စာမျက်နှာ ၇ ကော်လံ ၁* ◆

**ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးကျင်းပစဉ်။** (သတင်းစဉ်)

**အမျိုးသားလွှတ်တော်အစည်းအဝေး**

# မြန်မာနိုင်ငံသည် ယနေ့ ကမ္ဘာပေါ်တွင် စိတ်ဝင်စားမှု၊ အာရုံစူးစိုက်မှု အခံရဆုံး နိုင်ငံဖြစ်လာ

နေပြည်တော် ဖေဖော်ဝါရီ ၂၀

**ပထမအကြိမ်အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ယနေ့တွင် အစီအစဉ် (၁၅)ခုဖြင့် ကျင်းပသည်။**

အစည်းအဝေး၌ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးစိုးမြင့်က **ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရာတွင် ယင်းဥပဒေကြမ်းအား လေ့လာစိစစ်ရာ ဤဥပဒေကြမ်း အပိုဒ် ၄ တွင် ဖော်ပြထားသည့် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေပုဒ်မ(၁၀)အား ပုဒ်မ ၁၀ အဖြစ် ကွင်းစကွင်းပိတ်နုတ်ပယ်၍ ဥပဒေရေးထုံးနှင့် ညီညွတ်စေရန် ပြင်ဆင်သင့်ပါကြောင်း၊ ထို့ပြင် ပုဒ်မ ၁၀၊ ပုဒ်မခွဲ(ခ)တွင် "ပုဒ်မခွဲ (ဈ)၊ (ည)၊ (ဋ)၊(ဌ)၊ (ဍ)၊ (ဎ)၊ (ဏ)၊ (တ) နှင့် (ထ) တို့ကို ပုဒ်မခွဲ(ဇ)၊ (ဈ)၊ (ည)၊ (ဋ)၊ (ဌ)၊ (ဍ)၊ (ဎ)၊ (ဏ) နှင့် (တ) တို့အဖြစ် ပြောင်းလဲသတ်မှတ်ရမည်။"ဟူသော စာသားအား "ပုဒ်မခွဲ(ဈ)၊ (ည)၊ (ဋ)၊ (ဌ)၊ (ဍ)၊ (ဎ)၊ (ဏ)၊ (တ) နှင့် (ထ) တို့ကို ပုဒ်မခွဲ(ဇ)၊ (ဈ)၊ (ည)၊ (ဋ)၊ (ဌ)၊ (ဍ)၊ (ဎ)၊ (ဏ) နှင့် (တ) တို့အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်" ဟု ဥပဒေရေးထုံးနှင့် ညီညွတ်စေရန် ပြင်ဆင်သင့်သည်ဟု တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ဤဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းပြီး ပြင်ဆင်ဖြည့်စွက်ထားခြင်းဖြစ်၍ ဤဥပဒေကြမ်းကို

*စာမျက်နှာ ၇ ကော်လံ ၁* ▲

**ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဆက်လက်ကျင်းပစဉ်။** (သတင်းစဉ်)

# မြန်မာ့ဆန်များပြည်ပသို့ပိုမိုတင်ပို့နိုင်မည်

**မောင်သစ္စာ-ရေးသည်**

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

မြန်မာနိုင်ငံမှ ဆန်များပြည်ပနိုင်ငံများသို့ ပိုမိုတင်ပို့နိုင်ရေးကြိုးစားလျက်ရှိရာ ပေါင်းဆန်များကိုလည်း ပိုမိုတင်ပို့နိုင်ရန် ပြည်ပမှဆန်စက်သုံးလုံးဝယ်ယူထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပေါင်းဆန်များကို အဆိုပါစက်များက တစ်နေ့လျှင်တန် ၁၅၀ နှင့် တန် ၂၀၀အထိ ထုတ်လုပ်နိုင်သည့် စက်များဖြစ်ပြီး အိန္ဒိယမှ မှာယူတင်သွင်းခြင်းဖြစ်သည်။ မြန်မာနိုင်ငံမှ ပေါင်းဆန်များကို ယခင်က ရုရှားနိုင်ငံသို့တင်ပို့နေရာ ယခုအခါ အခြားပြည်ပနိုင်ငံအချို့ကလည်း မှာယူသူများရှိနေသည်။

မြန်မာနိုင်ငံမှ ဆန်များကို ဂျပန်၊ တောင်ကိုရီးယားနှင့် အင်ဒိုနီးရှားနိုင်ငံတို့အပြင် စင်ကာပူ၊ ဩစတြေးလျနှင့် တရုတ်နိုင်ငံများသို့လည်း တင်ပို့နိုင်ရေး ကြိုးစားလျက်ရှိသည်။ မြန်မာနိုင်ငံမှ ဆန်များကို အင်ဒိုနီးရှားနိုင်ငံသို့ ဆန်တန်ချိန် ၅၀၀၀၀၀ ခန့် တင်ပို့နိုင်ရေးကြိုးစားလျက်ရှိသည်။

မြန်မာနိုင်ငံသည် လာမည့်မတ်လတွင် ကုန်ဆုံးမည့် ၂၀၁၂-၂၀၁၃ ခုနှစ်ကာလအတွင်း ပြည်ပသို့ ဆန်တန်ချိန် ၁ ဒသမ ၅ သန်းခန့် တင်ပို့နိုင်မည်ဟု မျှော်မှန်းထားသည်။ ထိုသို့ ဆန်တန်ချိန်များ တင်ပို့နိုင်ပါက မြန်မာနိုင်ငံသည် ၄၆ နှစ်အတွင်း ပြည်ပသို့ ဆန်တန်ချိန်အများဆုံး တင်ပို့နိုင်မည်ဖြစ်သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၂-၂၀၁၃ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း မြန်မာ့ဆန်များ ပြည်ပသို့ တင်ပို့ရောင်းချရမှုမှ အမေရိကန်ဒေါ်လာ သန်း ၆၀၀ ကျော် ရရှိနိုင်မည်ဟု ခန့်မှန်းထားသည်။

မြန်မာ့ဆန်များသည် ပြည်ပဈေးကွက်၌ ဈေးကောင်းရရှိရန်အရည်အသွေးကောင်းမွန်ရန်လိုအပ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ **(မြန်မာ့အလင်း)**

**ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ**

**ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာ အချပ်ပို လေးမျက်နှာ ပါရှိပါသည်။**